# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက် | ၂၀၂၁ ခုနှစ်၊ ဧပြီ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၀၇)


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)

# ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေစာရင်းသို့ အလှူငွေ လှူဒါန်းသည့်အခမ်းအနားကျင်းပ





ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ကိုဗစ်- ၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစာရင်းသို့ လှူဒါန်းသည့်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
သတင်းစဉ်

**နေပြည်တော် ဧပြီ ၂၇**

ကိုဗစ်- ၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစာရင်းသို့ လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ကိုဗစ်- ၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဆပ်ကော်မတီ အဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ငွေကျပ်သိန်း ၁၀၀၀ နှင့်အထက် အလှူရှင်ငါးဦး၊ ငွေကျပ်သိန်း ၁၀၀ အလှူရှင်နှစ်ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်တစ်ဦးက လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ကိုဗစ်- ၁၉ ကာကွယ်ဆေး ဝယ်ယူရရှိနိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ကိုဗစ်- ၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID- 19 Vaccination Fund)ကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၌ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ခဲ့ပါကြောင်း၊ ရန်ပုံငွေထူထောင်ရသည့် ရည်ရွယ်ချက်မှာ ပြည်သူအားလုံးအတွက် ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို လျင်မြန်စွာနှင့် လုံလောက်စွာဝယ်ယူရရှိပြီး ထိရောက်စွာ အသုံးပြုနိုင်ရန် ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ မတည်ရန်ပုံငွေအဖြစ် ငွေကျပ်သန်း ၁၀၀၀ နှင့် အမေရိကန်ဒေါ်လာသန်း ၂၅၀ ထည့်ဝင်ခဲ့ပါကြောင်း၊ ရန်ပုံငွေအား စနစ်တကျ သုံးစွဲနိုင်ရေးနှင့် စာရင်းများ စနစ်တကျ ထိန်းသိမ်းထားရှိနိုင်ရေး အတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## မြန်မာနိုင်ငံတော် ဗဟိုဘဏ် သတင်းထုတ်ပြန်ချက်

**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်**

၁။ ယခုအချိန် နိုင်ငံအတွင်း ဒေသအချို့တွင် ဆူပူအကြမ်းဖက်မှု အနည်းငယ်ဖြစ်ပေါ်နေမှုများကြောင့် ပြည်သူများအနေဖြင့် လက်ဝယ်ရှိ ငွေသားလုံခြုံမှုအတွက် စိုးရိမ်ပူပန်စိတ်များ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။

၂။ ပြည်သူများအနေဖြင့် လက်ဝယ်ရှိ ငွေသားများကို လုံခြုံမှုအတွက် ဘဏ်များတွင် အပ်နှံလိုပါက အထူးကိစ္စရပ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်နေ့မှစပြီး ဘဏ်များတွင် ဘဏ်စာရင်းအသစ်များ ဖွင့်လှစ်၍ ငွေသား အပ်နှံထည့်သွင်းခွင့်ပြုမည်ဖြစ်ပြီး၊ ထိုစာရင်းအသစ်မှ ငွေသား ပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်နေ့မတိုင်မီ ဘဏ်များတွင် စာရင်းဖွင့်လှစ်ထားသူများ အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မူလ ငွေထုတ်ကန့်သတ်ချက်များအတိုင်း ငွေသားများ ဆက်လက် ထုတ်ယူခွင့်ပြုမည်ဖြစ်ပြီး၊ အဆိုပါ ငွေထုတ်ကန့်သတ်ချက်များကိုလည်း ဖြေလျှော့ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## လေလှိုင်းကနေ တရားဝင်အစိုးရဖြစ်ချင်တဲ့ အိပ်မက်က နိုးထသင့်ပြီ

ဆောင်းပါး၊ စာ- ၆

## မြို့နယ်များရှိ နေရာအသီးသီး၌ ဆူပူအကြမ်းဖက်သူများရေးခြယ်ထားသော စာသားများ ရှင်းလင်း

ပြည်တွင်းသတင်း၊ စာ - ၉

## ကမ္ဘောဒီးယားနိုင်ငံသည် ကိုဗစ်-၁၉ မျိုးစိတ်သစ်ကူးစက်ဖြစ်ပွားမှုကို တားဆီးရန် အိန္ဒိယနိုင်ငံမှ ခရီးသွားများကို ကန့်သတ်တားမြစ်

နိုင်ငံတကာသတင်း၊ စာ- ၁၄

## မန္တလေးမြို့တွင် နေ့အပူချိန်များမြင့်တက်မှုနှင့်အတူ ဧပြီလနောက်ဆုံးပတ်မှ မေလဆန်းအတွင်း ထစ်ချုန်းမိုးများရွာသွန်းနိုင်

**နေပြည်တော် ဧပြီ ၂၇**

မန္တလေးမြို့တွင် ယခုနှစ်ဧပြီလအတွင်း နေ့အပူချိန်များ မြင့်တက်မှုနှင့်အတူ မိုးတိမ်တောင်များ ဖြစ်ပေါ်မှုကြောင့် ဧပြီနောက်ဆုံးပတ်မှ မေလဆန်းအထိ ရက်သတ္တပတ်တာကာလအတွင်း စုစုပေါင်း မိုးရေချိန် သုံးလက်မခန့်အထိ ထစ်ချုန်းမိုးများ ရွာသွန်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ) မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောကြားသည်။

မန္တလေးမြို့တွင် နှစ်စဉ် ဧပြီလအတွင်းဖြစ်ပေါ်ခဲ့သည့် နေ့အပူချိန်မှာ ပုံမှန်အားဖြင့် ၃၈ ဒသမ ၉ ဒီဂရီစင်တီဂရိတ်အထိသာ ရှိခဲ့သော်လည်း ယခုနှစ်တွင် နေ့အပူချိန်များမှာ ဧပြီ ၂၁ ရက်မှ၂၆ ရက်အထိ နေ့စဉ် ၄၀ ဒီဂရီစင်တီဂရိတ်အထက်တွင် ရှိနေသည့်အပြင် ဧပြီ ၂၂ ရက်တွင် ၄၂ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်းနှင့် လာမည့် မေလအတွင်း၌လည်း နေ့အပူချိန်များမှာ မန္တလေးမြို့၏ နှစ်စဉ် မေလအတွင်း ပုံမှန်ဖြစ်ပေါ်ခဲ့သည့် နေ့အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်ထက် ပိုမိုမြင့်တက်နိုင်ကြောင်း သိရသည်။

"မန္တလေးမြို့ရဲ့ ဧပြီလမှာ ရောက်ရှိခဲ့တဲ့ပုံမှန်နေ့အပူချိန်တွေက အမြင့်ဆုံး ၃၉ ဒီဂရီစင်တီဂရိတ်အထိပဲရှိခဲ့ပေမယ့် ဒီနှစ်ဧပြီလအတွင်းမှာတော့ ၂၆ ရက်နေ့မှာ ၄၁ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိခဲ့ပြီး ဧပြီ ၂၂ ရက်နေ့မှာလည်း ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့တယ်။ မန္တလေးမြို့ရဲ့ အမြင့်ဆုံးအပူချိန်က ၂၀၁၀ ပြည့်နှစ်မှာ ၄၄ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိခဲ့ဖူးပါတယ်။ ဒီလို အပူချိန်မြင့်မားမှုတွေကို သက်ဆိုင်ရာဌာနတွေရဲ့ အပူဒဏ်ကာကွယ်ရေးနဲ့ပတ်သက်တဲ့ အကြံပေးနှိုးဆော်ချက်တွေကို လိုက်နာသင့်တဲ့အပြင် အပူချိန်မြင့်မားမှုကြောင့် မွန်းလွဲပိုင်းနဲ့ ညနေပိုင်းတွေမှာ မိုးတိမ်တောင်တွေ ဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ နေရာကွက်ပြီး မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနဲ့ မိုးသီးကြွေခြင်း အန္တရာယ်တွေကို သတိပြုသင့်တယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှ ၂၀၂၁ ခုနှစ် မတ်လအထိ ကာလအတွင်း ပြင်ဦးလွင်၊ ရမည်းသင်း၊ မိတ္ထီလာ၊ မြင်းခြံနှင့် ညောင်ဦးခရိုင်များ၌ မိုးခေါင်မှုများ သိသာစွာဖြစ်ပေါ်ခဲ့ကြောင်းနှင့် မန္တလေးမြို့တွင် ၂၀၂၁ ခုနှစ် ဧပြီလ ၁၃ ရက်၌ ပထမဆုံး မိုးရွာသွန်းခဲ့ပြီး မိုးရေချိန် ၂ ဒသမ ၅၂ လက်မအထိ ရွာသွန်းခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မြန်မာ့အလင်း

## နိုင်ငံ့ဝန်ထမ်း တာဝန်များ ပြန်လည်ထမ်းဆောင်နိုင်မည့် အခွင့်အလမ်း

CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသဖြင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ် နိုင်ငံ့တာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေး စဉ်းစားသုံးသပ်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းပေါ်ထွက်လာပြီဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် CDM တွင် ပါဝင်ခဲ့ကြသည့် ဝန်ထမ်းများအနက် အချို့သည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် အရေးယူခံခဲ့ကြရပြီး ဝန်ထမ်းအချို့မှာမူ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခံထားကြရခြင်းဖြစ်သည်။ ၎င်းတို့ ကျူးလွန်ခဲ့သည့် ဥပဒေနှင့်ငြိစွန်းသောအပြုအမူများအလိုက် ဥပဒေနှင့်အညီ အရေးယူခံကြရခြင်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများ CDM လှုပ်ရှားမှုတွင် ပါဝင်လာရေးအတွက် စည်းရုံးခြင်း၊ ဆွဲဆောင်ခြင်း၊ ဖိအားပေးခြင်း၊ အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည့်နည်းလမ်းအမျိုးမျိုးတို့ဖြင့် နိုင်ငံပျက်စီးရာပျက်စီးကြောင်းကို စိတ်ရောကိုယ်ပါ ကြံစည်ကျူးလွန်နေကြသည့် အဖျက်အမှောင့်သမားတို့၏ လုပ်ရပ်များကြောင့် အယုံလွယ်သူ၊ စိတ်လှုပ်ရှားလွယ်သူ၊ စဉ်းစားဆင်ခြင်မှုအားနည်းသူ ဝန်ထမ်းအချို့ CDM လှုပ်ရှားမှုတွင် ပါဝင်သွားခဲ့ကြသည်။ ဖေ့စ်ဘုတ်ပေါ်မှ ဝန်ကြီးဟုဆိုသူများက ထုတ်ပြန်သည်ဆိုသည့် အာဏာရှင်လေသံပါသည့် အမိန့်ပုံစံ၊ ညွှန်ကြားချက်ပုံစံစာများကို ယုံကြည်ကြသူများ၊ နိုင်ငံတကာမှ စစ်တပ်များ ဝင်ရောက်လာပြီး လေထဲတွင် ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့ အာဏာရလာပါက CDM မလုပ်ဘဲ ဆက်လက်တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများကို ထိထိရောက်ရောက် အရေးယူအပြစ်ပေးမည်ဆိုသော ဖေ့စ်ဘုတ်ပေါ်မှ အရေးအသားများကို ယုံမှတ်ကာ မိမိတို့၏ နိုင်ငံ့ဝန်ထမ်းဘဝကို ပုံအပ်လိုက်ကြသူများ၊ မည်သည့်ဌာနမှ မည်သည့်အဆင့်ရှိသည့် အရာရှိကြီးများ CDM လှုပ်ရှားမှုတွင် ခိုလှုံလာပြီဟူသည့် အလံရှူးစကားကို ယုံစားကြသူများ၊ CDM လှုပ်ရှားမှုတွင် မပါဝင်ပါက နောင်လာနောက်သားမျိုးဆက်သစ်များကို ရှက်စရာဖြစ်မည်ဟူသော တွန်းပို့မှုကို မလွန်ဆန်နိုင်ခဲ့သူများ၊ CDM လှုပ်ရှားသူကို အရေးယူ၍မရ ဟူသော ချောက်တွန်းသည့်စကားကို အမှန်ထင်ခဲ့သည့် ဗဟုသုတချို့တဲ့သူများ တစ်လမှ နှစ်လ၊ နှစ်လမှ သုံးလခန့်ရှိလာပြီဖြစ်သည့်အခါ အခြေအနေအမှန်ကို ကွဲကွဲပြားပြား သိသူများလည်း သိလာကြပြီဖြစ်သည်။

မိမိတို့ ပါဝင်ဆောင်ရွက်နေသည့် CDM ဆိုသည်မှာ တိုင်းပြည်ကို ဖျက်ဆီးသည့်လှုပ်ရှားမှု Country Destructive Movement ဖြစ်သည်ကို သဘောပေါက်နားလည်လာသည့်အချိန်တွင် CDM ဝန်ထမ်းများမှာ ဌာနဆိုင်ရာ အရေးယူမှုသော်လည်းကောင်း၊ သက်ဆိုင်ရာက ရာဇဝတ်ကြောင်းအရ တရားစွဲဆိုမှုသော်လည်းကောင်း ရင်ဆိုင်နေကြရပြီဖြစ်သည်။ တော်လှန်ရေးအမည်ခံကာ အပြစ်မဲ့သူ အမျိုးသမီးကို အုပ်စုဖွဲ့၍ သတ်ဖြတ်ခဲ့မှု၊ သူလျှိုဒလန်စွပ်စွဲခံရသူများကို ရက်ရက်စက်စက်ရိုက်သတ်၊ ခုတ်သတ်၊ မသေမရှင် မီးရှို့သတ်ဖြတ်ခဲ့မှု၊ အများသွားလာသည့် လမ်းတံတားများကို မီးရှို့ဖျက်ဆီးမှု၊ လက်လုပ်ဗုံး၊ မီးပုလင်းတို့ဖြင့် မြို့နယ်၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးရုံးများကို ပစ်ပေါက်မီးရှို့ဖျက်ဆီးမှုအပါအဝင် အကျည်းတန်ရက်စက်သည့် အကြမ်းဖက်လုပ်ရပ်များ တင်းကျမ်းပြည့်နေသည့် တိုင်းပြည်ဖျက်လှုပ်ရှားမှုတွင် နိုင်ငံ့ဝန်ထမ်းများ အသုံးချခံအဖြစ် ဆက်လက်ပါဝင်နေရန် မသင့်တော့။

CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအပေါ် ချမှတ်ထားသည့် ပြစ်ဒဏ်များကို လျှော့ပေါ့ပြောင်းလဲပေးပြီး နိုင်ငံ့ဝန်ထမ်းတာဝန်ကို ပြန်လည်ထမ်းဆောင်ခွင့်ပြုသွားမည့် ထုတ်ပြန်ချက်သည် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့် အသိပေး ထုတ်ပြန်ချက်ပင်ဖြစ်ရာ ကာယကံရှင်ကိုယ်တိုင်က နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြကြရန်သာဖြစ်ကြောင်းနှင့် မှန်ကန်စွာစဉ်းစားဆင်ခြင် သုံးသပ်ကာ ကောင်းကျိုးရလဒ်တို့ ရရှိနိုင်ရေး မျှော်တွေးတိုက်တွန်းအပ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်များအတွင်းရှိ ကျေးရွာ၊ ရပ်ကွက် အချို့မှ ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၂၅



COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှု ကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေး အဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ အရှေ့ပိုင်းမြို့နယ်အတွင်းရှိ အမှတ်(၃) ရပ်ကွက်၊ အမှတ်(၅) ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၁၁) ရပ်ကွက်၊ အမှတ် (၁၂) ရပ်ကွက်၊ အမှတ်(၁၅) ရပ်ကွက်နှင့် ရွှေပြည်သာမြို့နယ် အတွင်းရှိ ကျောင်းကုန်းရပ်ကွက်၊ အမှတ် (၁၅) ရပ်ကွက်၊ အမှတ်(၈) ရပ်ကွက်များရှိ အိမ်ထောင်စု စုစုပေါင်း ၂၂၃၅၀ အတွက် ဆန်၊ ဆီ၊ ပဲများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ် အရောက် သွားရောက်ထောက်ပံ့ပေးအပ်ကြသည်။

အလားတူ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက် ဒေါနခြံရပ်နှင့် ရေထွန်းဈေး အရှေ့ရပ်များ အတွင်းရှိ အိမ်ထောင်စု စုစုပေါင်း ၃၀၀ အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လှိုင်းအသင့်အတင့် ရှိမည်

နေပြည်တော် မေ ၂၅

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

○ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှား သင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# နိုင်ငံရေးလက်စားချေမှုမျိုး မဆောင်ရွက်စေရေး ပြောကြားခဲ့

နိုင်ငံရေးတွင် စစ်မှန်ရိုးသားသည့် နိုင်ငံရေး၊ တရားမျှတမှုရှိသည့် နိုင်ငံရေးကိုသာ ဆောင်ရွက်ရန် ၂၀၁၈ ခုနှစ် တတိယအကြိမ် NCA နှစ်ပတ်လည် အထူးအစည်းအဝေးတွင် စတင်ပြောကြားခဲ့ကြောင်း၊ နောင်ကျင်းပသည့် အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၌လည်း လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ရိုးသားသည့် နိုင်ငံရေးဖြစ်စေရေး၊ နိုင်ငံရေးလက်စားချေမှုမျိုး မဆောင်ရွက်စေရေး ပြောကြားခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် COVID – 19 ရောဂါ ဖြစ်ပွားခဲ့ကြောင်း၊ COVID – 19 ရောဂါကြောင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခဲ့မှုပေါ် မိမိတို့အနေဖြင့် နားလည်ကြောင်း၊ သို့သော်လည်း အာဏာရပါတီ၏ စည်းမျဉ်းစည်းကမ်း ချိုးဖောက်ပြီး မဲဆွယ်စည်းရုံးရေးဆောင်ရွက်မှုကို သက်ဆိုင်ရာအဖွဲ့အစည်းများက မျက်နှာသာပေး ဆောင်ရွက်ခဲ့ပြီး အခြားနိုင်ငံရေးပါတီများကို ကန့်သတ်မှုများ ဆောင်ရွက်ခဲ့ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုသင်တန်း ပြန်ကြားရေးဝန်ကြီးဌာန၌ ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သော အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က အဖွင့်အမှာစကား ပြောကြားရာ၌ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရန်အတွက် အရေး၊ အဖတ်၊ အပြော၊ အကျက်အမှတ် လေ့ကျင့်ခြင်းကို လိုချင်စိတ်၊ တတ်ချင်စိတ်နှင့် တက်တက်ကြွကြွ ထက်ထက်သန်သန် များများလုပ်ဆောင်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ယခုကဲ့သို့ အင်္ဂလိပ်စာသင်တန်းကို တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပထမအကြိမ် ဖွင့်လှစ်ပေးခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဝန်ထမ်းများကို အရည်အသွေး မြှင့်တင်ပေးခြင်းသည် အမြော်အမြင်ကြီးမားသည့် လုပ်ဆောင်ချက်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ရန် ပူးပေါင်းဆောင်ရွက်ခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး တစ်ပတ်လျှင် သင်တန်းနှစ်ချိန်ဖြင့် ရှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

***✻ ရှေ့ဖုံးမှ***

ကိုဗစ်– ၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းရေးဆွဲသတ်မှတ်ပြီး အဆိုပါ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရန်ပုံငွေသို့ ပြည်တွင်း/ ပြည်ပအလှူရှင်များက လွယ်လင့်တကူ လှူဒါန်းနိုင်ရေးအတွက်လည်း လှူဒါန်းနိုင်သည့် နည်းလမ်းများကိုလည်း စီစဉ်ထားပါကြောင်း၊ အလှူငွေများကို နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲများအားလုံးတွင် ငွေသားဖြင့်လည်းကောင်း၊ စာရင်းပြောင်းနည်းလမ်းဖြင့်လည်းကောင်း၊ Mobile Application မှတစ်ဆင့်လည်းကောင်း၊ MPU Card မှတစ်ဆင့်လည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ Website မှတစ်ဆင့်လည်းကောင်း လှူဒါန်းနိုင်ကြောင်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နှင့် ၁၈ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာထားပါကြောင်း၊ ရန်ပုံငွေသို့ လှူဒါန်းသည့် အလှူရှင်များစာရင်း၊ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်း လက်ကျန်ငွေများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် အပတ်စဉ်သတင်းထုတ်ပြန် ကြေညာပေးလျက်ရှိပါကြောင်း။

ရန်ပုံငွေစာရင်း စတင်ဖွင့်လှစ်သည့် ဇန်နဝါရီ ၆ ရက်မှ ဧပြီ ၂၃ ရက်အထိ အလှူရှင်များမှ စုစုပေါင်း လှူဒါန်းငွေကျပ် ၂၉,၇၈၄,၂၅၀,၁၁၅ ဒသမ ၃၉ နှင့် အမေရိကန်ဒေါ်လာ ၃,၁၄၀,၁၄၉ ဒသမ ၅၃ ရှိသဖြင့် နိုင်ငံတော်မှထည့်ဝင်ငွေအပါအဝင် ရန်ပုံငွေစုစုပေါင်းမှာ ငွေကျပ် ၃၀,၇၈၄,၂၅၀,၁၁၅ ဒသမ ၃၉ နှင့် အမေရိကန်ဒေါ်လာ ၂၅၃,၁၄၀,၁၄၉ ဒသမ ၅၃ ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ Serum Institute of India (SII) Pvt. Ltd. မှ ထုတ်လုပ်သည့် ကိုဗစ် – ၁၉ ကာကွယ်ဆေးဖြစ်သည့် (Covishield) အလုံးရေ သန်း ၃၀ ဝယ်ယူနိုင်ရေးအတွက် ပထမအကြိမ်အဖြစ် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်တွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၇၅ သန်းကို ငွေပေးချေပြီး ဖြစ်သဖြင့် နိုင်ငံခြားငွေစာရင်းတွင် အမေရိကန်ဒေါ်လာ ၁၇၈,၁၄၀,၁၄၉ ဒသမ ၅၃ ကျန်ရှိပါကြောင်း၊ ဇန်နဝါရီ ၆ ရက်မှ ဧပြီ ၂၃ ရက်အထိ လှူဒါန်းမှုများအနက် ငွေကျပ်သိန်း တစ်ထောင်နှင့်အထက် အလှူရှင် ၅၆ ဦး၊ ငွေကျပ်သိန်းငါးရာနှင့် အထက်မှ သိန်းတစ်ထောင်အောက် အလှူရှင် ၄၀၊ ငွေကျပ်သိန်းတစ်ရာနှင့်အထက် ငွေကျပ်သိန်းငါးရာအောက် အလှူရှင် ၃၂၅ ဦး၊ ငွေကျပ်တစ်သိန်းနှင့်အထက်မှ ငွေကျပ်သိန်းတစ်ရာအောက် အလှူရှင် ၆၇၁၆ ဦးနှင့် ငွေကျပ်တစ်သိန်းအောက် အလှူရှင် ၂၉၅၆ဦး၊ စုစုပေါင်းအလှူရှင် ၁၀၀၉၃ ဦး ရှိပါကြောင်း၊ လှူဒါန်းငွေကျပ်တစ်သိန်းနှင့် အထက်အား အလှူရှင်များ၏ဆန္ဒအရ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်လျက်ရှိပါကြောင်း၊ ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်တွင် ပြုလုပ်ခဲ့ပြီး ငွေကျပ်သိန်းတစ်ရာနှင့်အထက် အလှူရှင် ရှစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း။

ဂုဏ်ပြုမှတ်တမ်းလွှာများ ထုတ်ယူရာတွင် အဆင်ပြေစေရန် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးတွင်လည်းကောင်း ထုတ်ပေးရန် စီစဉ်ထားရှိပါကြောင်း၊ လှူဒါန်းငွေများကို ရေးဆွဲသတ်မှတ်ထားသည့် ကိုဗစ်– ၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဘဏ်စာရင်းတွင်ထားရှိ၍ ကာကွယ်ဆေး ဝယ်ယူရရှိရေးဆိုင်ရာ အသုံးစရိတ်များကိုသာ ပေးချေသုံးစွဲလျက်ရှိပြီး စာရင်းစစ်ဆေးမှုကိုလည်း ခံယူသွားမည် ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရန် အဓိကလိုအပ်သည့် ဘဏ္ဍာငွေများကို ဝိုင်းဝန်းပါဝင်လှူဒါန်းကြသော ပြည်တွင်း/ ပြည်ပ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအားလုံးကို ကိုဗစ်– ၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီမှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီကိုယ်စား ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေသို့ အလှူငွေပေးအပ်ခြင်းနှင့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်- ၁၉ ကာကွယ်ဆေး အကြိမ်အပြည့်အဝရရှိနိုင်ရေး စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရမည်

**နေပြည်တော် မေ ၂၇**

ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### အထူးဂရုပြုဆောင်ရွက်

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက အိမ်နီးချင်း အိန္ဒိယ၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် ရောဂါဖြစ်ပွားမှု စံချိန်တင် များပြားနေ၍ မိမိတို့နိုင်ငံတွင်လည်း ကိုဗစ်– ၁၉ ရောဂါ နောက်ထပ်လှိုင်းတစ်လှိုင်း ဖြစ်ပွားမလာစေရေးနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်–၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် မိမိတို့အနေဖြင့် အထူးဂရုပြုဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပွားမှု များပြားရာနိုင်ငံများမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသူများတွင် ရောဂါပိုးတွေ့ရှိမှု အချက်အလက်များကို ဆန်းစစ်၍ လိုအပ်သည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

### ကြိုတင်တားဆီးနိုင်မည်ဖြစ်

ဆေးသုတေသနဦးစီးဌာနမှ ပြည်ပနိုင်ငံများမှ ပြန်လာသော အတည်ပြုလူနာများထံမှ ရောဂါပိုးကို မျိုးရိုးဗီဇစစ်ဆေးရန် စီစဉ်လျက်ရှိကြောင်း၊ ခါတ်ခွဲနမူနာ ပိုမိုစစ်ဆေးနိုင်ပါက လူနာအရေအတွက် ပိုမိုတွေ့ရှိနိုင်မည်ဖြစ်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ကာ ကပ်ရောဂါအသွင်ဖြစ်ပွားမှုကို ကြိုတင်တားဆီးနိုင်မည် ဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးတို့နှင့် ပတ်သက်၍ ပြီးခဲ့သော အစည်းအဝေး၌ ဆွေးနွေးခဲ့ကာ ယနေ့အစည်းအဝေးတွင် ယခင်ဖြစ်ပွားမှုများပြားခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်နယ်စပ်ဖြစ်သည့် ရခိုင်ပြည်နယ်နှင့် ရောဂါကူးစက်မှု ဆက်လက်ဖြစ်ပွားမှု ရှိနေသော တနင်္သာရီတိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံရခြင်း ဖြစ်ပါကြောင်း။

### ကြိုတင်ပြင်ဆင်ထားရမည်

ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးရုံကြီးများ ပြန်လည်လည်ပတ်နေပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်–၁၉ ရောဂါလူနာများကို နိုင်နိုင်နင်းနင်း ကုသပေးနိုင်ရန် ကောင်းစွာကြိုတင်ပြင်ဆင်ထားရမည် ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအပြင် ဆေးရုံလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နိုင်ရန် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကို တာဝန်ပေးအပ်၍ ရန်ကုန်တိုင်း စီမံအုပ်ချုပ်ရေးကောင်စီ၊ ပုဂ္ဂလိကဆေးရုံများနှင့် တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးထားပြီးဖြစ်သည်ကို သိရှိရပါကြောင်း၊ သက်ဆိုင်ရာ Clinical Management Committee နှင့် Hospital Management Committee များအပါအဝင် ဆေးရုံများရှိ ကော်မတီများကိုလည်း စနစ်တကျပြန်လည်ဖွဲ့စည်းကြရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်– ၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးခြင်း၊ ကုသပေးခြင်းအတွက် ပုဂ္ဂလိကဆေးရုံဆေးခန်းများအား လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်ခွင့် ပေးထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းလမ်းညွှန်များကိုလည်း လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ဖြည့်စွက်ပြင်ဆင်ရမည်ဖြစ်ပြီး တိတိကျကျ လိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### အရှိန်အဟုန်မြှင့်ဆောင်ရွက်

ကိုဗစ်–၁၉ အတည်ပြုလူနာများ သက်ဆိုင်ရာဆေးရုံ၊ ကျန်းမာရေးစင်တာများသို့ လွှဲပြောင်းပေးမှုစနစ်များကို တရားဝင်ခွင့်ပြုထားသော ပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေကို ဆန်းစစ်ပြီး အတည်ပြုလူနာနှင့် ထိတွေ့မှုရာဇဝင်ရှိသူများ ရှာဖွေဖော်ထုတ်ခြင်းကို စနစ်တကျအားဖြည့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး မိမိတို့တွင် အတွေ့အကြုံရှိပြီးသားဖြစ်၍ ရောဂါကူးစက် ဖြစ်ပွားမှုအခြေအနေပေါ်မူတည်၍ အဆင့်လိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ပြည်သူများ ကိုဗစ်– ၁၉ ကာကွယ်ဆေး အကြိမ်အပြည့်အဝရရှိနိုင်ရေး စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများအနေဖြင့် သက်ဆိုင်ရာစီမံအုပ်ချုပ်ရေးကောင်စီများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်နေကြရန် လိုအပ်ကြောင်း၊ လိုအပ်သည်များကိုလည်း အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ လက်ရှိမိမိတို့ဝန်ထမ်းများအားလုံးသည် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကိုဗစ်– ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို တစ်ပြိုင်နက်တည်း ကြိုးစားဆောင်ရွက်နေရသည်ကို အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများရှိ တာဝန်ရှိသူများက ကိုဗစ်– ၁၉ ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ကာကွယ်ဆေး ထိုးနှံနေမှုအခြေအနေများ၊ လိုအပ်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်း၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူးဒေါက်တာတင်သစ္စာလွင်တို့နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြား

**နေပြည်တော် မေ ၂၇**

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သန်လျင်တပ်နယ်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကာကွယ်ရေးဦးစီးချုပ်(ရေ)က လက်ရှိကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြည်သူအများစု လိုလားသော စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေးအတွက် Road Map (၅) ချက် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ တပ်မတော်သည် နိုင်ငံတော်တည်ဆောက်ရေးအခန်းကဏ္ဍတွင် တစ်တပ်တစ်အား တာဝန်ကျေပွန်အောင် ဆောင်ရွက်နေမှု၊ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အကူအညီပေးရန် အတွက် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား အမြဲအသင့်ဖြစ်စေရန် ဆောင်ရွက်ထားရှိမှု၊ တပ်မတော်(ရေ)အနေဖြင့် လူသားချင်း စာနာထောက်ထားစွာဖြင့် မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို စစ်ရေယာဉ်များဖြင့် မိမိတို့နိုင်ငံသို့ ပြန်လည်ခေါ်ယူပေးနိုင်ခဲ့မှု၊ မြန်မာ့ပင်လယ်ပြင် လုံခြုံရေးအတွက် ပင်လယ်ပြင်နယ်စပ်မျဉ်းများ တစ်လျှောက်တွင် နှစ်နိုင်ငံ ရေတပ်များ ပူးတွဲ ကင်းလှည့်ခြင်းနှင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ တပ်မတော်(ရေ)သည် နိုင်ငံတကာရေတပ်များနှင့် ရင်ပေါင်တန်းနိုင်ရေး တစ်ဆင့်ချင်းတစ်ဆင့် အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ပင်လယ်ပြင်လေ့ကျင့်ခန်းများ လေ့ကျင့်ဆောင်ရွက်နေမှု၊ တပ်မတော်(ရေ)၏ ကဏ္ဍကြီး(၄)ရပ်စွမ်းဆောင်နိုင်မှု မြင့်မားစေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က သုတ၊ ရသစာအုပ်၊ စာစောင်များ၊ အားကစားပစ္စည်းများနှင့် စားသောက်ကုန်များကို ပေးအပ်ရာ သန်လျင်တပ်နယ်မှ ဌာနချုပ်မှူးများက အသီးသီး လက်ခံ ရယူကြသည်။ ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ် (ရေ)၏ ဇနီးက သန်လျင်တပ်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ သန်လျင်တပ်နယ်မှူး၏ဇနီးက လက်ခံရယူသည်။



တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)က သန်လျင်တပ်နယ်မှ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် အမှတ်(၁) ဗျူဟာစစ်ရေယာဉ်စုသို့ သွားရောက်၍ အရာရှိ၊ စစ်သည်များကို လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကာ အသုံးအဆောင် ပစ္စည်းများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်-တာချီလိတ်လမ်း ကွန်ကရစ်ခင်းခြင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးကြီး သော်ဇင်ဦးနှင့်အတူ မေ ၂၆ ရက် နံနက်ပိုင်းတွင် မိုင်းဆတ် မြို့တွင်းလမ်းများ အခြေအနေကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်မှ တာဝန်ယူဆောင်ရွက်နေသော မိုင်းဆတ်- တာချီလိတ်လမ်းပိုင်း လက်ရှိလမ်းအခြေအနေနှင့် ကွန်ကရစ်လမ်းခင်းပြီး အပိုင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးတွေ့ရှိမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မိုင်းဆတ် - တာချီလိတ် လမ်းသည် နယ်စပ်မြို့တို့ကို ဆက်သွယ်သည့် အရေးပါသော လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရန် လမ်း၊ တံတားများ ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ အတက်/အဆင်း၊ အကွေ့/ အကောက်များသည့် တောင်ပေါ်လမ်းဖြစ်၍ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် လမ်းကွေ့များ ချဲ့ပေးရန်၊ လမ်းညွှန်သတိပေးဆိုင်းဘုတ်များ သတ်မှတ်ချက်နှင့်အညီ စိုက်ထူရန်နှင့် လမ်းပေါ်သို့ ရေစီးဆင်းမှုမရှိစေရေး လမ်းဘေးရေနုတ်မြောင်းများ စနစ်တကျ ဆောင်ရွက်ထားရှိရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် တာချီလိတ်မြို့သို့ ရောက်ရှိပြီး တာချီလိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ မြန်မာ- ထိုင်း ချစ်ကြည်ရေး တံတားအမှတ်(၂) ကြံ့ခိုင်မှုအခြေအနေ၊ နှစ်နိုင်ငံလမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှုနှင့် ပို့ဆောင်ရေး လွယ်ကူအဆင်ပြေစေရန် မြန်မာဘက်ခြမ်း တံတားပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့ရှောင်လမ်း ယာယီ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၂) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ဦးသန့်ဇင်က မြို့ရှောင်လမ်းပေါ်ရှိ တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုနှင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲလင်းက တာချီလိတ်မြို့ရှောင်လမ်းအရှည် (6.4)Km ၊ လမ်းအကျယ် (7)m အား ဘဏ္ဍာရေးနှစ်အလိုက် မြေသားလမ်း၊ အမာခံလမ်း၊ ဒုအခြေခံလွှာခင်းခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို အပိုင်းလိုက် ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် မြေယာကိစ္စ ညှိနှိုင်းဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က မြေယာလျော်ကြေးငွေ ပေးအပ်ပြီးစီးမှု ဆောင်ရွက်ရန် ကျန်အခြေအနေ၊ မြေပိုင်ရှင်များနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တာချီလိတ်မြို့ရှောင်လမ်းပေါ်ရှိ တံတားတည်ဆောက်ရေးလုပ်ငန်းအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်သောတံတားအပိုင်းကို အချိန်မီ ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီအောင် အလေးထားဆောင်ရွက်ရန်လိုပါကြောင်း၊ လမ်းအပိုင်းအနေဖြင့် သတ်မှတ်လမ်းအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ရန်နှင့် ကျန်ရှိသည့်လုပ်ငန်းများ၊ မြေယာလျော်ကြေးကိစ္စရပ်များ ရှင်းလင်းနိုင်ရေးအတွက် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြဆောင်ရွက်ရန်နှင့် မိမိအဖွဲ့များမှ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မြို့ရှောင်လမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မဟာဝိဇ္ဇာဘွဲ့၊ ဒုတိယနှစ်ဝက် ပုံမှန်သင်တန်းများနှင့် ဒီပလိုမာသင်တန်းများ ပြန်လည်ဖွင့်လှစ်မည်

ရန်ကုန် မေ ၂၇

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်၍ ယဉ်ကျေးလိမ္မာသော အနုပညာရှင်ကောင်းများ မွေးထုတ်ပေးရန်၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် အနုပညာအသီးသီးတို့ကို တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများတွင် မိမိတက္ကသိုလ်မှ မွေးထုတ်ပေးသော အနုပညာရှင်များမှ လက်ဆင့်ကမ်းသင်ကြားပေးရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်း၊ ဖော်ထုတ်၊ တီထွင်၊ မြှင့်တင်၊ ဆန်းသစ်၊ ပေါင်းစပ်၍ လူငယ်၊ လူရွယ်များသာမက ကမ္ဘာကသိအောင် ဆောင်ရွက်ရန်၊ အနုပညာကို ဖျော်ဖြေရေးသက်သက်မဟုတ်ဘဲ Info-tainment, Edu-tainment ဖြစ်စေရန်နှင့် ကမ္ဘာကလာရောက်သင်ကြားရသော အရည်အသွေးမြင့်တက္ကသိုလ်ဖြစ်စေရန် မျှော်မှန်းချက်များဖြင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)ကို ၁၉၉၃ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ဒီပလိုမာသင်တန်းများကို သင်ကြားပို့ချလျက်ရှိသည်။

သို့ရာတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် တက္ကသိုလ်၏ သင်တန်းများကို ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်မှ စတင်ကာ ရပ်နားခဲ့ရသည်။

ယခုအခါ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ မဟာဝိဇ္ဇာဘွဲ့ ဒုတိယနှစ်ဝက်ပုံမှန်သင်တန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ အစီအမံများ၊ အကြံပြုချက်များနှင့်အညီ ၂၀၂၁ ခုနှစ် မေ ၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။

အလားတူ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် MCC ICT Services ကွန်ပျူတာသင်တန်းကျောင်းတို့ ပူးပေါင်းကာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသော အနုပညာကွန်ပျူတာဒီပလိုမာ (၁)နှစ် သင်တန်းများကိုလည်း မေ ၁၀ ရက်မှ စတင်ကာ အဆိုပါတက္ကသိုလ်၌ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် လယ်ဝေးမြို့ သာဝတ္ထိနွားပွဲဈေးနှင့် ပန်းတင်အုတ်စက်ရုံတို့သို့ သွားရောက်ကြည့်ရှု

နေပြည်တော် မေ ၂၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်နှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲ ၃ နာရီက နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာအုပ်စု ရသေ့တောင်ကျေးရွာအနီး ရန်ကုန်-မန္တလေးလမ်းဘေးရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ဧရိယာ ၃ ဒသမ ၅ ဧက အကျယ်အဝန်းရှိ သာဝတ္ထိနွားပွဲဈေးသို့ သွားရောက်ကြည့်ရှုခဲ့သည်။

ထိုသို့ကြည့်ရှုရာတွင် တာဝန်ရှိသူများက သာဝတ္ထိနွားပွဲဈေးသည် ငါးရက် တစ်ဈေးသာ ရောင်းချသည့်ဈေးဖြစ်ကြောင်း၊ လက်ရှိနွားပွဲဈေးနေရာသည် ယခင်က ကျေးရွာများနှင့် အလှမ်းကွာဝေးခဲ့ပြီး ယခုအခါ ကျေးရွာများတွင် လူနေထူထပ်လာသည့်အတွက် ကျေးရွာများအလယ်သို့ ရောက်ရှိနေခြင်းကြောင့် နွားပွဲဈေးနေ့များ၌ ရန်ကုန်- မန္တလေးလမ်းဟောင်းပေါ်တွင် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ နွားပွဲဈေးပြယုဂ် အနေဖြင့်လည်း ကောင်းမွန်မှုမရှိခြင်းတို့ကြောင့် အဆိုပါဈေးကို ယာယီပိတ်သိမ်းကာ နေရာပြောင်းရွှေ့ ဖွင့်လှစ်ရန် လိုအပ်နေကြောင်း ရှင်းလင်းတင်ပြခဲ့ပြီး နွားပွဲဈေးအတွင်း လိုက်လံပြသခဲ့သည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် အဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင် ပန်းတင်အုတ်စက်ရုံအနီး တည်ဆောက်မည့် အဆင့်မြင့် နွားပွဲဈေး လျာထားမြေနေရာကို သွားရောက်ကြည့်ရှုခဲ့ရာ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပန်းတင်အုတ်စက်ရုံအတွင်း ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စနစ်တကျ အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ထူးခြားသည့် နေ့အပူချိန်

နေပြည်တော် မေ ၂၇

ထူးခြားသည့် နေ့အပူချိန်များမှာ ညောင်ဦးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ဘုရားသုံးဆူမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ လှိုင်လင်မြို့နှင့် ဘီးလင်းမြို့တို့တွင် ၁ ဒသမ ၁၈ လက်မစီ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် မော်လမြိုင်မြို့တွင် ၀ ဒသမ ၅၁ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီ ပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# လေလိုင်းကနေ တရားဝင်အစိုးရဖြစ်ချင်တဲ့အိပ်မက်က နိုးထသင့်ပြီ

နေခြည်သွေး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအနေနဲ့ အာဆီယံနဲ့ လက်တွဲညီမှုကို ဖော်ညွှန်းနိုင်ခဲ့တဲ့ အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကြီးကို ဧပြီလ ၂၄ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပခဲ့ပါတယ်။ နိုင်ငံ့အကြီးအကဲ တစ်ဦးရဲ့ ပထမဆုံးပြည်ပခရီးစဉ်ဖြစ်ပြီး အာဆီယံနိုင်ငံတွေရဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ မှန်ကန်တဲ့ သဘောထားအမှန်ကို ဖော်ထုတ်နိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါတယ်။**

❖ **နိုင်ငံတစ်နိုင်ငံရဲ့ တရားဝင်ရပ်တည်မှုအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများရဲ့ အသိအမှတ်ပြုမှု လိုအပ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတစ်ခုရဲ့ အစိုးရတစ်ရပ်ဖြစ်လာစေဖို့ တိုင်းတစ်ပါးကနေ၊ လေလှိုင်းထဲကနေ အစိုးရဖြစ်ပါပြီဆိုပြီး အော်နေ၍ အစိုးရဖြစ်လာမည်မဟုတ်ပါ။ မည်သူကမျှ၊ မည်သည့်နိုင်ငံကမျှလည်း အသိအမှတ်ပြုနေမည် မဟုတ်ပါ။ ဆိုင်းဘုတ်ထောင်ရုံမျှဖြင့် အစိုးရဖြစ်လာမည်ဆိုလျှင် သူတစ်လူ၊ ငါတစ်မင်း ကိုယ့်ဒေသအစုအဖွဲ့များနှင့် အစိုးရခေါင်းစဉ်တပ်နေကြမည်မဟုတ်ပါလား**

ပြည်သူတွေအတွက်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်များအပေါ် ယုံကြည်စိတ်ချမှုရှိစွာနဲ့ ပူးပေါင်းပြီး ရှေ့ဆက်ခရီး လျှောက်လှမ်းဖို့ အင်အားတွေရရှိစေခဲ့တဲ့ အောင်မြင်မှုတစ်ခုလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းနိုင်ငံတွေ၊ မိတ်ဖက်နိုင်ငံတွေအကြားမှာ ခိုင်မာတည်ကြည်တဲ့ဆက်ဆံရေးကောင်းကို အစဉ်တည်ဆောက်ခဲ့တယ်ဆိုတဲ့ သမိုင်းကြောင်းကိုလည်း ဖြောင့်ဖြူးစေခဲ့ခြင်း ဖြစ်ပါတယ်။

အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကနေတစ်ဆင့် နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေအမှန်ကို ဖော်ထုတ်နိုင်ခဲ့တဲ့အပြင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်တွေကိုလည်း အစဉ်ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့ ရပ်တည်မှုကိုလည်း ပြသနိုင်ခဲ့တာကြောင့် အောင်မြင်တဲ့ခရီးစဉ်တစ်ခု ဖြစ်ခဲ့ပါတယ်။

## ဒေသတွင်းနိုင်ငံများရဲ့ အသိအမှတ်ပြုမှုလိုအပ်

နိုင်ငံတစ်နိုင်ငံရဲ့ တရားဝင်ရပ်တည်မှုအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများရဲ့ အသိအမှတ်ပြုမှု လိုအပ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတစ်ခုရဲ့ အစိုးရတစ်ရပ်ဖြစ်လာစေဖို့ တိုင်းတစ်ပါးကနေ၊ လေလှိုင်းထဲကနေ အစိုးရဖြစ်ပါပြီဆိုပြီး အော်နေ၍ အစိုးရဖြစ်လာမည် မဟုတ်ပါ။ မည်သူကမျှ၊ မည်သည့်နိုင်ငံကမျှလည်း အသိအမှတ်ပြုနေမည် မဟုတ်ပါ။ ဆိုင်းဘုတ်ထောင်ရုံမျှဖြင့် အစိုးရဖြစ်လာမည်ဆိုလျှင် သူတစ်လူ၊ ငါတစ်မင်း ကိုယ့်ဒေသအစုအဖွဲ့များနှင့် အစိုးရခေါင်းစဉ်တပ်နေကြမည် မဟုတ်ပါလား။

တစ်ဖက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့လုပ်ငန်းစဉ်များ တိတိကျကျ၊ ပီပီပြင်ပြင် ရုပ်လုံးပေါ်လာခဲ့ပြီ ဖြစ်ပါတယ်။ လက်ရှိနိုင်ငံတော်အကြီးအကဲဟာ ဒို့တာဝန်အရေးသုံးပါးကို အတိအကျဖော်ဆောင်နေပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်တွေကိုလည်း ဦးလည်မသုန်ထမ်းရွက်မယ်ဆိုတာကို နိုင်ငံတကာရှေ့မှောက်မှာ “Legitimacy ဖြစ်တဲ့ အစိုးရတစ်ရပ်ရဲ့ဦးဆောင်သူအဖြစ်” သွားရောက်ဆွေးနွေးပြီးခဲ့ပါပြီ။ ဒါကိုတောင် နိုင်ငံတကာက လက်ရှိနိုင်ငံတော်ကို တာဝန်ယူထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို လက်မခံဘူး၊ ဆူဆူပူပူလုပ်ရပ်တွေ ရပ်တန့်မသွားကြနဲ့ဆိုပြီး ပြည်သူတွေကို မျှော်လင့်ချက်အတုနဲ့လှည့်စားပြီး တိုင်းပြည်ဖျက်ဆီးသူတွေကတော့ လက်မလျှော့သေးဘဲ လေလှိုင်းပေါ်က အစိုးရဆိုတဲ့ ရွှေရည်စိမ်အိပ်မက်ကို မနိုးတမ်း ဆက်မက်နေကြပါသေးတယ်။

## အာဆီယံခေါင်းဆောင်အစည်းအဝေး

လေလှိုင်းပေါ်က NLD ပြည်ပြေးတွေက CRPH ကို ဖွဲ့စည်း၊ အဲဒီကနေ NUG ဆိုပြီး အစိုးရတစ်ရပ်ကို တရားမဝင်ဖွဲ့စည်းပြီး နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို အတင်းကာရော မျှော်လင့်ကြတာပဲ ဖြစ်ပါတယ်။ ဖြစ်မလာတဲ့အခါ အာဆီယံခေါင်းဆောင်အစည်းအဝေးကို မိမိတို့ကို ဖိတ်ကြားသင့်တယ်ဆိုပြီး အကြောင်းကြားကြပါသေးတယ်။ ဒါတင်မကသေးပါဘူး။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်တိုင် တက်ရောက်မယ်ဆိုပြီး ကြားသိတဲ့အခါ ကောလာဟလတွေထုတ်၊ R2P ဝင်လာတော့မယ်ဆိုပြီးတစ်မျိုး၊ အင်ဒိုနီးရှားရောက်တာနဲ့ ဖမ်းဆီးအရေးယူတော့မယ်ဆိုပြီးတစ်ဖုံ ပြည်သူကို စိုးရိမ်စိတ်တွေဖြစ်စေဖို့ မဟုတ်မမှန်တွေနဲ့ သွေးထိုးလှုံ့ဆော်ကြပြန်ပါတယ်။

မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို နိုင်ငံတိုင်းက အသိအမှတ်ပြုတယ်လို့ စာရေးသူကတော့ အပြည့်အဝယုံကြည်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဘယ်နိုင်ငံ၊ ဘယ်အစိုးရကမှ သူတို့အသိအမှတ်မပြုတဲ့နိုင်ငံနဲ့ ပတ်သက်ဆက်နွှယ်မှုပြုနေမှာ မဟုတ်ပါဘူး။ အခုစာရေးသူတို့နိုင်ငံမှာ နိုင်ငံတကာသံရုံးတွေ တစ်ရုံးမှ ပိတ်သိမ်းသွားတာမျိုးမရှိခဲ့ပါဘူး။ နိုင်ငံတကာသံရုံးတွေအားလုံး ပြည်တွင်းမှာရှိနေခဲ့ပါတယ်။ မြန်မာနိုင်ငံဘက်ကလည်း မိမိနိုင်ငံ၊ မိမိအစိုးရကို အသိအမှတ်မပြုတဲ့နိုင်ငံရဲ့ သံရုံးကို ဖယ်ရှားမောင်းထုတ်ရမှာပဲ မဟုတ်ပါလား။ အခုတော့ သံရုံးတွေအားလုံး ပုံမှန်အတိုင်းလည်ပတ်ထားရှိနေခြင်းဟာ နိုင်ငံတကာက မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို လက်ခံအသိအမှတ်ပြုနေခြင်းကို ပြသနေတာပဲ ဖြစ်ပါတယ်။ ဒါကို လေလှိုင်းထဲကနေ အစိုးရဖွဲ့ပြီး အတင်းကာရော တရားဝင်ဖြစ်ချင်ပါတယ်ဆိုသူတွေ၊ မရိုးမသားနဲ့ တိုင်းပြည်ကို ဒုက္ခပေးသူတွေ သတိပြုသင့်ပါပြီ။

စင်ပြိုင်အစိုးရဆိုပြီး တိုင်းပြည်ပျက်စီးအောင်၊ ပြည်သူတွေအတိဒုက္ခရောက်အောင်၊ လူငယ်တွေအတွက် အနာဂတ်မျှော်လင့်ချက်တွေ ပျက်သုဉ်းအောင် ကိုယ့်ပါတီ၊ ကိုယ့်အုပ်စု အာဏာရရှိရေးကိုသာ ဦးတည်နေကြတဲ့ တရားမဝင်အစိုးရအမည်ခံလုပ်ရပ်ဟာ လောဘ၊ ဒေါသနဲ့ မောဟတွေ ဖုံးလွှမ်းနေတဲ့ အဓမ္မမှုတွေသာ ဖြစ်ပါတယ်။ အေးချမ်းစွာနေထိုင်လိုတဲ့ ပြည်သူတွေ၊ ရုံးဝန်ထမ်းဘဝကို ဂုဏ်ယူခုံမင်စွာနဲ့ ရုံးတက်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ ပညာသင်ကြားလိုတဲ့ လူငယ်၊ လူရွယ်တွေအတွက် ရပ်တန်းကမရပ်သေးဘူးဆိုရင် နောင်တတရားတွေကို တစ်ချိန်မှာပိုင်ဆိုင်ကြရမှာ အသေအချာပဲ ဖြစ်ပါတယ်။

## သမိုင်းဖြစ်စဉ်တွေမှာတွေ့နိုင်

ယနေ့မြန်မာနိုင်ငံရဲ့ အခင်းအကျင်းဟာ သမိုင်းစာမျက်နှာမှာလည်း အလားတူ မြင်တွေ့ခဲ့ရဖူးပါတယ်။ အယူဝါဒမတူတိုင်း၊ မိမိတို့အာဏာရယူလိုတိုင်း ပြည်ပအင်အား အကူအညီတွေ၊ အထောက်အပံ့တွေကို ရယူပြီး ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းရင်းသားအချင်းချင်း သတ်ဖြတ်၊ ပြည်သူတွေရဲ့ ပကတိအခြေအနေကို မထီမဲ့မြင်ပြုပြီး အတွေးအခေါ်အမှားတွေနဲ့ ရှေ့ဆက်ခဲ့ကြခြင်းဟာ နောက်ဆုံးမှာ အဆုံးသတ်မကောင်းတဲ့ သမိုင်းတရားခံတွေ အများကြီးရှိခဲ့ဖူးပါပြီ။ သူတို့တွေ ပြည်ပြေးဘဝနဲ့ ဘယ်လို အဆုံးသတ်ခဲ့ရသလဲဆိုတာကိုလည်း သမိုင်းဖြစ်စဉ်တွေမှာ တွေ့နိုင်ပါတယ်။ တိုင်းတစ်ပါးရဲ့ ဩဇာခံဘဝ၊ ပြည်ပြေးဘဝနဲ့ သခင်အမည်ခံမျိုးချစ်ကွန်မြူနစ်တွေအဖြစ် နိဂုံးချုပ်ခဲ့ရသူတွေရဲ့ လမ်းစဉ်တွေကို မလိုက်ကြပါနဲ့လို့လည်း လေးလေးနက်နက် သတိပေးလိုက်ပါရစေ။

## ပြည်သူတွေ အမျှော်လင့်ဆုံးအရာ

နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်စီမံခန့်ခွဲရတဲ့အခါ ပြည့်ဝတဲ့ခေါင်းဆောင်မှုစွမ်းရည်၊ အနစ်နာခံမှု၊ ကိုယ်ကျိုးစွန့်မှုစတဲ့ ခေါင်းဆောင်တွေရဲ့ အရည်အချင်းတွေမှာ ပြည်သူတွေ အမျှော်လင့်ဆုံးအရာတစ်ခုက စေတနာပဲဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူထားရတဲ့ကာလဟာ သုံးလတာခရီးကို ရောက်ရှိခဲ့ပါပြီ။ ပြည်သူတွေ ခံစားချက်ကို ဦးစားပေး၊ ရုတ်တရက်အခြေအနေကို လက်မခံနိုင်သေးတဲ့အချိန်မှာ မြောက်ပင့်သွေးထိုးမှုတွေကြောင့် ဆန္ဒပြမှုတွေကို အဆင့်အလိုက် နိုင်ငံတကာ ပဋိပက္ခဖြေရှင်းတဲ့စံနှုန်းတွေအတိုင်းသာ လုပ်ဆောင်ခဲ့တာ၊ ပြည်သူတွေရဲ့ ကျန်းမာရေး၊ စီးပွားရေးလိုအပ်ချက်တွေကို အချိန်နဲ့တစ်ပြေးညီ ရသမျှနည်းလမ်းနဲ့ ဖြည့်ဆည်းပေးနေခဲ့တာ၊ တည်ငြိမ်အေးချမ်းမှုကို ဦးတည်ပြီး ပြည်သူတွေ အထိမနာဆုံး နည်းလမ်းတွေ ရွေးချယ်ကိုင်တွယ်ထိန်းညှိနေခဲ့တာကို ပြည်သူတွေ တစ်နေ့ထက်တစ်နေ့ ပိုမိုပြီး ခံစားသိမြင်လာကြမယ်လို့ ယုံကြည်ပါတယ်။

**လေလှိုင်းပေါ်က NLD ပြည်ပြေးတွေက CRPH ကို ဖွဲ့စည်း၊ အဲဒီကနေ NUG ဆိုပြီး အစိုးရတစ်ရပ်ကို တရားမဝင်ဖွဲ့စည်းပြီး နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို အတင်းကာရော မျှော်လင့်ကြတာပဲ ဖြစ်ပါတယ်။ ဖြစ်မလာတဲ့အခါ အာဆီယံခေါင်းဆောင် အစည်းအဝေးကို မိမိတို့ကို ဖိတ်ကြားသင့်တယ်ဆိုပြီး အကြောင်းကြားကြပါသေးတယ်။ ဒါတင်မကသေးပါဘူး။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင်တက်ရောက်မယ်ဆိုပြီး ကြားသိတဲ့အခါ ကောလာဟလတွေထုတ်၊ R2P ဝင်လာတော့မယ်ဆိုပြီးတစ်မျိုး၊ အင်ဒိုနီးရှားရောက်တာနဲ့ ဖမ်းဆီးအရေးယူတော့မယ်ဆိုပြီးတစ်ဖုံ ပြည်သူကို စိုးရိမ်စိတ်တွေဖြစ်စေဖို့ မဟုတ်မမှန်တွေနဲ့ သွေးထိုးလှုံ့ဆော်ကြပြန်ပါတယ်**

လေလှိုင်းပေါ်ကနေ ပြည်ပြေးဘဝနဲ့ အပြေးအလွှားဖွဲ့စည်းထားရတဲ့ တရားမဝင်အဖွဲ့တွေကတော့ ပြည်သူတွေကို မရိုးမသား၊ မမှန်ကန်တဲ့ သတင်းစကားမျိုးစုံနဲ့ စည်းရုံးနေဆဲ၊ သတင်းအမှားတွေကို ဖြန့်ချိနေဆဲ၊ ပြည်သူတွေ လမ်းပေါ်ထွက်အောင် လှုံ့ဆော်ဆဲ၊ လူငယ်တွေ ပြည်တွင်းစစ်၊ ကာကွယ်ရေးတပ်ဆိုပြီး မြှောက်ပေးဆဲ ...။ အမှားနဲ့အမှန်၊ တရားဝင်အစိုးရဆိုတဲ့စကားရပ်၊ နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှုတွေနဲ့ ပြည်တွင်းမှာ လက်ရှိဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုတွေကို လေ့လာကြည့်ရင်းဖြင့် ပြည်သူများ အမှန်တရားကို တွေ့မြင်လာနေပါပြီဟူ၍သာ ။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ပရောက် မြန်မာအလုပ်သမားများအကျိုးအတွက် လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်း





**နေပြည်တော် မေ ၂၇**

ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေး ကော်မတီ၏ (၁/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပေါင်းစပ်ဆောင်ရွက်ပေး

ရှေးဦးစွာ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြည်ပသို့ မြန်မာအလုပ်သမား စေလွှတ်ခြင်းလုပ်ငန်းစဉ်တွင် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်စေရေးနှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သလို ပြန်လည်သုံးသပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းတို့ ဆောင်ရွက်နိုင်ရန် ဤကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၁-၄-၂၀၂၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၈၇/၂၀၂၁) ဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေး ကော်မတီကို အဖွဲ့ဝင်(၁၈)ဦးဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ကော်မတီဝင်များအနေဖြင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို သိရှိနားလည်ပြီး မိမိတို့ကဏ္ဍအလိုက် ပေါင်းစပ်ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ ခွင့်ပြု၍ ပြည်ပနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်ခွင့်ပြုပေးလျက်ရှိရာ လက်ရှိတွင် ထိုင်း၊ မလေးရှား၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ ယူအေအီး၊ ကာတာ၊ မကာအို၊ ဂျော်ဒန်နိုင်ငံများသို့ အများဆုံးသွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်၊ မတ်လအထိ (၁၃၂၀၉၁၄) ဦး ပြည်ပနိုင်ငံများသို့ စေလွှတ်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ပြည်ပသို့ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များကို ၂၀၂၀ ပြည့်နှစ် မတ် ၁၈ ရက်မှစ၍ ရပ်ဆိုင်းထားခဲ့သော်လည်း ပြည်ပနိုင်ငံများ၏ အလုပ်သမားခေါ်ယူလိုမှု အခြေအနေအရ ကိုဗစ်-၁၉ ကာလအတွင်း ဂျပန်နိုင်ငံသို့ (၄၁၆၉)ဦး နှင့်ကိုရီးယားနိုင်ငံသို့(၂၂၅)ဦး စေလွှတ်ခွင့်ပြုခဲ့ပါကြောင်း။

ထို့ပြင် စင်ကာပူနိုင်ငံကလည်း အလုပ်သမားခေါ်ယူလိုကြောင်း Demand Letter များ ပေးပို့ကမ်းလှမ်းလာသည့်အတွက် ၂၀၂၁ ခုနှစ် မေ ၁၁ ရက်တွင် အလုပ်သမား(၂၅)ဦးကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စေလွှတ်ခွင့်ပြုခဲ့ပါကြောင်း၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်မှစ၍ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကုန်)နှင့် (မန္တလေး)တို့၌ အခမဲ့ဖွင့်လှစ်၍ သက်ဆိုင်ရာ နိုင်ငံများနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည့် အချက်အလက်များ၊ အလုပ်သမားရေးရာဥပဒေများနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုနှင့် ပတ်သက်၍ အသိပညာပေးခြင်း စသည်တို့ကို သင်ကြားပို့ချပေးလျက်ရှိရာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်မှစ၍ ယင်းလမ်းညွှန်သင်တန်းဖွင့်လှစ်ခြင်းကို ယာယီရပ်ဆိုင်းထားခဲ့ပါကြောင်း။

### လိုင်စင်အာမခံကြေးတိုးမြှင့်

ဝန်ကြီးဌာနအနေဖြင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝဆောင်ရွက်နိုင်ရန်၊ အမှန်တကယ်လုပ်ငန်းကို စိတ်ဝင်စားပြီး ထိရောက်အကျိုးရှိစွာလုပ်ဆောင်သည့် အေဂျင်စီများဖြစ်လာစေရန်၊ အမည်ခံဆောင်ရွက်သည့် အေဂျင်စီများ လျော့နည်းသွားစေရန်တို့အတွက် လိုင်စင်အာမခံကြေးကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၄ ရက်မှစတင်၍ ယခင် ငွေကျပ်သိန်း (၅၀) အစား ကျပ်သိန်း (၂၅၀) သို့ တိုးမြှင့်သတ်မှတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်း (၁၃) ခုသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသား(၁၀၈၆)ဦးတို့အား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် တပ်မတော် (ရေ)မှ စစ်ရေယာဉ် (၃)စင်းဖြင့် မလေးရှားနိုင်ငံ လူမွတ် (Lumut) ရေတပ်ဆိပ်ကမ်းမှလည်းကောင်း၊ အိန္ဒိယနိုင်ငံရောက် မြန်မာနိုင်ငံသား (၇၀) ကို မတ် ၁၀ ရက်တွင် တပ်မတော် (ရေ)မှ စစ်ရေယာဉ်ဖြင့်လည်းကောင်း ပြန်လည်ခေါ်ဆောင်ခဲ့ရာ မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် အဆိုပါရေယာဉ်များဖြင့်လိုက်ပါ၍ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

### မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စ

ထိုင်းနိုင်ငံတွင် MoU စနစ်ဖြင့် လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနက် ပြည်ဝင်ခွင့်ဗီဇာ သက်တမ်း(၄)နှစ်ပြည့်ပြီးသည့် အလုပ်သမားများကို မြန်မာနိုင်ငံသို့ပြန်ရန်မလိုဘဲ ထိုင်းနိုင်ငံအတွင်း၌ သက်တမ်း(၅)နှစ်ရှိသည့် သာမန်မြန်မာနိုင်ငံကူးလက်မှတ်အသစ် ထုတ်ပေးပြီး သက်တမ်းတိုးလုပ်ငန်းစဉ် ဆောင်ရွက်နိုင်ရေးနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ကိုင်ဆောင်သူများအား CI သက်တမ်းတိုးခြင်းနှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား (OWIC)ထုတ်ပေးရေးစခန်း(၅)ခု ဖွင့်လှစ်နိုင်ရေးတို့အတွက် နှစ်နိုင်ငံအစိုးရအကြား ညှိနှိုင်းစီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ "မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေး"ကို မေလကုန်တွင် Virtual ဖြင့်ကျင်းပရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု အစည်းအဝေးတွင် ပြည်ပသို့သွားရောက် အလုပ်လုပ်ကြမည့် မြန်မာအလုပ်သမားများအတွက် ကောင်းမွန်သော အကြံကောင်းဉာဏ်ကောင်းများဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအကြံပြုပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ကော်မတီပြင်ဆင်ဖွဲ့စည်းမှု အခြေအနေနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရငွေ၊ သုံးငွေ၊ လက်ကျန်ငွေစာရင်းရှင်းတမ်းတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### အလုပ်အကိုင် အဆင်ပြေစေရေး

ဆက်လက်၍ တက်ရောက်လာကြသည့် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ကော်မတီဝင်များက ကော်မတီ၏လုပ်ငန်းတာဝန်များ အောင်မြင်ရေးနှင့် ပြည်ပတွင်အလုပ်လုပ်ကိုင်သည့် မြန်မာအလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေစေရေးတို့အတွက် ဝန်ကြီးဌာနအလိုက် ပေါင်းစပ်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ လုပ်ငန်းဆိုင်ရာ အကြံပြုချက်များကို အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်ပရောက် မြန်မာအလုပ်သမားများအကျိုးအတွက် လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်



နေပြည်တော် မေ ၂၇

ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မူပိုင်ခွင့်ဥပဒေဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ပြည်တွင်းကုန်စည်စီးဆင်းမှု အခြေအနေများနှင့် ပတ်သက်၍ အပတ်စဉ် ကျင်းပသည့် ဝန်ကြီးဌာနတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ထမ်းရေးရာနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဦးစီးဌာနများမှ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို Time Frame ထားရှိဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဦးစီးဌာနများရှိ လက်အောက်ဝန်ထမ်းများကိုလည်း မိမိဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို သိရှိနိုင်စေရေး အသိပေးရန်တို့ကို မှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) ၏ (၇၇) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံ ပါဝင်တက်ရောက်

နေပြည်တော် မေ ၂၇

**ကုလသမဂ္ဂ အာရှ–ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) ၏ (၇၇) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မေ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။** (အောက်ပုံ)




အစည်းအဝေးကို "Building back better from crises through regional cooperation in the Asia and the Pacific" ခေါင်းစဉ်ဖြင့် ကျင်းပသည်။

**အမှာစကားများ ပြောကြား**

မေ ၂၆ ရက်တွင် ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနား၌ ကုလသမဂ္ဂ ဌာနချုပ်၊ စီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC) နှင့် UNESCAP မှ အကြီးအကဲများက အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး အာရှ–ပစိဖိတ် ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ/ အစိုးရ အဖွဲ့ခေါင်းဆောင်များက ကိုဗစ်–၁၉ ကပ်ရောဂါအလွန် ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်ရေးအတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဝါဒများ၊ အကြံပြုချက်များကို Video message များဖြင့် ပြောကြားခဲ့ကြသည်။

မေ ၂၇ ရက်တွင် ဆက်လက်ကျင်းပသည့် အစည်းအဝေး၌ သက်ဆိုင်ရာ နိုင်ငံအလိုက် Country Statement ပြောကြားခြင်း အစီအစဉ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ပါဝင်ပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် SDGs အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှုကုစားရေး စီမံချက် (CERP) ချမှတ်ဆောင်ရွက်ခဲ့မှု၊ ဆက်လက်၍ မြန်မာနိုင်ငံ စီးပွားရေး ပြန်လည်ဦးမော့စေရေး စီမံချက် (MERP)ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်လုပ်ဆောင်နေမှု အခြေအနေများ၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် ASEAN Comprehensive Recovery Framework (ACRF) နှင့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) တို့တွင် ပါဝင်ဆောင်ရွက်နေသည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အားလုံးပါဝင်ပြီး မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်စေရေးမူနှင့်အညီ နိုင်ငံအချင်းချင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကတိကဝတ်များကို ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို အဓိကပြောကြားသည်။

**ကူညီထောက်ပံ့မှုအရေးကြီး**

ဆက်လက်၍ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် SDGs ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက်သာမက အမျိုးသားအဆင့်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များဖြစ်သော MSDP ၊ CERP နှင့် MERPတို့ကို အကောင်အထည်ဖော်ရာ၌ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ကူညီထောက်ပံ့မှုသည် အရေးကြီးပါသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျားမ တန်းတူညီမျှရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတို့တွင် နှောင့်နှေးမှုမရှိဘဲ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ UNSCAP အဖွဲ့ဝင်နိုင်ငံများ၊ တွဲဖက်အဖွဲ့ဝင်နိုင်ငံများ၊ အလှူရှင်နိုင်ငံများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးကို မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ဒေသတွင်းနှင့် ဒေသခွဲနိုင်ငံများအတွင်း ကိုဗစ်–၁၉ တုံ့ပြန်ဆောင်ရွက်နေမှု အခြေ အနေများ၊ ဖွံ့ဖြိုးမှုအနည်းဆုံး၊ ကုန်းတွင်းပိတ်ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးဆဲ ပစိဖိတ်ကျွန်းနိုင်ငံများ၏ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် လူမှုစီးပွားသက်ရောက်မှုများအပေါ် တုံ့ပြန်ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေများ၊ အာရှ–ပစိဖိတ် ဒေသတွင်း ၂၀၃၀ အာဂျင်ဒါ အကောင်အထည်ဖော်မှု အခြေအနေများနှင့် UNESCAP မှ အဖွဲ့ဝင်နိုင်ငံများသို့ ပံ့ပိုးပေးလျက်ရှိသည့် ဦးစားပေးကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်သည်။

**နည်းပညာများပံ့ပိုး**

UNESCAP သည် အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် မေခရိုစီးပွားရေးမူဝါဒနှင့် ဘဏ္ဍာရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် တီထွင်ဖန်တီးမှု၊ ပို့ဆောင်ရေး၊ စာရင်းအင်း၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ သတင်းအချက်အလက်နည်းပညာနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် စွမ်းအင်ကဏ္ဍတို့တွင် နည်းပညာအကူအညီများ ပံ့ပိုးပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် မေ ၁၉ ရက်တွင် UNESCAP ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး နှစ်စဉ်ကျင်းပသည့် UNESCAP ၏ နှစ်ပတ်လည် အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၇

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းများသုံးသပ်ညှိနှိုင်းရေး အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၇

**နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ Nationwide Case Management Supervision Unit (NCMSU) ၏ လုပ်ငန်းများသုံးသပ်ညှိနှိုင်းရေးအစည်းအဝေးအား ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**



အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးတို့က Virtual ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုသည် လူတစ်ဦးတစ်ယောက်ချင်းစီအား ဝန်ဆောင်မှုပေးရသော လုပ်ငန်းဖြစ်ပါကြောင်း၊ လူမှုရေးရာဖြစ်သည့်အားလျော်စွာ ကျယ်ပြန့်သောကဏ္ဍအလိုက် ဝန်ဆောင်မှုများအတွက် စိန်ခေါ်မှုများရှိနေပါကြောင်း၊ အခက်အခဲများ ဖြေရှင်းပေးနေရသည့်အတွက် လုပ်ဆောင်မှုများ အားကောင်းရန်လိုအပ်ပါကြောင်း၊ ထို့ပြင် တစ်နိုင်ငံလုံးကို ဖြန့်ကြက်လွှမ်းခြုံနိုင်မှုရှိစေရန် Case Manager များ များစွာ ဆက်လက်မွေးထုတ်ရန် လိုအပ်ပါကြောင်း၊ ဦးစီးဌာနအနေဖြင့် ဖြစ်ရပ်စီမံခန့်ခွဲသူများကို လိုအပ်သည့်ပံ့ပိုးမှုများ လုပ်ပေးရမည်ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးသည် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အတွက် နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲရေးလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ (Nationwide Case Management Supervision Unit–NCMSU) နှင့် ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းစေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် ပြုလုပ်သည့် အစည်းအဝေးဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ် လူမှုရေးဆိုင်ရာ ပြဿနာများ ဖြေရှင်းရာတွင် စနစ်တကျ လေ့ကျင့်ပေးထားသော လူမှုဝန်ထမ်းသမားများ၏ အကူအညီဖြင့် ရပ်ရွာအတွင်းရှိ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများကို အသုံးပြု၍ စီမံခန့်ခွဲနေခြင်းဖြစ်ပါကြောင်း၊ ဖြစ်ရပ်စီမံခန့်ခွဲသူများအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုစနစ်တကျ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး စံလုပ်ငန်းလမ်းညွှန်ကို (၂၀၁၅) ခုနှစ်တွင် ပထမအကြိမ်အဖြစ် လည်းကောင်း၊ (၂၀၁၉)ခုနှစ်တွင် ကလေးသူငယ် ကိစ္စရပ်များသာမက ကျား/မ အခြေပြုအကြမ်းဖက်ဖြစ်ရပ်များကိုပါ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်ကို ပြင်ဆင်ဖြန့်ဝေခဲ့ပါကြောင်း။

လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုဖြစ်စဉ် အားကောင်းစေရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆက်စပ်ဌာနဆိုင်ရာများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်နေကြသော မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြစ်ရပ်စီမံခန့်ခွဲမှုများ စတင်ဆောင်ရွက်ချိန်မှ ယခုအချိန်ထိ (၆)နှစ်တာကာလအတွင်း ကလေးသူငယ်ဖြစ်ရပ်ပေါင်း (၃၃၆၀) ကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါ ဖြစ်ရပ်များအနက် ဥပဒေနှင့်ရင်ဆိုင်နေရသော ကလေးသူငယ်ဖြစ်ရပ်(၁၄၆၆)ခုနှင့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခြင်းခံရသောဖြစ်ရပ် (၁၁၆၈)ခု အပါအဝင် အခြားကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များ၏ ဖြစ်စဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များသည် အထူးအလေးထား ဆောင်ရွက်ရမည့်ကိစ္စများဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့်လည်း ကလေးသူငယ်များ၏ ဖြစ်စဉ်အပေါ်မူတည်၍ အခြားသော သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် မူဝါဒပိုင်းဆိုင်ရာ ချိတ်ဆက်၍ ဖြေရှင်းဆောင်ရွက်ပေးခြင်းနှင့် ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (National Committee on the Rights of the Child–NCRC) ၏ လုပ်ငန်းတာဝန်များနှင့်အညီ အခြားသော ဆက်စပ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူမှုရေးရာ ဖြစ်ရပ် စီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည် ပိုမိုတိုးတက်စေရန်လည်း ပုံမှန်သင်တန်း၊ မွမ်းမံသင်တန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများ၏ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွယ်ကူလျင်မြန်စွာ စုစည်းရရှိနိုင်ရန်နှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းယန္တရားအောက်တွင် ကြီးကြပ်စီမံမှုများ ပြုလုပ်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲရေးလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ (Nationwide Case Management Supervision Unit – NCMSU) ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၈ ရက်တွင် ဖွဲ့စည်းထားပြီးဖြစ်၍ ဆက်လက်ပြီး လုပ်ငန်းများ အကောင် အထည်ဖော်မှု အားကောင်းစေရန် ချိတ်ဆက်ဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် အစည်းအဝေးတက်ရောက်လာသူများကလည်း လုပ်ငန်းလိုအပ်ချက်များ၊ တွေ့ကြုံရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူက "နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲရေး လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ Nationwide Case Management Supervision Unit (NCMSU)" ၏ လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာတွင် ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်း စတင်ဖြစ်ပေါ်လာပုံ၊ NCMSU ဌာနစုအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ၊ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အို စသည့် မတူကွဲပြားသည့်ဦးတည်အုပ်စုများအလိုက်၊ ဥပဒေနှင့် ငြိစွန်းသော Case ၊ ဥပဒေနှင့် မငြိစွန်းသော Case စသည့် ဖြစ်ရပ်အမျိုးအစားများအလိုက် ဆောင်ရွက်ပေးနိုင်မှုများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၊ သတင်းအချက်လက်များ တစ်စုတစ်စည်းတည်း စုစည်းဆောင်ရွက်နိုင်ရေးဦးစီးဌာနမှ ဆောင်ရွက်မည့် Social Welfare Management Information System (SMIS) လူမှုရေးသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်တွင် ထည့်သွင်းနိုင်ရေး ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက ဖြစ်ရပ် စီမံခန့်ခွဲမှု လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လတ်တလောဆောင်ရွက်နိုင်မှု အခြေအနေများကို တင်ပြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်ချက်များအလိုက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် မေ ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၊ ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၊ လပွတ္တာမြို့၊ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၊ သာယာဝတီမြို့နယ်၊ သဲကုန်းမြို့နယ်များအတွင်းရှိ ကျေးရွာအချို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ မေ ၂၆ ရက်နှင့် ယနေ့တို့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် လေးလက်၊ လက်လုပ်သေနတ် ၄၈ လက်၊ လေသေနတ် တစ်လက်နှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# မြို့နယ်များရှိ နေရာအသီးသီး၌ ဆူပူအကြမ်းဖက်သူများ ရေးခြယ်ထားသော စာသားများရှင်းလင်း

**ရန်ကုန် မေ ၂၇**

ရန်ကုန်မြို့အတွင်း တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်လိုသူများက နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေရန် ဆန့်ကျင်ရေးစာများ ရေးသား၍ လှုံ့ဆော်ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စည်ပင်သာယာဝန်ထမ်းများက ဖျက်သိမ်း၊ ဖယ်ရှား၊ ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**




ထိုသို့ ဆောင်ရွက်ရာတွင် ယနေ့ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ မြေနီကုန်း မြောက်ရပ်ကွက်၊ ဦးဝိစာရလမ်းနှင့် ရှမ်းကုန်းလမ်းထောင့် (အ.မ.က -၁၉)ကျောင်း ခြံစည်းရိုးအုတ်တံတိုင်းနံရံ၌ အနီရောင်ဆေးဖြင့် ရေးသားထားသော ဆူပူမှုအား လှုံ့ဆော်သည့် စာသားပါ ကျောင်းဝတ်စုံ အင်္ကျီ အဖြူရောင် ၁၀ ထည်တို့အား လည်းကောင်း၊ ကျွန်းတောတောင်ရပ်ကွက် ပြည်လမ်း (အ.ထ.က-၂)ကျောင်းဝင်းတံခါးဝတွင် အနီရောင်ဆေးဖြင့် ရေးသားထားသော ဆူပူမှုအား လှုံ့ဆော်သည့် စာသားပါ ကျောင်းဝတ်စုံ အင်္ကျီအဖြူရောင် ခြောက်ထည်တို့အား လည်းကောင်း၊ မြေနီကုန်း မြောက်ရပ်ကွက် ဦးဝိစာရလမ်း လမ်းလယ်ကျွန်းတွင် အနီရောင်ဆေးဖြင့် ရေးသားထားသော ဆူပူမှုအား လှုံ့ဆော်သည့် စာသားပါ ကျောင်းဝတ်စုံ အင်္ကျီအဖြူရောင် နှစ်ထည်တို့အားလည်းကောင်း၊ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်း တည်းကုန်း ကားမှတ်တိုင်၌ ဖမ်းဆီးခံရသူများအား ပြန်လွှတ်ပေးရန် ဆေးအနီရောင်ဖြင့် ရေးထားခြင်းနှင့် နိုင်ငံရေးလှုံ့ဆော်စာများအား လည်းကောင်း၊ တောင်ဥက္ကလာပ မြို့နယ် ဝေဇယန္တာလမ်း၊ သစ္စာလမ်း၊ မေတ္တာလမ်းတို့ရှိ စစ်အာဏာရှင်ဆန့်ကျင်ရေး အမှတ်အသားများအား လည်းကောင်း ဆူပူအကြမ်းဖက်သူများမှ ချိတ်ဆွဲထားခဲ့ကြောင်းသိရှိရသဖြင့် ယနေ့ နံနက်ပိုင်းက သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးများ၊ လက်ထောက်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ရုံးဝန်ထမ်းများက ပူးပေါင်းရှင်းလင်းသိမ်းဆည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ လက်ပံတန်းမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၂ ကြိမ်ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မဲရုံ ၁၆၉ ရုံ | ၁၅၈၆၅၉ | ၁၅၇၂၈၇ | ၃၁၃၄၁ | ၁၀၂၅ | ၁၄၆၅၄ |
| ၂ | ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မဲရုံ ၁၇၆ ရုံ | ၁၃၈၄၆၂ | ၁၂၈၁၃၄ | ၂၁၂၄၉ | ၁၁၂၀ | ၁၄၇၂၄ |
| ၃ | ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မဲရုံ ၁၂၆ ရုံ | ၁၀၄၁၂၇ | ၁၀၆၂၆၅ | ၁၆၇၀၄ | ၅၄၅ | ၉၇၈၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ လက်ပံတန်းမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၄၇၁ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၄၉၃၆၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ် ဖြတ်ပိုင်းများမှာ ၂၈၇၁၉၈ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၂၁၆၇ ၊ မြေပြင်လက်ကျန် ၁၆၀၆၅၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်း ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၉၃၂၂ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၇၈၀၉ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ကဝမြို့နယ် | ၁၆၉ | ၁၇၉၃၂၀ | ၁၁၁၄၁၇ | ၆၇၉၀၃ | ၆၉၉၉၇ | ၃၁၃၉ | ၅၂၃၃ |
| ၂ | လက်ပံတန်းမြို့နယ် | ၁၇၆ | ၁၅၂၁၅၉ | ၉၇၅၉၉ | ၅၄၅၆၀ | ၅၁၂၈၃ | ၅၀၉၂ | ၁၈၁၅ |
| ၃ | အုတ်ဖိုမြို့နယ် | ၁၂၆ | ၁၁၇၈၈၆ | ၇၈၁၈၂ | ၃၉၇၀၄ | ၃၉၃၇၄ | ၁၀၉၁ | ၇၆၁ |
| | စုစုပေါင်း | ၄၇၁ | ၄၄၉၃၆၅ | ၂၈၇၁၉၈ | ၁၆၂၁၆၇ | ၁၆၀၆၅၄ | ၉၃၂၂ | ၇၈၀၉ |

### ကဝမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၁ အုပ်စု၊ မဲရုံစုစုပေါင်း ၁၆၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၇၉၃၂၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၁၁၄၁၇ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၆၇၉၀၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၉၉၉၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် ပျောက်ဆုံးမဲလက်မှတ်များ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၆၇၆၅၀ | ၁၁၀၅၈၉ | ၅၇၀၆၁ | ၅၉၁၄၆ | ၃၁၃၉ | ၅၂၂၄ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၂၂ | ၈၂၈ | -၆ | ၁ | | ၇ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၈၄၈ | | ၁၀၈၄၈ | ၁၀၈၅၀ | | ၂ |
| | စုစုပေါင်း | ၁၇၉၃၂၀ | ၁၁၁၄၁၇ | ၆၇၉၀၃ | ၆၉၉၉၇ | ၃၁၃၉ | ၅၂၃၃ |

၆။ ကဝမြို့နယ်၊ ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၁ အုပ်စု၊ မဲရုံပေါင်း ၁၆၉ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၃၁၃၉ ပျောက်ဆုံးနေပြီး ၅၂၂၄ အပိုဖြစ်နေကြောင်း တွေ့ရှိရသည်။ သဖြူ ကျေးရွာအုပ်စု မဲရုံ ၄ ရုံတွင် ထုတ်ယူရရှိသော မဲလက်မှတ်အရေအတွက် ၅၀၅၀ ဖြစ်သော်လည်း အသုံးပြုထားသည့် မဲလက်မှတ်အရေအတွက်မှာ ၅၁၄၇ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ထုတ်ပေးအရေအတွက်ထက် ၉၇ စောင် ပိုမိုသုံးစွဲထားသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် ၇ စောင် အပိုဖြစ်နေ ကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် မြို့နယ်ကြိုတင်မဲအဖြစ်အသုံးပြုရန် ၁၀၈၄၈ ထုတ်ယူရရှိထားသော်လည်း မြေပြင်လက်ကျန် ၁၀၈၅၀ ကျန်ရှိနေသဖြင့် ၂ စောင် ပိုနေသည်ကို တွေ့ရှိရပါသည်။

၇။ ကဝမြို့နယ်၊ နဘဲပင်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ အုန်းနဲ့ကျေးရွာအုပ်စု မဲရုံအမှတ်(၄)၊ ဝဲပတန်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ကံအေးကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ အလယ်ကျေးရွာအုပ်စု မဲရုံအမှတ်(၁) တို့တွင် မဲရုံသို့ မဲလာပေးသည့် မဲဆန္ဒရှင်များသည် မဲဆန္ဒရှင်စာရင်း (ပုံစံ-၁) စာအုပ်၌ လက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုး/ ရိုက်နှိပ်ထားခြင်းမရှိဘဲ ဆန္ဒမဲများ ထုတ်ပေးထားကြောင်း တွေ့ရှိရပါသည်။

၈။ ကဝမြို့နယ် မမောက်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)တွင်လည်း မဲရုံသို့ မဲလာပေးသည့် မဲဆန္ဒရှင်များသည် မဲဆန္ဒရှင်စာရင်း (ပုံစံ-၁) စာအုပ်တွင် လက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုး/ ရိုက်နှိပ်ထားခြင်းမရှိဘဲ အမှန်ခြစ် ( √ ) အမှတ်အသားပြု ဆန္ဒမဲများ ထုတ်ပေးထားကြောင်း တွေ့ရှိရပါသည်။

၉။ ကဝမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ကဝရွာသစ်ရပ်ကွက် | ၁ | ၁၂၅၀ | ၁၂၄၀ | ၁၀ | ၃၁၀ | | ၃၀၀ |
| ၂ | တံတားကြီးရပ်ကွက် | ၁ | ၇၅၀ | ၅၅၄ | ၁၉၆ | ၁၉၆ | | |
| ၃ | ကျောင်းကြီးရပ်ကွက် | ၁ | ၁၀၅၀ | ၇၉၄ | ၂၅၆ | ၂၅၆ | | |
| ၄ | မင်းပိုင်းရပ်ကွက် | ၁ | ၉၀၀ | ၆၁၆ | ၂၈၄ | ၂၈၄ | | |
| ၅ | ရုံးကြီးရပ်ကွက် | ၁ | ၁၃၅၀ | ၁၁၁၀ | ၂၄၀ | ၄၅၀ | | ၂၁၀ |
| ၆ | ခမေလေးရပ်ကွက် | ၁ | ၉၀၀ | ၇၀၆ | ၁၉၄ | ၁၉၄ | | |
| ၇ | ကန်တော်မင်္ဂလာရပ်ကွက် | ၁ | ၂၀၀၀ | ၆၁၄ | ၁၃၈၆ | ၅၈၆ | ၈၀၀ | |
| ၈ | အောင်မင်္ဂလာရပ်ကွက် | ၁ | ၈၅၀ | ၅၅၄ | ၂၉၆ | ၂၉၆ | | |
| ၉ | ဈေးကြီးရပ်ကွက် | ၂ | ၂၅၀၀ | ၁၆၄၅ | ၈၅၅ | ၈၅၅ | | |
| ၁၀ | ဘူတာရပ်ကွက် | ၁ | ၁၆၅၀ | ၁၁၂၄ | ၅၂၆ | ၅၂၆ | | |
| ၁၁ | မြို့မစံပြရပ်ကွက် | ၁ | ၁၅၀၀ | ၉၉၇ | ၅၀၃ | ၅၀၃ | | |
| ၁၂ | ရွှေပြည်အေးရပ်ကွက် | ၁ | ၁၈၀၀ | ၁၂၂၉ | ၅၇၁ | ၅၇၁ | | |
| ၁၃ | ကြာတောကျေးရွာအုပ်စု | ၁ | ၈၅၀ | ၇၂၁ | ၁၂၉ | ၁၂၉ | | |
| ၁၄ | ကျားတက်ကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၄၁၉ | ၅၃၁ | ၅၃၁ | | |
| ၁၅ | ကျောင်းတိုက်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၇၃ | ၁၇၇ | ၁၇၇ | | |
| ၁၆ | ကမ်းပြောင်ကျေးရွာအုပ်စု | ၂ | ၈၅၀ | ၅၇၆ | ၂၇၄ | ၂၇၄ | | |
| ၁၇ | ခမေကြီးကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၁၁၇ | ၃၈၃ | ၃၈၃ | | |
| ၁၈ | ခနီးကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၈၁၃ | ၄၃၇ | ၄၃၇ | | |
| ၁၉ | ခနှာကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၂၃၈ | ၄၆၂ | ၄၆၂ | | |
| ၂၀ | ခွဲကိုက်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၇၃ | ၃၂၇ | ၃၂၇ | | |
| ၂၁ | ဇီးဖြူကုန်းကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၁၈၀၅ | ၉၉၅ | ၉၉၅ | | |
| ၂၂ | ညောင်ပင်ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၅၅၉ | ၆၉၁ | ၅၅၁ | ၁၄၀ | |
| ၂၃ | နဘဲပင်ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၂၈၉ | ၆၁၁ | ၄၁၁ | ၂၀၀ | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ



ကဝမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။



လက်ပံတန်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ် ယူ ရရှိ | အသုံး ပြု | ကျန်ရှိ မည့်မဲ လက် မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၂၄ | ပေါက်ကုန်းကြီးကျေးရွာအုပ်စု | ၃ | ၂၈၅၀ | ၂၀၆၂ | ၇၈၈ | ၇၃၈ | ၅၀ | |
| ၂၅ | ဖလေးကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၂၁၉၂ | ၁၂၀၈ | ၁၂၀၈ | | |
| ၂၆ | မိုးကနိမ်း(မြန်မာ)ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၄၀ | ၃၁၀ | ၃၁၀ | | |
| ၂၇ | ဘုမ္မဇိုးကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၁၁၀၀ | ၂၅၀ | ၂၅၀ | | |
| ၂၈ | မိုးကနိမ်း(ကရင်)ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၅၀ | ၂၀၀ | ၂၀၀ | | |
| ၂၉ | မကျက်ကြီးကျေးရွာအုပ်စု | ၁ | ၃၃၅၀ | ၂၁၈၁ | ၁၁၆၉ | ၁၆၉ | ၁၀၀၀ | |
| ၃၀ | ရှမ်းကန်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၇၈၆ | ၃၁၄ | ၃၁၄ | | |
| ၃၁ | ဇင်းရွှေးကုန်း(စက်ကုန်း) ကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၈၈၀ | ၄၇၀ | ၅၇၀ | | ၁၀၀ |
| ၃၂ | သဖြူကျေးရွာအုပ်စု | ၄ | ၅၀၅၀ | ၅၁၄၇ | -၉၇ | ၉၀၃ | | ၁၀၀၀ |
| ၃၃ | သပြေကန်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၉၆ | ၃၀၄ | ၃၀၄ | | |
| ၃၄ | အင်းဝကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၅၉၀ | ၆၁၀ | ၆၁၀ | | |
| ၃၅ | ကမာဘာကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၇၈၂ | ၅၁၈ | ၅၁၈ | | |
| ၃၆ | ကသစ်ပင်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၃၃၄ | ၇၆၆ | ၇၆၆ | | |
| ၃၇ | ခမွန်ကန်ကြီးကျေးရွာ အုပ်စု | ၁ | ၉၀၀ | ၅၈၈ | ၃၁၂ | ၃၁၂ | | |
| ၃၈ | ခမွန်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၃၂ | ၃၆၈ | ၃၆၈ | | |
| ၃၉ | ဖွဲဘာကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၃၆ | ၄၆၄ | ၄၆၄ | | |
| ၄၀ | ဈေးဖလုံကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၉၈၇ | ၄၆၃ | ၄၆၃ | | |
| ၄၁ | တကောကနုတ်ကျေးရွာအုပ်စု | ၃ | ၃၈၀၀ | ၂၆၃၉ | ၁၁၆၁ | ၁၁၆၁ | | |
| ၄၂ | လက်ပံခါးရှည်ကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၂၂၃ | ၆၂၇ | ၆၂၇ | | |
| ၄၃ | ဖိုရိုးစုကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၉၂၄ | ၇၆ | ၃၂၆ | | ၂၅၀ |
| ၄၄ | ထာဝကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၈၆၁ | ၃၈၉ | ၃၃၉ | ၅၀ | |
| ၄၅ | ထဲနံကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၈၈၉ | ၅၆၁ | ၆၇၉ | | ၁၁၈ |
| ၄၆ | နိဗ္ဗာန်ကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၂၈၆ | ၇၆၄ | ၇၆၄ | | |
| ၄၇ | ပိုင်ကျုံကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၁၈၅ | ၇၆၅ | ၇၁၅ | ၅၀ | |
| ၄၈ | မက္ကဘင်းကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၁၅၇၂ | ၉၂၈ | ၉၂၈ | | |
| ၄၉ | မုဒုကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၃၁၂ | ၉၈၈ | ၉၈၈ | | |
| ၅၀ | မွေဘွေးကုန်းကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၀၂ | ၅၄၈ | ၅၄၈ | | |
| ၅၁ | ရစ်ကန်ကြီးကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၃၂၇ | ၆၇၃ | ၆၇၃ | | |
| ၅၂ | သာယာကုန်းကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၉၉၄ | ၈၅၆ | ၈၅၆ | | |
| ၅၃ | ထိတန်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၁၀ | ၂၄၀ | ၂၄၀ | | |
| ၅၄ | သံတံခါးကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၄၇ | ၃၀၃ | ၃၀၃ | | |
| ၅၅ | သင်ဘန်းကန်ကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၆၆၂ | ၈၈၈ | ၈၆၈ | ၂၀ | |
| ၅၆ | သံဒင်းကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၁၉၆၅ | ၉၃၅ | ၉၄၀ | | ၅ |
| ၅၇ | အုန်းနဲ့ကျေးရွာအုပ်စု | ၅ | ၆၉၀၀ | ၄၅၉၄ | ၂၃၀၆ | ၂၃၀၆ | | |
| ၅၈ | အလယ်ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၁၉၉၂ | ၇၅၈ | ၅၅၉ | ၁၉၉ | |
| ၅၉ | အဒူးကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၃၆၈ | ၉၈၂ | ၉၈၂ | | |
| ၆၀ | ကဒတ်စိန်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၂၈ | ၃၂၂ | ၃၂၂ | | |
| ၆၁ | ကံမြင့်ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၉၆၆ | ၄၈၄ | ၄၈၄ | | |
| ၆၂ | ကံထူးကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၀၃ | ၂၉၇ | ၂၉၇ | | |
| ၆၃ | ကံပေါ်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၄၇၃ | ၄၂၇ | ၂၂၇ | ၂၀၀ | |
| ၆၄ | ကံအောင်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၁၈ | ၃၈၂ | ၃၈၂ | | |
| ၆၅ | ကံအေးကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၃၉ | ၄၆၁ | ၄၆၁ | | |
| ၆၆ | ချမ်းသာကြီးကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၀၅၄ | ၄၉၆ | ၄၉၆ | | |
| ၆၇ | ဉာဏ်ဦးကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၈၇ | ၃၆၃ | ၃၆၃ | | |
| ၆၈ | နောင်ဘိုကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၄၈ | ၅၅၂ | ၅၅၂ | | |
| ၆၉ | ပျော်ဘွယ်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၄၄၃ | ၃၀၇ | ၃၀၇ | | |
| ၇၀ | ပေါက်ကန်ကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၂၇၆ | ၇၇၄ | ၇၈၅ | | ၁၁ |
| ၇၁ | အောင်ပင်သာကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၃၄ | ၂၆၆ | ၂၆၆ | | |
| ၇၂ | ရွှေပုံစုကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၉၈ | ၄၀၂ | ၄၀၂ | | |
| ၇၃ | ရွှေပေါက်ပင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၇၆ | ၄၂၄ | ၄၂၄ | | |
| ၇၄ | ရွှေညောင်ပင်ကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၇၇၁ | ၆၂၉ | ၆၂၉ | | |
| ၇၅ | ဝါးတောကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၇၈၉ | ၄၁၁ | ၄၁၁ | | |
| ၇၆ | သရက်ကုန်းကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၂၂၈၄ | ၉၁၆ | ၄၀၈၆ | | ၃၁၇၀ |
| ၇၇ | သပြေကန်အသင်းကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၀၀၉ | ၅၄၁ | ၄၉၃ | ၄၈ | |
| ၇၈ | အေးရွာအသင်းကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၇၃၃ | ၄၁၇ | ၄၁၇ | | |
| ၇၉ | အေးမွန်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၁၅၅ | ၅၉၅ | ၅၉၅ | | |
| ၈၀ | အောင်မြေကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၅၄၁ | ၅၅၉ | ၃၇၇ | ၁၈၂ | |
| ၈၁ | အောင်နိုင်ကြီးကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၅၄ | ၃၄၆ | ၃၄၆ | | |
| ၈၂ | အောင်သာကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၃၂၁ | ၅၂၉ | ၅၂၉ | | |
| ၈၃ | အောင်ကံလှိုင်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၁၅ | ၂၃၅ | ၂၃၅ | | |
| ၈၄ | အောင်မိတ်သာကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၄၂ | ၂၀၈ | ၂၀၈ | | |
| ၈၅ | ကန်တော်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၅၁၆ | ၅၃၄ | ၅၃၄ | | |
| ၈၆ | ကန်လှကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၉၇ | ၃၅၃ | ၃၅၃ | | |
| ၈၇ | ခဲနန်အသင်းကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၄၇ | ၂၀၃ | ၂၀၃ | | |
| ၈၈ | တံတားဦးကျေးရွာအုပ်စု | ၂ | ၈၀၀ | ၂၄၅ | ၅၅၅ | ၅၀၅ | ၅၀ | |
| ၈၉ | ထိတံအသင်းကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၂၄ | ၂၂၆ | ၂၂၆ | | |
| ၉၀ | ပင်ကလောင်ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၂၆၇ | ၉၈၃ | ၉၉၃ | | ၁၀ |
| ၉၁ | ကန်ညီနောင်ကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၈၁၁ | ၅၃၉ | ၅၃၉ | | |
| ၉၂ | ဘန်ဒါကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၆၈၅ | ၄၆၅ | ၄၆၅ | | |
| ၉၃ | ဘလောက်ကျေးရွာအုပ်စု | ၄ | ၃၂၀၀ | ၁၇၃၅ | ၁၄၆၅ | ၁၄၆၅ | | |
| ၉၄ | မိလောက်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၃၉၆ | ၅၀၄ | ၄၀၄ | ၁၀၀ | |
| ၉၅ | မမောက်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၆၂၇ | ၄၇၃ | ၄၇၃ | | |
| ၉၆ | ရွှေတဆုတ်ကျေးရွာအုပ်စု | ၂ | ၇၀၀ | ၃၁၇ | ၃၈၃ | ၄၃၃ | | ၅၀ |
| ၉၇ | ရွှေဂန်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၄၁ | ၄၅၉ | ၄၅၉ | | |
| ၉၈ | ဝဲပတန်ကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၅၁၅ | ၁၀၈၅ | ၁၀၈၅ | | |
| ၉၉ | သက္ကလအသင်းကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၉၇၆ | ၆၂၄ | ၆၂၄ | | |
| ၁၀၀ | အောင်မင်္ဂလာကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၆၇၇ | ၇၇၃ | ၇၂၃ | ၅၀ | |

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရှိ မည့်မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁၀၁ | ငွေတောင်ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၂၃၃ | ၁၀၁၇ | ၁၀၁၇ | | |
| ၁၀၂ | အောင်သပြေကျေးရွာအုပ်စု | ၁ | ၈၅၀ | ၄၆၆ | ၃၈၄ | ၃၈၄ | | |
| ၁၀၃ | အောင်ကောင်းညွှန့်ကျေးရွာအုပ်စု | ၁ | ၂၂၅၀ | ၁၀၅၆ | ၁၁၉၄ | ၁၁၉၄ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၆၉ | ၁၆၇၆၅၀ | ၁၁၀၅၈၉ | ၅၇၀၆၁ | ၅၉၁၄၆ | ၃၁၃၉ | ၅၂၂၄ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၈၂၂ | ၈၂၈ | -၆ | ၁ | | ၇ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၀၈၄၈ | - | ၁၀၈၄၈ | ၁၀၈၅၀ | | ၂ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၆၉ | ၁၇၉၃၂၀ | ၁၁၁၄၁၇ | ၆၇၉၀၃ | ၆၉၉၉၇ | ၃၁၃၉ | ၅၂၃၃ |

## လက်ပံတန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၀။ လက်ပံတန်းမြို့နယ်တွင် မဲရုံပေါင်း ၁၇၆ ရုံ ရှိပြီး စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက် ၁၅၂၁၅၉ အနက် ၁၄၂၈၀၀ စောင်အား ရပ်/ကျေးမဲလက်မှတ်၊ ၈၃၁ စောင်အား မြို့နယ်ကြိုတင်မဲလက်မှတ်နှင့် ၈၅၂၈ စောင်အား မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ်များအဖြစ် ဖြန့်ခွဲ၊ ထုတ်ပေး၊ အသုံးပြု၊ ထိန်းသိမ်းထားရှိကြောင်း တွေ့ရပါသည်။ မဲရုံများအလိုက် မဲလက်မှတ် အပို/ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရှိ မည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၄၂၈၀၀ | ၉၇၁၃၀ | ၄၅၆၇၀ | ၄၂၁၂၁ | ၅၀၉၂ | ၁၅၄၃ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၃၁ | ၄၆၉ | ၃၆၂ | ၃၆၂ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၈၅၂၈ | | ၈၅၂၈ | ၈၈၀၀ | | ၂၇၂ |
| | **စုစုပေါင်း** | **၁၅၂၁၅၉** | **၉၇၅၉၉** | **၅၄၅၆၀** | **၅၁၂၈၃** | **၅၀၉၂** | **၁၈၁၅** |

၁၁။ မြေပြင်စစ်ဆေးချက်အရ လက်ပံတန်းမြို့နယ် ပြည်သူ့လွှတ်တော် ရပ်/ကျေးမဲလက်မှတ်များ ထုတ်ယူရရှိခဲ့သော အရေအတွက်မှာ ၁၄၂၈၀၀ ဖြစ်ပြီး ၉၇၁၃၀ ဆန္ဒမဲပေးအသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၄၅၆၇၀ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၄၂၁၂၁ သာ စစ်ဆေးတွေ့ရှိရပါသည်။ မဲရုံတစ်ခုချင်းအလိုက် စိစစ်ချက်အရ မဲရုံ ၅၄ ရုံတွင် မဲလက်မှတ်အရေအတွက် ၅၀၉၂ လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၂၇ ရုံတွင် တရားမဝင် မဲလက်မှတ်ပေါင်း ၁၅၄၃ အပိုရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၂။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၈၃၁ အနက် ၄၆၉ စောင်အား ကြိုတင်မဲအဖြစ် ဆန္ဒမဲပေးအသုံးပြုထားခဲ့ပြီး ကျန်ရှိရမည့် မဲလက်မှတ် ၃၆၂ စောင်အား မြေပြင်လက်ကျန်အဖြစ် စစ်ဆေးတွေ့ရှိရသည့်အတွက် ကွာဟချက်မရှိကြောင်း တွေ့ရှိရပါသည်။

၁၃။ မြို့နယ်လက်ကျန်မဲလက်မှတ် အရေအတွက် ၈၅၂၈ အား အသုံးပြုထားခြင်းမရှိသော်လည်း မြေပြင်တွင် မဲလက်မှတ် ၈၈၀၀ စစ်ဆေးတွေ့ရှိရသည့်အတွက် တရားမဝင် မဲလက်မှတ် ၂၇၂ စောင် အပိုရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၄။ လက်ပံတန်းမြို့နယ်တစ်ခုလုံးတွင် မူလထုတ်ယူရရှိခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် အရေအတွက် ၁၅၂၁၅၉ အနက် ၉၇၅၉၉ စောင်အား ဆန္ဒမဲပေးအသုံးပြုထားခဲ့ကြောင်း တွေ့ရှိရပြီး မဲလက်မှတ်ပေါင်း ၅၁၂၈၃ စောင်ကို အသုံးမပြုဘဲ ကျန်ရှိနေသည့် ဆန္ဒမဲလက်မှတ်များအဖြစ် မြေပြင်တွင် စစ်ဆေးတွေ့ရှိရပါသည်။

၁၅။ လက်ပံတန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရှိ မည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မရပ်ကွက် | ၅၀၅၀ | ၃၄၉၆ | ၁၅၅၄ | ၁၅၅၄ | ၅၀ | ၅၀ |
| ၂ | ဘီးလင်းတန်းရပ်ကွက် | ၄၀၀၀ | ၃၀၄၁ | ၉၅၉ | ၁၁၅၉ | | ၂၀၀ |
| ၃ | မြေစီးကျေးရွာအုပ်စု | ၁၀၅၀ | ၆၂၁ | ၄၂၉ | ၃၂၉ | ၁၀၀ | |
| ၄ | မှော်အင်းကျေးရွာအုပ်စု | ၃၅၀၀ | ၂၄၈၄ | ၁၀၁၆ | ၁၀၆၆ | ၅၀ | ၁၀၀ |
| ၅ | ပုတိမ်စုကျေးရွာအုပ်စု | ၂၁၅၀ | ၁၄၄၀ | ၇၁၀ | ၇၁၀ | ၅၀ | ၅၀ |
| ၆ | မိုးအိုင်ကျေးရွာအုပ်စု | ၁၀၀၀ | ၇၄၃ | ၂၅၇ | ၂၅၇ | | |
| ၇ | ကျွန်းကလေးကျေးရွာအုပ်စု | ၂၅၅၀ | ၂၀၇၅ | ၄၇၅ | ၄၇၀ | ၅၅ | ၅၀ |
| ၈ | ချမ်းသာကုန်းကျေးရွာအုပ်စု | ၁၂၅၀ | ၈၅၂ | ၃၉၈ | ၃၉၈ | | |
| ၉ | ကြို့ပင်စခန်းကျေးရွာအုပ်စု | ၂၃၀၀ | ၁၄၈၃ | ၈၁၇ | ၆၁၇ | ၂၀၀ | |
| ၁၀ | နတ်စင်ကုန်းကျေးရွာအုပ်စု | ၁၃၀၀ | ၁၀၀၁ | ၂၉၉ | ၂၉၉ | | |
| ၁၁ | တာဆုံးကျေးရွာအုပ်စု | ၁၆၅၀ | ၉၈၀ | ၆၇၀ | ၆၂၀ | ၅၀ | |
| ၁၂ | ဆင်ကူးရွာသစ်ကျေးရွာအုပ်စု | ၂၀၀၀ | ၁၃၀၄ | ၆၉၆ | ၆၉၆ | | |
| ၁၃ | ညောင်ပိုင်းကျေးရွာအုပ်စု | ၁၈၅၀ | ၁၂၇၄ | ၅၇၆ | ၅၇၇ | ၅၀ | ၅၁ |
| ၁၄ | ခမုံဆိပ်ကျေးရွာအုပ်စု | ၇၀၅၀ | ၄၄၁၃ | ၂၆၃၇ | ၂၅၉၁ | ၁၄၆ | ၁၀၀ |
| ၁၅ | ဂုံညင်းတန်းကျေးရွာအုပ်စု | ၁၈၀၀ | ၁၃၁၂ | ၄၈၈ | ၄၈၈ | | |
| ၁၆ | တော်လသကျေးရွာအုပ်စု | ၂၂၀၀ | ၁၄၈၄ | ၇၁၆ | ၆၁၆ | ၁၀၀ | |
| ၁၇ | သီတာကုန်းကျေးရွာအုပ်စု | ၃၀၅၀ | ၁၆၆၀ | ၁၃၉၀ | ၁၀၉၀ | ၃၀၀ | |
| ၁၈ | ကညင်တိုကျေးရွာအုပ်စု | ၃၁၀၀ | ၂၁၂၂ | ၉၇၈ | ၉၄၈ | ၃၀ | |
| ၁၉ | စိန်တုံးကျေးရွာအုပ်စု | ၄၆၅၀ | ၃၂၅၃ | ၁၃၉၇ | ၁၃၄၇ | ၁၀၀ | ၅၀ |
| ၂၀ | ဇီးဖြူကုန်းကျေးရွာအုပ်စု | ၃၅၀၀ | ၂၃၂၁ | ၁၁၇၉ | ၇၇၉ | ၄၀၀ | |
| ၂၁ | ပေါက်တောစုကျေးရွာအုပ်စု | ၃၂၅၀ | ၁၈၆၂ | ၁၃၈၈ | ၁၀၄၂ | ၃၄၆ | |
| ၂၂ | တော်ကလပ်ကျေးရွာအုပ်စု | ၂၂၅၀ | ၁၇၃၇ | ၅၁၃ | ၅၁၃ | | |
| ၂၃ | ရှမ်းစုကျေးရွာအုပ်စု | ၂၂၅၀ | ၁၆၄၂ | ၆၀၈ | ၅၅၈ | ၁၀၀ | ၅၀ |
| ၂၄ | ရေလျှံကျေးရွာအုပ်စု | ၂၈၀၀ | ၂၀၉၈ | ၇၀၂ | ၇၀၁ | ၁ | |
| ၂၅ | ယွန်းသွယ်ကျေးရွာအုပ်စု | ၂၁၅၀ | ၁၅၃၄ | ၆၁၆ | ၅၆၆ | ၅၀ | |
| ၂၆ | ရေကြည်ကျေးရွာအုပ်စု | ၃၆၀၀ | ၂၆၇၁ | ၉၂၉ | ၇၂၉ | ၂၀၀ | |
| ၂၇ | ဖောခိပင်ကျေးရွာအုပ်စု | ၂၉၅၀ | ၂၁၆၈ | ၇၈၂ | ၆၃၂ | ၁၅၀ | |
| ၂၈ | မင်းရပ်ရပ်ကွက် | ၅၄၀၀ | ၃၆၄၉ | ၁၇၅၁ | ၁၇၈၅ | ၁၀၁ | ၁၃၅ |
| ၂၉ | မအူကုန်ရပ်ကွက် | ၅၃၀၀ | ၃၈၃၀ | ၁၄၇၀ | ၁၄၄၀ | ၃၀ | |
| ၃၀ | ကိုင်းတောစုကျေးရွာအုပ်စု | ၁၃၀၀ | ၉၅၃ | ၃၄၇ | ၃၄၇ | ၅၀ | ၅၀ |
| ၃၁ | ဆင်တလင်းကျေးရွာအုပ်စု | ၂၅၅၀ | ၁၉၁၃ | ၆၃၇ | ၅၉၇ | ၁၀၀ | ၆၀ |
| ၃၂ | ရေင်ကျေးရွာအုပ်စု | ၂၈၀၀ | ၁၉၆၉ | ၈၃၁ | ၈၁၇ | ၁၀၀ | ၈၆ |
| ၃၃ | သစ်ရောင်းပြင်ကျေးရွာအုပ်စု | ၁၅၀၀ | ၁၀၇၂ | ၄၂၈ | ၄၆၂ | ၁၆ | ၅၀ |
| ၃၄ | ဝါးရုံပင်ဇင်ကျေးရွာအုပ်စု | ၂၂၀၀ | ၁၄၁၀ | ၇၉၀ | ၇၉၀ | ၁၅၀ | ၁၅၀ |
| ၃၅ | ကွမ်းခြံကျေးရွာအုပ်စု | ၂၆၅၀ | ၁၆၉၉ | ၉၅၁ | ၈၅၁ | ၁၀၀ | |
| ၃၆ | ငွေးတောက်ကွင်းကျေးရွာအုပ်စု | ၇၅၀ | ၄၅၃ | ၂၉၇ | ၁၉၇ | ၁၀၀ | |
| ၃၇ | မကျီးကွင်းကျေးရွာအုပ်စု | ၁၆၅၀ | ၁၁၁၇ | ၅၃၃ | ၅၄၃ | | ၁၀ |
| ၃၈ | သိုက်ဝါးချောင်းကျေးရွာအုပ်စု | ၁၃၅၀ | ၁၀၁၆ | ၃၃၄ | ၃၃၄ | | |
| ၃၉ | နဘဲကွင်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၄၉၉ | ၇၀၁ | ၇၀၁ | ၁၀၀ | ၁၀၀ |
| ၄၀ | ဆင်ကူးဝက်လှကျေးရွာအုပ်စု | ၁၂၅၀ | ၆၉၃ | ၅၅၇ | ၅၀၀ | ၅၇ | |
| ၄၁ | ရေကန်ကျေးရွာအုပ်စု | ၁၆၅၀ | ၁၀၀၈ | ၆၄၂ | ၄၄၂ | ၂၀၀ | |
| ၄၂ | ပျဉ်ထောင်တွင်းကျေးရွာအုပ်စု | ၁၀၀၀ | ၇၃၃ | ၂၆၇ | ၂၆၇ | | |
| ၄၃ | ဂုံမင်းကွင်းကျေးရွာအုပ်စု | ၁၆၅၀ | ၁၀၇၀ | ၅၈၀ | ၄၈၀ | ၁၀၀ | |
| ၄၄ | အုတ်တွင်းကျေးရွာအုပ်စု | ၁၂၅၀ | ၈၁၀ | ၄၄၀ | ၄၄၀ | | |
| ၄၅ | မြင်ကဝကျေးရွာအုပ်စု | ၃၉၅၀ | ၂၆၈၆ | ၁၂၆၄ | ၁၁၁၄ | ၁၅၀ | |
| ၄၆ | အောင်လံကုန်းကျေးရွာအုပ်စု | ၁၉၅၀ | ၁၂၉၃ | ၆၅၇ | ၅၅၇ | ၁၀၀ | |
| ၄၇ | နတ်ဖန်ကွင်းကျေးရွာအုပ်စု | ၂၄၀၀ | ၁၅၆၄ | ၈၃၆ | ၆၈၆ | ၁၅၀ | |
| ၄၈ | ဆင်မနီကျေးရွာအုပ်စု | ၁၈၅၀ | ၁၁၇၅ | ၆၇၅ | ၆၂၅ | ၅၀ | |
| ၄၉ | သာရဝေါကျေးရွာအုပ်စု | ၆၁၅၀ | ၄၀၁၉ | ၂၁၃၁ | ၂၀၈၂ | ၁၀၀ | ၅၁ |
| ၅၀ | အိုင်တလုပ်ကျေးရွာအုပ်စု | ၄၃၀၀ | ၃၀၀၂ | ၁၂၉၈ | ၁၂၃၈ | ၆၀ | |
| ၅၁ | လုလင်ကျော်ကျေးရွာအုပ်စု | ၅၀၀၀ | ၂၇၅၈ | ၂၂၄၂ | ၁၅၉၂ | ၆၅၀ | |
| ၅၂ | ကွမ်းသီးတပင်ကျေးရွာအုပ်စု | ၂၈၅၀ | ၂၀၁၅ | ၈၃၅ | ၈၈၅ | ၁၀၀ | ၁၅၀ |
| ၅၃ | ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု | ၃၆၅၀ | ၂၆၅၃ | ၉၉၇ | ၉၉၇ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၄၂၈၀၀ | ၉၇၁၃၀ | ၄၅၆၇၀ | ၄၂၁၂၁ | ၅၀၉၂ | ၁၅၄၃ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၃၁ | ၄၆၉ | ၃၆၂ | ၃၆၂ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၈၅၂၈ | | ၈၅၂၈ | ၈၈၀၀ | | ၂၇၂ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၅၂၁၅၉ | ၉၇၅၉၉ | ၅၄၅၆၀ | ၅၁၂၈၃ | ၅၀၉၂ | ၁၈၁၅ |

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှ

## အုတ်ဖိုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၆။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်တွင် ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ မဲရုံပေါင်း ၁၂၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၁၇၈၈၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၈၁၈၂၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၉၇၀၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၉၃၇၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၀၇၂၀၀ | ၇၇၆၆၁ | ၂၉၅၃၉ | ၂၉၈၄၆ | ၄၅၄ | ၇၆၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၂၁ | ၅၂၁ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၁၆၅ | | ၁၀၁၆၅ | ၉၅၂၈ | ၆၃၇ | |
| | စုစုပေါင်း | ၁၁၇၈၈၆ | ၇၈၁၈၂ | ၃၉၇၀၄ | ၃၉၃၇၄ | ၁၀၉၁ | ၇၆၁ |

၁၇။ မဲရုံအလိုက် မဲလက်မှတ် ထုတ်ပေး၊ သုံးစွဲ၊ လက်ကျန်အရေအတွက်များ ဖွင့်ဖောက်စစ်ဆေးရာတွင် အုတ်ဖိုမြို့နယ်အတွင်းရှိ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်၊ အောင်သုခကျေးရွာတို့ ပါဝင်သော အေးမြသာယာကျေးရွာအုပ်စု မဲရုံအမှတ် (၆) မှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်တို့၏ သုံးစွဲ၊ လက်ကျန်စာအုပ်များ၊ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)တို့ ပါဝင်သော မဲရုံအိတ် ပျောက်ဆုံး နေကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၈။ သို့ဖြစ်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဦးစီးအရာရှိက အေးမြသာယာကျေးရွာအုပ်စု မဲရုံအမှတ်(၆)မှ ဦးမြတ်ကျော် (မဲရုံမှူး)၊ ဒေါ်မြတ်အေးမီဝမ်း (ဒုတိယမဲရုံမှူး)တို့အား ဆက်သွယ်စစ်ဆေးခဲ့ရာ အခြေခံပညာမူလတန်းကျောင်း (အေးမြသာယာ) တွင် သိမ်းဆည်းထားသည်ဟု စစ်ဆေးတွေ့ရှိခဲ့၍ ၂. ၄. ၂၀၂၁ ရက်နေ့ ၀၈:၄၅ နာရီတွင် လာရောက်ပို့ဆောင်သောကြောင့် ဖွင့်ဖောက်စစ်ဆေးခဲ့ပါသည်။

၁၉။ အုတ်ဖိုမြို့နယ်၊ ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ မဲရုံပေါင်း ၁၂၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၄၅၄ ပျောက်ဆုံးနေပြီး ၇၆၁ ပိုသုံးထားကြောင်း တွေ့ရှိရသည်။ မြို့နယ် ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၂၁ ၊ မဲပေးအသုံးပြု ခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၂၁ ဖြစ်သောကြောင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လက်ကျန်ဆန္ဒမဲလက်မှတ် ၁၀၁၆၅ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်စစ်ဆေးချက်တွင် ၉၅၂၈ သာ ကျန်ရှိသဖြင့် ၆၃၇ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။

၂၀။ အုတ်ဖိုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မရပ်ကွက် | ၁ | ၁၁၅၀ | ၈၅၁ | ၂၉၉ | ၂၉၉ | | |
| ၂ | မိုးညိုတန်းရပ်ကွက် | ၂ | ၃၁၅၀ | ၂၂၄၇ | ၉၀၃ | ၉၅၂ | | ၄၉ |
| ၃ | ရွာမရပ်ကွက် | ၁ | ၁၃၅၀ | ၁၁၁၇ | ၂၃၃ | ၂၃၃ | | |
| ၄ | ချောင်းဝ(ဂျီ)ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၄၁၀ | ၄၉၀ | ၄၉၀ | | |
| ၅ | နှောကုန်းကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၂၁၁ | ၆၃၉ | ၅၈၉ | ၅၀ | |
| ၆ | ပန်းတင်ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၇၆ | ၂၇၄ | ၂၇၄ | | |
| ၇ | ရှမ်းကုန်းကျေးရွာအုပ်စု | ၄ | ၃၂၀၀ | ၂၄၈၄ | ၇၁၆ | ၅၆၆ | ၁၅၀ | |
| ၈ | လွှဇင်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၃၈ | ၅၆၂ | ၅၆၂ | | |
| ၉ | ဝင်းသရက်ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၇၀ | ၅၈၀ | ၅၈၀ | | |
| ၁၀ | ဝိုင်းကျေးရွာအုပ်စု | ၅ | ၄၃၅၀ | ၃၁၄၀ | ၁၂၁၀ | ၁၂၁၀ | | |
| ၁၁ | သရက်နှစ်ဖျားလိန်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၁၈၈ | ၄၆၂ | ၄၆၂ | | |
| ၁၂ | သရက်ပင်ဆိပ်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၉၇ | ၂၀၃ | ၂၅၃ | | ၅၀ |
| ၁၃ | အုတ်ရှစ်ကုန်းကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၉၀ | ၃၁၀ | ၃၆၀ | | ၅၀ |
| ၁၄ | အလယ်ကုန်းကျေးရွာအုပ်စု | ၂ | ၈၅၀ | ၅၄၉ | ၃၀၁ | ၃၀၁ | | |
| ၁၅ | ကြို့ကိုးပင်ကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၃၆၆ | ၆၃၄ | ၆၃၄ | | |
| ၁၆ | တင်ဆိပ်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၂၀ | ၂၈၀ | ၂၈၀ | | |
| ၁၇ | တိမ်မြုပ်ကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၁၉၆၄ | ၉၈၆ | ၁၀၂၄ | | ၃၈ |
| ၁၈ | ဒေါင်းစပါးကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၆၁၁ | ၅၈၉ | ၅၈၉ | | |
| ၁၉ | လက်ပတောကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၉၇၃ | ၅၇၇ | ၅၇၇ | | |
| ၂၀ | လိပ်ဥကုန်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၉၉၈ | ၃၅၂ | ၃၅၂ | | |
| ၂၁ | အောက်ကိုင်းကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၂၁၉၈ | ၉၀၂ | ၉၀၂ | | |
| ၂၂ | ချောင်းဂေါင်းကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၄၀၄ | ၇၄၆ | ၇၉၆ | | ၅၀ |
| ၂၃ | ဖလန်ပင်ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၄၅၈ | ၄၉၂ | ၄၉၂ | | |
| ၂၄ | ဘုတလက်တန်းကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၉၈ | ၁၀၂ | ၁၀၂ | | |
| ၂၅ | ထန်းပင်ကုန်းကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၂၀၃၆ | ၉၆၄ | ၁၁၁၄ | | ၁၅၀ |
| ၂၆ | သဖန်းပင်ဆိပ်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၈၂ | ၂၁၈ | ၂၁၈ | | |
| ၂၇ | မြောင်ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၂၁ | ၂၇၉ | ၂၇၉ | | |
| ၂၈ | သဲကောကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၂၈ | ၁၂၂ | ၁၂၂ | | |
| ၂၉ | ကိုင်းကြီးကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၇၈၂ | ၇၆၈ | ၈၆၈ | | ၁၀၀ |
| ၃၀ | ကွေးချောင်းကျေးရွာရပ်ကွက် | ၁ | ၁၅၅၀ | ၁၁၇၈ | ၃၇၂ | ၃၇၂ | | |
| ၃၁ | အောင်မင်္ဂလာရပ်ကွက် | ၁ | ၁၂၀၀ | ၉၃၆ | ၂၆၄ | ၂၆၄ | | |
| ၃၂ | ကျောင်းကြီးတန်းရပ်ကွက် | ၁ | ၁၅၅၀ | ၁၁၇၉ | ၃၇၁ | ၄၂၁ | | ၅၀ |
| ၃၃ | တောင်ကုန်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၆၇ | ၂၃၃ | ၂၃၃ | | |
| ၃၄ | ထူးကုန်းကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၉၃ | ၃၅၇ | ၃၅၇ | | |
| ၃၅ | မှက္ကတန်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၇၀၀ | ၁၀၀ | ၁၀၀ | | |
| ၃၆ | လေးတဲကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၉၃ | ၁၀၇ | ၁၀၇ | | |
| ၃၇ | သင်ပန်းကုန်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၂၆၂ | ၅၃၈ | ၅၀၄ | ၃၄ | |
| ၃၈ | သရက်ကုန်းကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၄၂၅ | ၅၂၅ | ၅၀၅ | ၂၀ | |
| ၃၉ | အေးမြသာယာကျေးရွာအုပ်စု | ၇ | ၇၁၅၀ | ၄၉၆၆ | ၂၁၈၄ | ၂၀၃၄ | ၁၅၀ | |
| ၄၀ | ကျပ်ချောင်းကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၄၀၇ | ၅၄၃ | ၅၉၃ | | ၅၀ |
| ၄၁ | ဆင်ဂေါင်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၄၂၇ | ၃၇၃ | ၃၇၃ | | |
| ၄၂ | တယ်ပင်ကျောကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၁၅ | ၆၃၅ | ၆၃၅ | | |
| ၄၃ | ရှမ်းရွာကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၆၁၅ | ၄၈၅ | ၄၈၅ | | |
| ၄၄ | ကမွန်းခြံကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၉၈၄ | ၃၆၆ | ၃၆၆ | | |
| ၄၅ | တက်ဆွဲကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၇၀၇ | ၈၄၃ | ၈၄၃ | | |
| ၄၆ | ဘလားကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၅၂၀ | ၄၈၀ | ၅၀၀ | | ၂၀ |
| ၄၇ | မကျီးပင်ကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၁၀၇၄ | ၃၇၆ | ၃၇၆ | | |
| ၄၈ | မတောင့်တကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၁၉ | ၃၈၁ | ၃၈၅ | | ၄ |
| ၄၉ | ကန်သာယာကျေးရွာအုပ်စု | ၄ | ၂၅၅၀ | ၁၇၄၆ | ၈၀၄ | ၇၅၄ | ၅၀ | |
| ၅၀ | ကျွန်းကုန်းကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၈၇၈ | ၂၇၂ | ၂၇၂ | | |
| ၅၁ | ကျွန်းကောက်ပင်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၂၁ | ၁၂၉ | ၁၂၉ | | |
| ၅၂ | ဂုံညင်းတန်းကျေးရွာအုပ်စု | ၃ | ၃၅၀၀ | ၂၇၀၁ | ၇၉၉ | ၈၉၉ | | ၁၀၀ |
| ၅၃ | တယ်ပင်ရိုးကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၇၀ | ၁၃၀ | ၁၃၀ | | |
| ၅၄ | ရှားတောကွင်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၆၁ | ၁၃၉ | ၁၃၉ | | |
| ၅၅ | တင်းကုတ်ကြီးကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၁၁ | ၂၃၉ | ၂၃၉ | | |
| ၅၆ | ထောက်ကြန့်ကွင်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၁၂ | ၁၈၈ | ၁၈၈ | | |
| ၅၇ | အုတ်တွင်းကုန်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၇၇ | ၃၂၃ | ၃၂၃ | | |
| ၅၈ | နန္ဒင်းကုန်းကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၃၁၀ | ၃၄၀ | ၃၉၀ | | ၅၀ |
| ၅၉ | ငါးရှဥ့်ရိုးကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၆၆ | ၃၈၄ | ၃၈၄ | | |
| ၆၀ | အိုးသည်ကုန်း-မြို့မရပ်ကွက် | ၁ | ၁၅၅၀ | ၁၁၂၅ | ၄၂၅ | ၄၂၅ | | |
| ၆၁ | အိုးသည်ကုန်း-လမ်းမတော်ရပ်ကွက် | ၁ | ၁၂၀၀ | ၈၉၉ | ၃၀၁ | ၃၀၁ | | |
| ၆၂ | အိုးသည်ကုန်း-ပြည်တော်သာရပ်ကွက် | ၁ | ၈၅၀ | ၆၀၇ | ၂၄၃ | ၂၄၃ | | |
| ၆၃ | အိုးသည်ကုန်း-ရွာသစ်ရပ်ကွက် | ၁ | ၅၀၀ | ၄၀၃ | ၉၇ | ၉၇ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၂၆ | ၁၀၇၂၀၀ | ၇၇၆၆၁ | ၂၉၅၃၉ | ၂၉၈၄၆ | ၄၅၄ | ၇၆၁ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၅၂၁ | ၅၂၁ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၀၁၆၅ | | ၁၀၁၆၅ | ၉၅၂၈ | ၆၃၇ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂၆ | ၁၁၇၈၈၆ | ၇၈၁၈၂ | ၃၉၇၀၄ | ၃၉၃၇၄ | ၁၀၉၁ | ၇၆၁ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။
နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။

# ဖိလစ်ပိုင်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားသူ တစ်သန်းကျော်ရှိလာပြီး အိန္ဒိယတွင် ၁၇ သန်းကျော်ရှိ

**ဟောင်ကောင် မေ ၂၇**

ကိုဗစ်-၁၉ ကပ်ရောဂါသည် အာရှပစိဖိတ်နိုင်ငံများတွင် ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိရာ ဖိလစ်ပိုင်နိုင်ငံတွင် မေ ၂၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၂၀၄ ဦးတိုးမြင့်လာပြီး အိန္ဒိယနိုင်ငံတွင် စုစုပေါင်း ရောဂါကူးစက်ဖြစ်ပွားသူ ၁၇ သန်းကျော်ရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၂၃၁၄၄ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၇၆၃၆၃၀၇ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၀၀၀၀၀ ကျော်ရှိလာသည်မှာ ခြောက်ရက် ဆက်တိုက်ရှိလာပြီဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၇၇၁ ဦးရှိပြီး စုစုပေါင်းသေဆုံးသူ ၁၉၇၈၉၄ ဦး ရှိလာခဲ့သည်။

မေ ၂၆ ရက်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ထပ်မံဖြစ်ပွားနေသူ ၆၈၅၄၆ ဦး တိုးလာသောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသူ ၂၈၈၂၀၄ ဦးအထိ တိုးလာခဲ့သည်။ ထို့အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၁၄၅၅၆၂၀၉ ဦး ရှိလာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၂၀၄ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၁၃၆၁၈ ဦး ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၆၃ ဦး ရှိလာပြီး စုစုပေါင်း သေဆုံးသူ ၁၆၉၁၆ ဦးရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။ ထို့ပြင် ရောဂါပိုးကင်းစင်လာသူ ၉၁ ရာခိုင်နှုန်းရှိလာပြီဖြစ်သည်။

ဆင်ဟွာ



အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားနိုင်ငံသည် ကိုဗစ်-၁၉ မျိုးစိတ်သစ်ကူးစက်ဖြစ်ပွားမှုကို တားဆီးရန် အိန္ဒိယနိုင်ငံမှ ခရီးသွားများကို ကန့်သတ်တားမြစ်

**ဖနောင်ပင် မေ ၂၇**

ကမ္ဘောဒီးယားနိုင်ငံသည် ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားမှုကို တားဆီးနိုင်ရန် အိန္ဒိယနိုင်ငံမှ ခရီးသွားများကို မေ ၂၇ ရက်က ကန့်သတ်တားမြစ်လိုက်ကြောင်း ကျန်းမာရေးဝန်ကြီး မန်ဘန်ဟန်က ပြောကြားခဲ့သည်။ အဆိုပါတားမြစ်ချက်သည် မေ ၂၉ ရက်တွင် စတင်သက်ရောက်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံမှ ခရီးသွားများအားလုံးနှင့် အိန္ဒိယနိုင်ငံမှတစ်ဆင့် ကမ္ဘောဒီးယားနိုင်ငံသို့ ဝင်ရောက်လာမည့် နိုင်ငံခြားခရီးသွားများ အားလုံးကို နောက်ထပ်ကြေညာချက်အသစ် မထုတ်ပြန်မခြင်း ခရီးသွားခွင့်များကို တားမြစ်ရန် ကျန်းမာရေးဝန်ကြီးဌာနက ဆုံးဖြတ်ချက်ချခဲ့ကြောင်း ဘန်ဟန်က ပြောကြားခဲ့သည်။

လွန်ခဲ့သည့် သီတင်းသုံးပတ်အတွင်း အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်ရှိသူများကိုလည်း ကမ္ဘောဒီးယားနိုင်ငံသို့ ဝင်ရောက်ရန် တားမြစ်လိုက်ကြောင်း သိရသည်။



ကမ္ဘောဒီးယား လေဆိပ်တွင် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ စစ်ဆေးနေသည်ကို တွေ့ရစဉ်။

ကမ္ဘောဒီးယားနိုင်ငံသည် ဖေဖော်ဝါရီ ၂၀ ရက်မှစကာ ကိုဗစ်-၁၉ တတိယလှိုင်း ကူးစက်ဖြစ်ပွားမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

မေ ၂၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၀၈ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၀၆၃ ဦးရှိလာခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉ ကြောင့်နိုင်ငံအတွင်း သေဆုံးသူ ၈၂ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဆင်ဟွာ

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ လေးသိန်းနီးပါးရှိလာ

**ဆော်ပေါ်လို မေ ၂၇**

ဘရာဇီးနိုင်ငံ၏ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်သည် မေ ၂၆ ရက်အထိ ၃၉၁၉၃၆ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နောက်ထပ် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၈၆၃၆ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၄၃၆၉၄၂၃ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဆက်လက်ဖော်ပြသည်။



ဘရာဇီးနိုင်ငံ ဆေးရုံတစ်ရုံရှိ အထူးကြပ်မတ်ကုသဆောင်တွင် ကိုဗစ်-၁၉ လူနာများကို ကြည့်ရှုကုသပေးနေပုံကို ဆေးဘက်ဆိုင်ရာတာဝန်ရှိသူများ မှတ်တမ်းတင်နေသည်ကိုတွေ့ရစဉ်။

၂၀၂၁ ခုနှစ်စကတည်းက ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ လှိုင်းဂယက် ထပ်မံဖြစ်ပွားမှုနှင့် ရင်ဆိုင်နေရသော အကျိုးဆက်ကြောင့် နိုင်ငံ၏ ကျန်းမာရေးစနစ် အစိတ်အပိုင်း အတော်များများ ပြိုလဲခဲ့ရသည်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူ ၄၁ ဒသမ ၆ သန်းရှိသည်။ ဆင်ဟွာ

# ရုရှား၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှု ကျဆင်း

**မော်စကို မေ ၂၇**

ရုရှားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၀၅၃ ဦးရှိလာခဲ့ပြီး ယင်းက စက်တင်ဘာ ၂၇ ရက်မှစကာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။ ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၇၇၉၄၂၅ ဦးရှိကြောင်း စောင့်ကြည့်တုံ့ပြန်ရေးဌာနက မေ ၂၇ ရက်က ပြောကြားလိုက်သည်။

လွန်ခဲ့သောရက်က ကိုဗစ်-၁၉ ကြောင့် နောက်ထပ်သေဆုံးသူ ၃၉၂ ဦးတိုးလာခဲ့ရာ စုစုပေါင်းသေဆုံးသူ ၁၀၈၉၈၀ ဦးရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ကင်းစင်သွားသူ ၄၄၀၂၆၇၈ ဦးတိုးလာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အဆိုးဆုံးဖြစ်ပွားရာ မော်စကိုတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၀၉၈ ဦး အပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၈၅၀၉၄ ဦး ရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၁၂၈ ဒသမ ၂ သန်းပြုလုပ်ခဲ့ပြီးဖြစ်သည်။ ၇ ဒသမ ၅ သန်းနီးပါး ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးဖြစ်သလို ၁၁ ဒသမ ၉ သန်းကိုလည်း ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပေးပြီးကြောင်း ရုရှား ဒုတိယဝန်ကြီးချုပ် တာယာနာဂိုလီကိုဗာက ပြောကြားလိုက်သည်။

ဆင်ဟွာ

# အီကွေဒေါနိုင်ငံ၌ ကိုဗစ်-၁၉ တားဆီးရေး ညမထွက်ရအမိန့် ဖောက်ဖျက်သူ ၁၇၆ ဦးကို ဖမ်းဆီး

**ကွိုက်တို မေ ၂၇**

အီကွေဒေါနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် ရည်ရွယ်၍ အသစ်ထပ်မံချမှတ်လိုက်သော ညမထွက်ရအမိန့်ကို ဖောက်ဖျက်ကျူးလွန်သူ ၁၇၆ ဦးကို ဖမ်းဆီးလိုက်ကြောင်း အစိုးရအဖွဲ့ဝန်ကြီး ဂါဘရီယယ်မာတီနက်ဇ်က ပြောကြားလိုက်သည်။

နိုင်ငံ၏ပြည်နယ် ၂၄ ခုအနက် ၁၆ ခုတွင် ညမထွက်ရအမိန့်ကို ဖောက်ဖျက်ခဲ့သူ ၁၇၆ ဦးကို တစ်ပတ်အတွင်း ဖမ်းဆီးခဲ့ကြောင်း မာတီနက်ဇ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ ၎င်းတို့ကို နိုင်ငံ၏ ဥပဒေပုဒ်မ ၂၈၂ အရ ထောင်ဒဏ် တစ်နှစ်မှ သုံးနှစ်အထိ အပြစ်ပေးနိုင်ကြောင်း သိရသည်။

ပြစ်ဒဏ်သည်ကြမ်းတမ်းသော်လည်း တရားခံများအနေဖြင့် တရားဥပဒေကြောင်းအရ ခုခံပိုင်ခွင့်ရှိကြောင်း မာတီနက်ဇ်က ဆက်လက်ပြောကြားသည်။ ဆင်ဟွာ

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈ ဦး တွေ့ရှိ

## COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂,၇၇၈ ဦးရှိ

### (၂၇–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၆–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၇၁,၂၅၇) ခု အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၇၇၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၅၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့ အထိ သေဆုံးသူစုစုပေါင်း (၃,၂၀၈) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်း များအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



ချင်းပြည်နယ် ဟားခါးမြို့၌ ဆရာတော်များအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် ဧပြီ ၂၇**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါ အဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် (၆၅) နှစ် အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများ ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများ ကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင် ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး မြို့၊ ညောင်ရွှေမြို့၊ ကလောမြို့၊ ဖယ်ခုံမြို့၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့၊ ပင်လောင်းမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ဘောလခဲမြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ ပန်းတနော်မြို့၊ အင်္ဂပူမြို့၊ ချင်းပြည်နယ် ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်၊ တွန်းဇံမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်များ အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

### ၂၇-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၈၇၇၄၇၀ | ၂၅၄၇၅၇၈၉ | ၅၈၆၆၁၆ |
| ၂။ | အိန္ဒိယ | ၁၇၆၃၆၃၀၇ | ၁၄၅၅၆၂၀၉ | ၁၉၇၈၉၄ |
| ၃။ | ဘရာဇီး | ၁၄၃၇၀၄၅၆ | ၁၂၈၇၉၀၅၁ | ၃၉၂၂၀၄ |
| ၄။ | ပြင်သစ် | ၅၅၀၃၉၉၆ | ၄၄၀၅၃၁၉ | ၁၀၃၂၅၆ |
| ၅။ | ရုရှား | ၄၇၇၉၄၂၅ | ၄၄၀၂၆၇၈ | ၁၀၈၉၈၀ |
| ၆။ | တူရကီ | ၄၆၆၇၂၈၁ | ၄၁၂၁၆၇၁ | ၃၈၇၁၁ |
| ၇။ | ဗြိတိန် | ၄၄၀၆၉၄၆ | ၄၁၉၇၆၇၂ | ၁၂၇၄၃၄ |
| ၈။ | အီတလီ | ၃၉၇၁၁၁၄ | ၃၃၉၈၇၆၃ | ၁၁၉၅၃၉ |
| ၉။ | စပိန် | ၃၄၈၈၄၆၉ | ၃၁၈၂၈၉၄ | ၇၇၇၃၈ |
| ၁၀။ | ဂျာမနီ | ၃၃၀၇၇၆၉ | ၂၉၃၁၄၀၀ | ၈၂၃၄၄ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၇ – ၄ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၅၁၇၉၄ | ၁၅၀၆၅၉၉ | ၄၄၉၃၉ |
| ဖိလစ်ပိုင် | ၁၀၁၃၆၁၈ | ၉၂၅၀၂၇ | ၁၆၉၁၆ |
| မလေးရှား | ၃၉၈၄၅၁ | ၃၇၁၅၇၅ | ၁၄၆၂ |
| မြန်မာ | ၁၄၂၇၇၈ | ၁၃၁၉၅၁ | ၃၂၀၈ |
| စင်ကာပူ | ၆၁၀၆၃ | ၆၀၆၈၂ | ၃၀ |
| ထိုင်း | ၅၉၆၈၇ | ၃၃၅၅၁ | ၁၆၃ |
| ကမ္ဘောဒီးယား | ၁၁၀၆၃ | ၃၇၀၄ | ၈၂ |
| ဗီယက်နမ် | ၂၈၅၇ | ၂၅၁၆ | ၃၅ |
| လာအို | ၅၁၁ | ၄၉ | ၀ |
| ဘရူနိုင်း | ၂၂၃ | ၂၁၂ | ၃ |

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၂၇

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားပြီးဖြစ်သည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ ကျော်လှိုင်စိုး (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ အေးမြသူ (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ သန်းထွန်းအောင် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ မင်းခန့် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ စိုင်းစိုင်း (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ ချမ်းမြေ့အောင် (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံ | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ ရှိုင်းထက်အောင် (လ/ထ ဆရာဝန်) | ကတိုင်တိ တိုက်နယ်ဆေးရုံ | ကတိုင်တိ မြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ စိုးဝင်းထွဋ် (လ/ထ ဆရာဝန်) | ဝေါလေ တိုက်နယ်ဆေးရုံ | ဝေါလေမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ သန်းငွေအောင် (လ/ထ ဆရာဝန်) | ကျိုက္ခမီ တိုက်နယ်ဆေးရုံ | ကျိုက္ခမီမြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ နီနီအောင် (လ/ထ ဆရာဝန်) | ကျိုက္ခမီ တိုက်နယ်ဆေးရုံ | ကျိုက္ခမီမြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၁၁ | ဒေါက်တာ သိမ့်သိမ့်လင်း (လ/ထ ဆရာဝန်) | သံဖြူဇရပ် ပြည်သူ့ဆေးရုံ | သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၁၂ | ဒေါက်တာ မင်းဇော်အေး (အထူးကု) | ဖန်းမော် ပြည်သူ့ဆေးရုံကြီး | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၃ | ဒေါက်တာမြတ်သီတာအေး (လ/ထ ဆရာဝန်) | ဖန်းမော် ပြည်သူ့ဆေးရုံကြီး | ဖန်းမော်မြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၄ | ဒေါက်တာ ရွှေစင်သိန်းတန် (လ/ထ ဆရာဝန်) | ဖန်းမော် ပြည်သူ့ဆေးရုံကြီး | ဖန်းမော်မြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၅ | ဒေါက်တာ သုထင် (လ/ထ ဆရာဝန်) | ဖန်းမော် ပြည်သူ့ဆေးရုံကြီး | ဖန်းမော်မြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၆ | ဒေါက်တာ ထက်အောင် (လ/ထ ဆရာဝန်) | ကျိုင်းတုံပြည်သူ့ ဆေးရုံ | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၁၇ | ဒေါက်တာ အောင်ကျော် (လ/ထ ဆရာဝန်) | ကျိုင်းတုံပြည်သူ့ ဆေးရုံ | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၁၈ | ဒေါက်တာ ရဲနိုင်ဝင်း (အထူးကု) | မြင်းခြံ ပြည်သူ့ဆေးရုံ | မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၉ | ဒေါက်တာ ခင်မောင်စိုး (အထူးကု) | မြင်းခြံ ပြည်သူ့ဆေးရုံ | မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂၀ | ဒေါက်တာ မောင်မောင်ဦး (အထူးကု) | မန္တလေး ပြည်သူ့ဆေးရုံကြီး | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာထက်အောင် (လ/ထ ဆရာဝန်) နှင့် ဒေါက်တာအောင်ကျော် (လ/ထ ဆရာဝန်) တို့သည် "စေတနာ"ဆေးရုံ၌လည်းကောင်း၊ မြင်းခြံပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာရဲနိုင်ဝင်း (အထူးကု) နှင့် ဒေါက်တာခင်မောင်စိုး (အထူးကု)တို့သည် "ဝင်း" ဆေးရုံ၌ လည်းကောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာမောင်မောင်ဦး (အထူးကု)သည် "မြို့တော်" ဆေးရုံ၌လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာ ထက်အောင်နှင့် ဒေါက်တာ အောင်ကျော်(အထူးကု၊ ကျိုင်းတုံပြည်သူ့ဆေးရုံကြီး) တို့အား ဆေးကုသခွင့်ပေးထားသည့် "စေတနာ"ဆေးရုံ မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ထက်အောင်



ဒေါက်တာ အောင်ကျော်

စာမျက်နှာ ၁၇ သို့

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၇

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**



အစည်းအဝေးသို့ ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ဥပဒေစိစစ်အကြံပြုရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ရှေ့နေချုပ်က ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ စီမံခန့်ခွဲရေးအစည်းအဝေး အမှတ်စဉ် ၁/၂၀၂၁ တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ "ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးတွင် ဥပဒေများရေးဆွဲပြီး ပြဋ္ဌာန်းခြင်းမပြုနိုင်သေးသည့် ဥပဒေများ များစွာရှိသည်ဟု သိရှိရကြောင်း၊ တက္ကသိုလ်များရှိ ဥပဒေဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ၊ ဆရာမများကို ထုတ်နုတ်ပြီး ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ပူးပေါင်း၍ ဥပဒေများ အမြန်ဆုံး ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်"ဟု လမ်းညွှန်ချက်အရ သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မတ် ၉ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပြီး လတ်တလော ပြဋ္ဌာန်းသင့်သည့် ဥပဒေကြမ်းများစာရင်းကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံးသို့ တင်ပြခဲ့ကြောင်း။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)မှာ နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့် ဆန့်ကျင်မှုမရှိသည့်ပြင် လတ်တလောပြဋ္ဌာန်းရန် လိုအပ်သည့် ဥပဒေဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့်အပြင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ဗုဒ္ဓဓမ္မ ဒီပလိုမာသင်တန်းနှင့် ဝိဇ္ဇာတွဲ၊ မဟာဝိဇ္ဇာတွဲ၊ ပါရဂူတွဲ သင်တန်းများကို ဇွန် ၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုပါရန် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက မတ် ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက "ခွင့်ပြုကြောင်း" နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးက မတ် ၂၅ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ကြောင်း သက်ဆိုင်ရာဌာနက တင်ပြခဲ့သည့်အတွက် ယခုကဲ့သို့ ညှိနှိုင်းဆွေးနွေးရခြင်း ဖြစ်ကြောင်း၊ လတ်တလော ပြဋ္ဌာန်းရန်သင့်သည့် အခြားဥပဒေများနှင့် စပ်လျဉ်း၍လည်း ယခုကဲ့သို့ အစည်းအဝေးများကို ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) နှင့် စပ်လျဉ်း၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ဝန်ကြီးဟောင်း ဒေါ်နီလာကျော်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဧပြီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တွင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်နီလာကျော်အပေါ် လုပ်ထုံးလုပ်နည်းနှင့် မညီသော လုပ်ငန်းဆောင်ရွက်မှုများကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ဝန်ကြီးဟောင်း ဒေါ်နီလာကျော်သည် ဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်သည့် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က Quality Controller Company ရွေးချယ်ရေးအဖွဲ့၌ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ၎င်း၏လုပ်ပိုင်ခွင့်ကို အသုံးချ၍ ၎င်းနှင့် ခင်မင်ရင်းနှီးသည့် ကုမ္ပဏီကို Quality Controller Company အဖြစ် အသိအမှတ်ပြုလွှာထုတ်ပေးခြင်း၊ အရည်အသွေးစစ်ဆေးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် လုပ်ငန်းချထားပေးခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် မတ်လမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ ကာလအတွင်း လုပ်ငန်းစုစုပေါင်း (၁၅၇၇)ခုမှ အရည်အသွေး စစ်ဆေးခအဖြစ် ဝင်ငွေ ငွေကျပ်သိန်း ၁၆၆၀၀ ကျော်ကို ရရှိစေခဲ့ပြီး ၎င်းကုမ္ပဏီထံမှ ငွေကျပ် ၉၁၈ ဒသမ ၂၄ သိန်းကို ၎င်းကိုယ်တိုင် လက်ခံရယူခဲ့ခြင်း၊ ငွေကျပ် ၅၉၅ ဒသမ ၃၆ သိန်းကို ၎င်း၏ အိမ်အကူမှတစ်ဆင့် လက်ခံရယူခဲ့ခြင်း၊ ငွေကျပ် သိန်း ၂၁၃၀ ကို ၎င်းကိုယ်စား ပုဂ္ဂိုလ်တစ်ဦးထံသို့ သွားရောက်အကြွေးဆပ်စေခြင်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၃၆၄၃ ဒသမ ၆၀ ကို လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်အရ ပေးအပ်ထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဒေါ်နီလာကျော်အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*



ဒေါက်တာ ရဲနိုင်ဝင်းနှင့် ဒေါက်တာ ခင်မောင်စိုး(အထူးကု၊ မြင်းခြံ ပြည်သူ့ဆေးရုံကြီး) တို့အား ဆေးကုသခွင့်ပေးထားသည့် "ဝင်း"ဆေးရုံ မှတ်တမ်းဓာတ်ပုံ





ဒေါက်တာ ရဲနိုင်ဝင်း ဒေါက်တာ ခင်မောင်စိုး



ဒေါက်တာ မောင်မောင်ဦး(အထူးကု၊ မန္တလေး ပြည်သူ့ဆေးရုံကြီး)အား ဆေးကုသခွင့်ပေးထားသည့် "မြို့တော်"ဆေးရုံ မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ မောင်မောင်ဦး

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကို လက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များ ထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိကဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# နိုင်ငံရေးကို အွန်လိုင်းပေါ်မှာထက် လက်တွေ့မြင်အောင်ကြည့်ဖို့လိုပါတယ်

## ကိုသံချောင်း – မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁၅)

ဒေါင်

> **“နိုင်ငံရေးကို အွန်လိုင်းမှာမြင်ရတဲ့ အာတူးပီ၊ အေဖိုးပီ၊ ယူအန်လောက်ကိုပဲ ကော်ပီယူလိုက်၊ ပေစ့်လုပ်လိုက် လုပ်နေကြတာဟာ အတော်ကိုဆိုးရွားတာပဲ။ ခင်ဗျားတို့ ကျွန်တော်တို့လို ဘွဲ့လေး မတောက်တခေါက်ရပြီး လူရာမဝင့်တဝင်တွေက လုပ်တာထက် ပညာတွေ တောင်လိုအပုံကြီးတတ်ကြတဲ့၊ ပြည်သူတွေရဲ့ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေကို ဦးဆောင်ထမ်းရွက်ပေးနေတဲ့ တော်လှန်ရေးဆရာဝန်တွေ၊ ကျောင်းဆရာတွေ ပါဝင်နေတာကတော့ စိတ်မကောင်းပါဘူးဗျာ။ နိုင်ငံရေးကို အွန်လိုင်းပေါ်မှာ မြင်နေတွေ့နေတာထက် ကျော်ကြည့်ဖို့တော့ လိုတာပေါ့ဗျာ”**

ပူပြင်းတဲ့နွေရာသီညဦးပိုင်းတွေဟာ ယခင်အချိန်တွေဆိုရင် လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ အပေါင်းအသင်းတွေနဲ့ ထွေရာလေးပါး စကားလက်ဆုံကျချိန်တွေပေ့ါ။ အခုတော့ ကိုဗစ်ကပ်ရောဂါကြီးကြောင့်အပြင် အယူအဆမတူညီတာတွေများလို့ လမ်းထိပ်မရောက်ဖြစ်တာ ကြာခဲ့ပြီ။ နေ့စဉ် ည ၈ နာရီ သတင်းထူးလေးကြည့်ပြီး အိမ်နီးချင်းလောက်နဲ့သာ စကားပြောနိုင်တော့တာ။ အိမ်နီးချင်းတွေထဲမှာမှ ထူးထူးခြားခြား မစာဥကတော့ နိုင်ငံရေးကို အတော်နှံ့စပ်တယ်ဆိုပြီး သူ့ဟာသူ သတ်မှတ်ထားတဲ့သူပေ့ါ။ သူ့ရဲ့ အတွေးအခေါ်တွေက အရင်က လတ်လတ်ဆတ်ဆတ်ရှိပေမယ့် အခုနောက်ပိုင်း အွန်လိုင်း User ဖြစ်ကတည်းက အပျိုကြီးဟာ ကော်ပီအတွေးလောက်သာ ရှိတော့တယ်။ အတွေးဆုံးသည်နှင့် မစာဥထံ ကိုသံချောင်းက ခြေလှမ်းပြင်မိပါတယ်။

“ကိုသံချောင်းကြီးက ကျွန်မ အိမ်လည်မလာလို့ ထင်တယ် ။။ လိုက်လာပြီပေ့ါလေ..”

“ဒါပေ့ါဗျာ.. ခင်မင်မိတော့လည်း မစာဥနဲ့မှ စကားလက်ဆုံမကျမိရင် စားမဝင် အိပ်မပျော်ဖြစ်ရလို့ လိုက်လာမိတာပေ့ါ..”

“အလိုရှင်.... ရှင်ကလည်း ခင်မိတာနဲ့ပဲ မတွေ့ရရင် မနေနိုင်တဲ့ မကြားဖူးပေါင်”

တွေ့လိုက်တိုင်း မစာဥ၏ စကားသံချိုချိုက ကိုသံချောင်းရင်ထဲ ဂွမ်းဆီထိ သာယာနေတတ်ပြန်၏။ ဒီအပျိုကြီးနဲ့ နီးစပ်ဖို့ရာကလည်း တိုင်းရေးပြည်ရေး ခြေခင်းလက်ခင်းသာဖို့ အရင်ဆုံးဆုတောင်းရသည် မဟုတ်ပါလား။

“မစာဥကို ကျွန်တော် ဒီရက်ပိုင်းမတွေ့မိပါလား။ ကေန္တ ခင်ဗျား ၂၄ ရက်နေ့ကို စောင့်ကြည့်ပြီး အပြင်မထွက်တာနေမယ် ဟုတ်ရဲ့လား”

“အမှန်ပဲပေ့ါရှင်။ မေ ၂၄ ရက်မှာ အာဆီယံ ထိပ်သီးခေါင်းဆောင်တွေ အစည်းအဝေးရှိတယ်။ ထူးခြားမယ်ဆိုပြီး ကျွန်မ စောင့်ကြည့်နေတာရှင့်”

“လုပ်ပါဦးဗျာ။ ဘာတွေများ ထူးခြားသလဲလို့၊ ကျွန်တော်ဖြင့် မြင်ရတွေ့ရတာ အားရစရာကောင်းလွန်းလို့ သဘောတွေကို လွှတ်ကျနေတာပဲဗျို့၊ ကျွန်တော်တို့ရဲ့ အစိုးရက ကော်ဇောနီပေါ်မှာ လဂျီတမေစီကို ရဲရဲတင်းတင်း ပြသခဲ့တာပဲ မဟုတ်လားဗျာ။ ဒါက တိုင်းပြည်အတွက်၊ ပြည်သူတွေအတွက် အားတစ်ရပ်ဖြစ်တာပေ့ါဗျာ”

“ကျွန်မကတော့ ဘာဖြစ်မလဲ၊ ဘာဖြစ်မလဲ စောင့်ကြည့်ရတာ ကျွန်မတို့ထင်သလိုက မဖြစ်လာဘူးရှင့်။ အွန်လိုင်းအစိုးရဆိုတာက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖိတ်ကြားဖို့မလိုဘူး။ သူတို့ကို ဖိတ်ကြားပါဆိုပြီး စာပို့တာလည်း ရှင်သိတယ် မဟုတ်လား။ အားလုံးက အကြောင်းပြန်ဖို့စောင့်ပေမယ့် မထူးခြားဘူးရှင့်။ ဒါတင်မကသေးဘူး။ ဟိုရောက်ရင် တပ်ချုပ်ကို တစ်ခါတည်း ဖမ်းပစ်မယ် ပြောတာလည်း ကြားမိသေးတယ်။ အာတူးပီက အဲဒီလိုအချိန်ဝင်ပြီ မှတ်နေတဲ့ ကျွန်မ မိတ်ဆွေတွေလည်း ရှိသေးရဲ့။ အားလုံးက ဟင်ခနဲ၊ ဟာခနဲပေ့ါရှင်။ ကျွန်မတောင် ၂၄ ရက်နေ့က လပေးရောင်းတဲ့ အထည်ဖိုးတွေ လိုက်မသိမ်းရဲဘူး။ တိုင်းပြည်က ဘာဖြစ်မလဲဆိုပြီး အိမ်မှာပဲ နေနေတာပေ့ါ”

“ဒါပေ့ါ မစာဥရယ်။ **နိုင်ငံရေးကို အွန်လိုင်းမှာမြင်ရတဲ့ အာတူးပီ၊ အေဖိုးပီ၊ ယူအန်လောက်ကိုပဲ ကော်ပီယူလိုက်၊ ပေစ့်လုပ်လိုက် လုပ်နေကြတာဟာ အတော်ကိုဆိုးရွားတာပဲ။ ခင်ဗျားတို့ ကျွန်တော်တို့လို ဘွဲ့လေး မတောက်တခေါက်ရပြီး လူရာမဝင့်တဝင်တွေက လုပ်တာထက် ပညာတွေ တောင်လိုအပုံကြီးတတ်ကြတဲ့၊ ပြည်သူတွေရဲ့ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေကို ဦးဆောင်ထမ်းရွက်ပေးနေတဲ့ တော်လှန်ရေးဆရာဝန်တွေ၊ ကျောင်းဆရာတွေ ပါဝင်နေတာကတော့ စိတ်မကောင်းပါဘူးဗျာ။ နိုင်ငံရေးကို အွန်လိုင်းပေါ်မှာ မြင်နေတွေ့နေတာထက် ကျော်ကြည့်ဖို့တော့ လိုတာပေ့ါဗျာ”**

“ရပါတယ်ရှင်။ ကျွန်မတို့ ဆရာတွေကလည်း ကြိုစီမံထားပြီးသားပါ။ အာတူးပီဆိုတာ ရုရှားနဲ့ တရုတ်တို့မရှိမှဘဲ ဖြစ်နိုင်မယ်လို့ သူတို့က ခန့်မှန်းထားတာပေ့ါ။ ဒါကြောင့် ပြည်သူ့တပ် ဖက်ဒရယ်အာမီဖြစ်လာအောင် ကြိုးပမ်းနေတာပေ့ါရှင့်”

“အမလေး ဟိုတယ်ပေါ်မှာ တပ်ဖွဲ့လိုက်တဲ့ အာမီလား မစာဥရဲ့။ ကြောက်စရာပါပဲဗျာ။ ဒါနဲ့ တကယ်တမ်း စစ်တိုက်တာက အွန်လိုင်းဂိမ်းစစ်တိုက်တမ်း ကစားသလို ဝိုင်ဖိုင်အလကားရတဲ့ နေရာသွားထိုင်ပြီး ပစ်ရတာ မဟုတ်ဘူးဆိုတာ လူငယ်တွေက သိကြပါလိမ့်မယ် အစ်မကြီးရယ်။ နောက်ကွယ်က မြှောက်ပေးနေတိုင်း လူငယ်တွေက မအကြိုက်တော့ပါဘူးဗျာ”

“ဒါတော့မသိဘူးရှင်။ **ရှင်တို့ ကျွန်မတို့လို ဂျန်–ဝိုင်တွေ၊ လူငယ်ဆယ်ကျော်သက် ဂျန်–ဇီတွေကတော့ ဘာဆက်လုပ်ရမှန်းကို မသိတော့ဘူးပေ့ါရှင်။ ရှင်သိတဲ့အတိုင်း CDM လုပ်တဲ့ ဝန်ထမ်းတွေကလည်း ရုံးတွေပြန်တက်နေကြပြီ။ သူတို့ ဘက်ကကြည့်တော့လည်း ဘယ်လောက်တောင့်ခံရမှန်း မသိတာကို မိသားစုစားဝတ်နေရေးအတွက် ဆက်ပြီး သည်းမခံနိုင်တာ မဆန်းပါဘူး။ အနုပညာရှင်တွေထဲက မြှောက်ပေးကြတဲ့သူတွေလည်း ပုဒ်မတွေ တစ်သီတစ်တန်းနဲ့ ပြေးလွှားနေကြရပြီဆိုတော့ကာ နိုင်ငံရေးစည်းဝိုင်းထဲက ခုန်ထွက်ကြသူတွေ ပိုများလာတော့မှာပါပဲ”**

“မစာဥက ရုပ်ချောအပြောကောင်းသလို ဉာဏ်ကလည်း မတိမ်ဘူးဗျ။ ကျွန်တော်က အဲဒါတွေကြောင့် မစာဥမှ မစာဥဆိုပြီး ခင်မင်ရတာ...” အရွှန်းဖောက်ပြောလိုက်သော်လည်း မစာဥကား အတွေးစမပြတ် ဆက်၍. . .

“လက်ရှိ ကျွန်မမြင်တာတော့ ပြည်သူတွေက အေးချမ်းလုံခြုံမှုကို ပိုတန်ဖိုးထားကြတယ်ရှင့်။ တိုင်းပြည်မအေးချမ်းတာဟာ ပြည်သူတွေ စီးပွားရှာစားဖို့ ခက်တယ်၊ ကလေးတွေ ပညာသင်ဖို့ ခက်တယ်၊ ဝန်ထမ်းတွေ အလုပ်သွားဖို့ ခက်တယ်ရှင့်။ အမြန်ဆုံးနာလန်ထူဖို့ အားလုံးမှာ တာဝန်ရှိတယ်”

“ဟုတ်တာပေ့ါ မစာဥရယ်။ **တိုင်းပြည်ကို ပြာပုံထဲ မွဲရေ့ဆိုပြီး အတင်းမီးရှို့နေကြသူတွေရဲ့ စနက်တံတွေကို ငြိမ်းသတ်နေရတဲ့ အခြေအနေပေ့ါဗျာ။ အခု မီးညွန့်ကတော့ ကျိုးပါပြီဗျ။ မီးကြွင်းမီးစတွေကိုတော့ ငြိမ်းသတ်ရဦးမှာပဲ။ မီးကြွင်း မီးကျန်ကနေ ပြန်ပြီး မီးတောက်မလာအောင်လည်း လက်စသိမ်းရမှာက နိုင်ငံတော်အစိုးရရဲ့ အလုပ်ပေ့ါဗျာ။ ဒါမှသာ ပြည်သူတွေ အေးအေးချမ်းချမ်းနဲ့ အိုကေမှာ စိုပြည်သွားမှာ မဟုတ်လား** အပျိုကြီးရဲ့”

“ထားပါတော့ရှင်။ ဒါနဲ့ ရှင်ခုနက အားရတယ်ဆိုတဲ့ အာဆီယံအစည်းအဝေးအကြောင်းကိုလည်း အတိုချုပ်ပြီး ပြောပြပါဦးရှင့်။ ကျွန်မရဲ့ ဖရန့်တွေထဲမယ် တော်လှန်ရေးသမားတွေက ပိုများတော့ သတင်းဆိုရင် တစ်ဖက်အသံ သိပ်မကြားရဘူးရှင့်”

“အဲဒါပေ့ါဗျာ။ ည ၈ နာရီ သတင်းကြည့်ဆိုရင် သံပုံးတီးတယ်၊ သတင်းစာဖတ်ပါဆိုရင် လမ်းထိပ်မှာ ကမန်းကတမ်း လိုက်ဝေနေတဲ့ ခိုးကြောင်ခိုးဝှက်စာစောင်ဖတ်တော့ သတင်းမှန် ခင်ဗျားတို့ ဘယ်လိုရပါတော့မလဲဗျ။ **အာဆီယံခေါင်းဆောင်တွေ အစည်းအဝေးကို တစ်ကမ္ဘာလုံးက စောင့်ကြည့်နေတာဗျ။ အဲဒီအစည်းအဝေးမှာ နိုင်ငံတော်အစိုးရက Legitimacy လို့ခေါ်တဲ့ တရားဝင်တဲ့ အားလုံးအသိအမှတ်ပြုတဲ့၊ ဩဇာအာဏာရှိတဲ့ နိုင်ငံ့အစိုးရဆိုတာကို ကမ္ဘာကသိသွားတာပေ့ါဗျာ။ အာဆီယံကလည်း မြန်မာ့နိုင်ငံရေးအပေါ် ဘယ်လိုသဘောထားတယ်ဆိုတာကို ပြသခဲ့တဲ့ပွဲပဲပေ့ါ။ နစကရဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိ နိုင်ငံရေးဖြစ်စဉ်အမှန်ကို ကမ္ဘာနဲ့ ဒေသတွင်းနိုင်ငံတွေကို ဒီအစည်းအဝေးကနေတစ်ဆင့် ပြသခွင့်ရခဲ့တာပေ့ါ။ အာဆီယံနဲ့ မြန်မာ ရှေ့ဆက်လက်တွဲမယ့် အစီအမံတွေလည်း ချမှတ်ခဲ့တာပေ့ါဗျာ။ ဒါတင် မကသေးဘူး မစာဥရဲ့၊ ပြည်သူတွေကို လမ်းမှားရောက်အောင် တွန်းပို့နေတဲ့ လေလှိုင်းပေါ်က ဝရမ်းပြေးအဖွဲ့ဟာ အရေးမပါတဲ့ အဖွဲ့အစည်းဆိုတာကို သက်သေပြလိုက်နိုင်တဲ့ ပွဲဆိုပါတော့ဗျာ”**

မစာဥကား အသံပင်မထွက်နိုင်တော့ ငြိမ်သက်လျက်။ သူမျှော်လင့်သည့် အခြေအနေနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည့် လက်တွေ့ကို လက်ခံနိုင်ဖို့ အချိန်ယူရမယ်ဆိုတာ ကိုသံချောင်း နားလည်သဘောပေါက်၏။ တိုင်းပြည်ပြာပုံမရောက်ခင် အချိန်မီ အသိဝင်ဖို့တော့ လိုပါလိမ့်မည်။ အမြန်ဆုံးသဘောပေါက်သင့်ပါပြီ မစာဥရယ်ဟု၍သာ...။

> ❖ **တိုင်းပြည်ကို ပြာပုံထဲ မွဲရေ့ဆိုပြီး အတင်းမီးရှို့နေကြသူတွေရဲ့ စနက်တံတွေကို ငြိမ်းသတ်နေရတဲ့ အခြေအနေပေ့ါဗျာ။ အခု မီးညွန့်ကတော့ ကျိုးပါပြီဗျ။ မီးကြွင်းမီးစတွေကိုတော့ ငြိမ်းသတ်ရဦးမှာပဲ။ မီးကြွင်း မီးကျန်ကနေ ပြန်ပြီးမီးတောက်မလာအောင်လည်း လက်စသိမ်းရမှာက နိုင်ငံတော်အစိုးရရဲ့ အလုပ်ပေ့ါဗျာ။ ဒါမှသာ ပြည်သူတွေ အေးအေးချမ်းချမ်းနဲ့ အိုကေမှာ စိုပြည်သွားမှာ မဟုတ်လား**

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

(၁၄-၄-၂၀၂၁)




## အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဆေးကြောင့်ဖြစ်သောအနာ

## — — — သမားအို — — —

သမားပျိုတို့ ရန်ကုန်ဆေးရုံကြီးကို စွန့်ခွာချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်ပင် နှလုံးရောဂါသည်တစ်ယောက် အသက်ဆုံးရှုံးခဲ့ရပြီး မိသားတစ်စုလုံး ကြုံတွေ့ခဲ့ရတဲ့ Covid-19 ဒုက္ခ ကိုယ်တွေ့အကြောင်းကိုတော့ ရေးပြခဲ့ပြီးပါပြီ။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်၊ ၄ ရက်နေ့ကတည်းက သတင်းတွေကြားနေခဲ့ရပေမယ့် ၅ ရက်နေ့မှာ အသက်ဆုံးရှုံးသွားခဲ့ရတဲ့သူအတွက် အမှတ်တရလည်းဖြစ်ပါတယ်။ ဒါပေမယ့် မိသားစုဟာ တိုက်ဆိုင်မှု၊ ကံမကောင်းမှုလို့ပဲ သဘောထားပြီး ကိုယ့်စိတ်ကိုယ် ဖြေကြရပါတယ်။ ဗုဒ္ဓဘာသာ၊ မြန်မာလူမျိုးတို့အတွက်တော့ ကံ၊ ကံ၏ အကျိုးပေ့ါ။ ခွင့်လွှတ်ကြပါတယ်။

> ❑ "ကျင့်ဝတ်၊ သိက္ခာ၊ ပညာ"နဲ့ ရပ်တည်ရတဲ့ ဆရာဝန်တွေမှာ အတွေ့အကြုံရင့်ကျက်မှု နုနယ်သေးတဲ့အချိန်မှာတော့ ထိန်းချုပ်နိုင်စွမ်းကို လှုပ်ခါယိမ်းယိုင်စေတဲ့ (Off guard) ဖြစ်စေနိုင်တဲ့ အဆိုးဆုံး ထိုးနှက်မှု၊ လွှမ်းမိုးမှုကတော့ "အာဏာနိုင်ငံရေး" ပဲ ဖြစ်ပါတယ်။ ဆွဲဆောင်မှုတွေ၊ မက်လုံးတွေနဲ့ တစ်ပတ်ပြီးတစ်ပတ် ဆွဲခေါ်လာတဲ့ လမ်းကြောင်းတစ်ခုကိုလိုက်ရင်း အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ရမယ့် အခြေဆိုက်သွားနိုင်ပါတယ်။ အနာလိုပဲ ပုဒ်မ(၅၀၅-က)ဆိုတာကြီးကို ဘယ်လိုမှ တွက်မထားဘဲနဲ့ ရင်ဆိုင်ကြရတော့မယ်။ မခံနိုင်ရင်တော့ "ရှန်းထွက်ရာကနေ ပြေးထွက်" ကြရတော့မယ်

ဒါပေမယ့် တစ်ရက် နှစ်ရက်မဟုတ်၊ တစ်ပတ် နှစ်ပတ်မဟုတ်၊ တစ်လ နှစ်လမဟုတ်ဘဲ ရက်ပေါင်းရှည်ကြာလာတဲ့အထိ ဆေးရုံတွေမှာ ဆရာဝန်တွေကင်းကွာလာတဲ့အချိန်မှာတော့ လူပုဂ္ဂိုလ်တစ်ဦး၊ မိသားစုတစ်စုရဲ့ ကံဆိုးမှုမဟုတ်ဘဲ တိုင်းသူပြည်သား လူများစုကြီးရဲ့ ဆိုးရွားလှတဲ့ ကံကြမ္မာကို ဖန်တီးလိုက်သလို ဖြစ်သွားခဲ့ရပါတယ်။ ဒီလိုဖြစ်သွားအောင် ဘယ်လိုဆရာဝန်မျိုးမှ ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ခဲ့မှာမဟုတ်ဘူးလို့ ယုံကြည်မိပါတယ်။

**အသက်ဘေး ဖန်တီးပေးလိုက်တဲ့ လုပ်ရပ်**

အပျက်ပျက်နဲ့ အသက်ထွက်ကုန်ကြတဲ့ လူနာတွေလဲ မနည်းလှပါဘူး။ လက်ထောက်ဆရာဝန် သမားပျိုလေးတွေရဲ့ ကွန်ရက်နဲ့ ကျယ်ပြန့်တဲ့ လှုပ်ရှားမှုကြီးကို ဘယ်သူကဘယ်လိုများ စတင်လိုက်သလဲဆိုတာ တစ်နေ့တော့ အဖြေပေါ်လာမှာပါ။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ တက်လာခဲ့တဲ့ မီဒီယာတစ်ခုထဲမှာ ဗဟိုအမျိုးသမီးဆေးရုံကြီးက ပါရဂူဆရာဝန်မကြီးတစ်ယောက်ရဲ့ ခင်ပွန်းထံမှ ပေါက်ကွဲသံကို ကြည့်ရှုနားဆင်လိုက်ရတဲ့အခါမှာတော့ နည်းနည်းသဘောပေါက်လာတယ်။ သူများတွေအတွက် CDM လို့ အလွယ်တကူခေါ်ပေမယ့် ဆေးရုံတွေအတွက်ကတော့ လူနာတွေရဲ့အသက်ဘေး ဖန်တီးပေးလိုက်တဲ့ လုပ်ရပ်ကြီးတစ်ခု ဖြစ်သွားပါတယ်။

ဆေးရုံကြီးက ဆရာဝန်မကြီးဟာ ဖေဖော်ဝါရီလ ၁၁ ရက် ညနေ ၃ နာရီအထိ တာဝန်ထမ်းဆောင်နေဆဲပါ။ အိမ်ပြန်လာပြီးနောက် တစ်ညလုံး တယ်လီဖုန်းတွေဆက်တဲ့ တပည့်တွေက "ဆေးရုံကိုသွားပြီး အလုပ်လုပ်တာဟာ အမျိုးသားသစ္စာဖောက်တာပါလို့ ဖိအားတွေပေးလာကြတာကို စိတ်ခံစားထိခိုက်ကြ" တာ ကြားရပါတယ်။ ဆေးရုံပေါက်ဝကို ဘယ်သူကဘယ်လို ပိတ်လိုက်သလဲဆိုတာ မသိရဘဲ ဆေးရုံထဲက တာဝန်တွေကို ထမ်းဆောင်လို့မရခဲ့တဲ့ ဘဝကို ရောက်သွားရတယ်လို့ ဆိုပါတယ်။ နောက်ပိုင်းမှာတော့ ဆေးရုံအဆောင်များမှာ ကြည့်ရှုကုသမယ့်ဆရာဝန်တွေ မရှိတော့တာမျိုးတွေလည်းရှိကြောင်း သိရပါတယ်။ အခုမှပဲ ပုဒ်မ (၅၀၅-က)နဲ့ အရေးယူဖို့ ကြေညာချက်တွေကို တွေ့ရတဲ့အခါမှသာ တိုင်းပြည်ရဲ့ဘယ်နေရာမှာဘယ်လို အစုလိုက်တာဝန်ကျရာနေရာတွေကို စွန့်ခွာနေကြတယ်ဆိုတာ ခန့်မှန်းလို့ရသွားတယ်။

သာမန်အားဖြင့် "ရှုံးမတက်နဲ့ ရှန်းထွက်" ဆိုတဲ့ ကြွေးကြော်သံဟာ ဆန္ဒထုတ်ဖော်ရုံသာမက ဘောင်ကျော်နေတယ်လို့ သုံးသပ်နိုင်ပါတယ်။ **ဆရာဝန်တွေ လုပ်ငန်းခွင်ထဲ ပြန်မဝင်ဖို့၊ ပြည်သူ့ဆေးရုံတွေမှာ ဆေးမကုဖို့ ဖိအား၊ တွန်းအားတွေပေးနေတာတွေဟာ သွယ်ဝိုက်သောနည်းလမ်းနဲ့ လူသေစေမှုပဲဖြစ်ပါတယ်။** ကျွန်တော့်ကိုယ်တွေ့လိုပဲ များစွာသောလူနာရှင်များရဲ့ ဆုံးရှုံးမှုကို သုတေသနပြု တိုင်းတာထုတ်ဖော်နိုင်ဖို့ လိုပါတယ်။

ရှေးတုန်းကတော့ သပိတ်မှောက်တယ်လို့ သုံးကြတယ်။ ၁၃၀၀ ပြည့် ရေနံမြေသပိတ်မှာတော့ Strike ဆိုတဲ့ အင်္ဂလိပ်စာလုံးကို "စဒိုက်ကြီး" လို့ မြန်မာမှုပြုခဲ့ကြပါတယ်။ ရေနံမြေကနေစခဲ့ကြတာ ရန်ကုန်ရောက်မှပဲ နိဂုံးချုပ်သွားတော့တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံထဲက ရှားပါးခတ်ပုံတွေမှာ သပိတ်မှောက်လုပ်သားကြီးတွေပါသလို အမျိုးသမီးတွေကလည်း ရေနံမြေထဲမှာလာလုပ်မယ့်လူတွေကို မဝင်နိုင်အောင်ပိတ်ဆို့ပြီး "သပိတ်တား" ကြတယ်။ ဒါဟာ လွန်ခဲ့တဲ့ ၈၃ နှစ်ကတည်းက မြန်မာတွေ လုပ်ခဲ့ကြတဲ့ CDM ပါပဲ။ အမေရိကန်ဆရာကြီး သော်ရိုး (Thoreau)ရဲ့ ကျော်ကြားတဲ့ (Civil Disobedience) နည်းဗျူဟာအတွက် ၁၉ ရာစု အလယ်ပိုင်းကတည်းက ပုံစံအတူတူကြပေမယ့် ၂၀ ရာစု မြန်မာပြည်က ရေနံမြေသခင်မတွေ လက်တွေ့ လုပ်ပြခဲ့ကြတယ်။

**ခွဲခြားပြီး မက်လုံးပေး**

ရေနံမြေမှာ CDM လုပ်ကြရတဲ့အကြောင်းကတော့ ကျွန်နဲ့သခင် ဝင်ငွေကွာခြားလွန်းတာက စတယ်။ အခြေခံလုပ်သားတစ်ယောက်ရဲ့ လစာဟာ ရှစ်ကျပ်ပါ။ ရေနံအရာရှိကြီးတွေကတော့ သခင်နှုန်းထားနဲ့ ယူကြတယ်။ ထူးခြားတာကတော့ "ငါးထောင်စားအမတ်မင်း"တို့ပါပဲ။ မြန်မာတွေထဲက နိုင်ငံရေးခွင်ထဲဝင်ပြီး အမတ်ဖြစ်လာရင် လခ ငါးထောင်ရတယ်။ အဲဒီကတည်းက အင်္ဂလိပ်တွေဟာ နိုင်ငံရေးသမားတွေနဲ့ သာမန်လူတန်းစားတွေကို ခွဲခြားပြီး မက်လုံးပေးခဲ့တယ်။

အလုပ်သမားရှစ်ကျပ်၊ အမတ်မင်း ငါးထောင်ခေတ်မှာ ဆရာဝန်တွေ ဘာဖြစ်နေသလဲ။ ရွှေခေတ်ပါ။ လူနာတစ်ယောက်ကြည့်ရင် ရွှေဒင်္ဂါးနှစ်ပြားယူတဲ့ခေတ်ပါ။ ကျွန်ဖြစ်နေတဲ့ မြန်မာတွေ အနားမကပ်နိုင်တဲ့ ဈေးနှုန်းယူထားကြတဲ့သူတွေကလည်း အိန္ဒိယနိုင်ငံသား ဆရာဝန်တွေပါပဲ။ မြန်မာ့စွန့်ဦး ဆရာဝန်တွေထဲကလည်း အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှာသွားပြီး (M.B.B.S)ဘွဲ့ကို ယူလာကြတယ်။ ဘွဲ့မရရင်တောင်မှ (LMP)ခေါ်တဲ့ ဆေးကုခွင့်လိုင်စင်ရ ဆေးဆရာတွေအဖြစ်နဲ့ မြန်မာပြည်ရဲ့ ကျန်းမာရေးလောကကို အုပ်စိုးကြတယ်။

"ကျွန်ခေတ်"က ဆရာဝန်တွေ "ရွှေခေတ်" ဖြစ်နေတာမို့ CDM မလုပ်ပါဘူး။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာလို့ အင်္ဂလိပ်တွေရဲ့ ကျန်းမာရေးစနစ်ပျက်ပြီး နိုင်ငံခြားသားဆရာဝန်တွေ ပြန်သွားတော့လည်း မျိုးချစ်မြန်မာဆရာဝန်ကြီးတွေရယ်၊ သူနာပြုတွေရယ်၊ ဝန်ထမ်းတွေရယ်ဟာ ဗုံးတွေ၊ ကျည်ဆန်တွေကြားထဲကပဲ လူနာတွေကို ကုသမှုပေးခဲ့ကြတယ်။ ဒေါက်တာမြင့်ဆွေရဲ့ "မှတ်မိသေးတယ် ဂျပန်ခေတ်ဆေးရုံကြီးဝယ်" ဆိုတဲ့စာအုပ်ဟာ ဆရာဝန်ဘဝကို ဘယ်လိုဖြတ်သန်းသင့်သလဲဆိုတဲ့ သမိုင်းမှတ်တိုင်တစ်ခုပါပဲ။

လွတ်လပ်ရေးရတော့လည်း ဆေးကျောင်းသားတွေ၊ ဆရာဝန်တွေဟာ သမိုင်းတာဝန်ကျေခဲ့ကြပါတယ်။ ရောင်စုံသူပုန်တွေထလို့ "ရန်ကုန်အစိုးရ"လို့ နိုင်ငံခြားက သမုတ်ခဲ့ရလောက်တဲ့ အခြေအနေမှာ ရန်ကုန်က တက္ကသိုလ်ကျောင်းသားတွေနဲ့အတူ ရန်ကုန်ကို ခုခံခဲ့ကြတဲ့အတွက် ဒီကနေ့ရန်ကုန်မြို့မှာ အေးအေးချမ်းချမ်းနေနိုင်ဆဲပါ။ ဆေးကျောင်းသားတွေ၊ ဆရာဝန်တွေထဲမှာလည်း တိုင်းပြည်အတွက် လိုအပ်ရင် ခက်ခဲတဲ့တိုက်ပွဲတွေမှာတောင် နိုင်ငံရဲ့ လွတ်လပ်မှု၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုအတွက် အစဉ်အလာနဲ့ ရပ်တည်ခဲ့ကြပါတယ်။ ဂျပန်တော်လှန်ရေးမစတင်မီ ကြိုတင်ပြီး တော်လှန်ခဲ့တဲ့ ဗိုလ်မှူးကြီး ဗထူးရဲ့တပ်မှာ ဗိုလ်လှသမိန် (ဗိုလ်မှူးကြီး လှဟန်) ဆိုတဲ့ သူရဲကောင်းပါဝင်ခဲ့သလို ရန်ကုန်အစိုးရကို ကာကွယ်ပေးခဲ့တဲ့သူတွေထဲမှာလည်း သူရဘွဲ့ချီးမြှင့်ခံခဲ့ရတဲ့ တိုက်ပွဲဝင် "သူရမွန်ထော်သက်ညွန့်" ဆိုတဲ့ သူရဲကောင်းလည်း ပါဝင်ခဲ့ပါတယ်။

ဒါပေမယ့် တိုက်ပွဲတွေများစွာအတွင်း ထုသားပေသားကျလာတဲ့ ဆေးလောကမှာ CDM ဆိုတာ မရှိခဲ့ပါဘူး။ (၁၉၈၈) ရှစ်လေးလုံးအရေးအခင်းတုန်းကလည်း ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဆေးကျောင်းသားတွေ ဆန္ဒပြခဲ့ကြပါတယ်။ ထိခိုက်ဒဏ်ရာရကြသူတွေကိုလည်း မလွတ်တမ်း စောင့်ရှောက်ကုသပေးခဲ့ကြပါတယ်။ CDM မလုပ်ခဲ့ကြပါဘူး။ ကြင်နာတတ်တဲ့၊ စိတ်ခံစားလွယ်တဲ့ ဆရာဝန်တွေကို အခွင့်ကောင်းယူသွားကြတဲ့ နိုင်ငံရေးလုပ်စားသူတွေကြောင့် မြန်မာနိုင်ငံက ကျန်းမာရေးဝန်ထမ်းတွေ အသုံးချခံဖြစ်မှန်းမသိ ဖြစ်ခဲ့ကြရပါတယ်။ **နိုင်ငံခြားဆရာဝန်တွေက မြန်မာဆရာဝန်တွေကို CDM လမ်းကြောင်းပေါ်တင်ပြီး ဒုက္ခရောက်အောင်လုပ်နေပေမယ့် သူတို့နေတဲ့နိုင်ငံတွေမှာ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေ ဘယ်တုန်းကမှ CDM မလုပ်ခဲ့ကြပါဘူး။ ဆရာဝန်ကျင့်ဝတ်တွေနဲ့ မညီလို့ဘဲ ဖြစ်ပါတယ်။**

ဆရာဝန်ဘဝမှာ လူနာဟာ ပထမပါပဲ။ ဒီလိုဖြစ်အောင်လည်း အာစရိယဂိုဏ်းဝင် ဆရာ၊ ဆရာမကြီးတွေက နမူနာပြသင်ကြားပေးခဲ့ကြတာပါ။ လူနာကို ဘယ်လိုချဉ်းကပ်ရမလဲဆိုတဲ့ကျင့်စဉ် (Bed side manner) တွေကိုအလေးအနက်ထားပြီး သင်ကြားနာယူခဲ့ရပါတယ်။ **သနားကရုဏာရှိရုံနဲ့ မပြီးဘဲ စိတ်ချင်းထပ်၊ ကိုယ်ချင်းစာတတ်မှု (Empathy) ရှိဖို့ အမြဲသတိပေးခံရပါတယ်။ ရှင်းရှင်းပြောရရင်တော့ ဉာဏ်ရည် (IQ) သာမကဘဲ မိမိတို့ရဲ့စိတ်ခံစားမှုကို ထိန်းချုပ်နိုင်စွမ်း (EQ)ကိုပါ သင်ယူလေ့ကျင့်ရပါတယ်။**

**လွယ်ကူတဲ့ အလုပ်မဟုတ်**

လူတွေရဲ့အသက်ကို ကယ်ရတာ လွယ်ကူတဲ့ အလုပ်တော့မဟုတ်ပါဘူး။ **"ခွဲတာစိတ်တာ၊ ပြန်ချုပ်ပေးတာလောက်တော့ အပ်ချုပ်သည်လည်း လုပ်တတ်ပါတယ်။ ထိုးထွင်းသိတဲ့ ဉာဏ်ပညာမရှိရင် အသက်ကယ်ဖို့မလွယ်ဘူး"** လို့ဆရာကြီးတစ်ယောက်က အမြဲဆုံးမခဲ့တယ်။ ဆရာဝန်တွေကို ဉာဏ်ရှိသလောက် လမ်းလွဲရောက်မသွားအောင် ထိန်းခဲ့တာကတော့ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင်ကျော်က ဟစ်ပိုခရေးတီး(စ်)လက်ထက်ကတည်းကပါ။ ကျင့်ဝတ်တွေကို ထိန်းသိမ်းစောင့်ရှောက်မှုမရှိရင် ဆေးလောကဟာ ကြောက်စရာကောင်းလောက်အောင် ပျက်စီးသွားပါလိမ့်မယ်။ ဒါမျိုးတွေကို နာဇီအကျဉ်းစခန်းတွေထဲမှာ ကြုံတွေ့ခဲ့ရတယ်လို့ သမိုင်းမှတ်တမ်းတွေမှာ ဆိုပါတယ်။

**"လူသားတို့၏ အသက်အန္တရာယ်နှင့် ကျန်းမာရေးထိခိုက်စေနိုင်မည့် မည်သည့်အပြုအမူမျိုးကို မဆို တားဆီးကာကွယ်ပါအံ့"** ဆိုတဲ့ ကတိသစ္စာပြုချက်ကို သူနာပြုတို့အတွက် ဆိုထားပေမယ့် ဆရာဝန်တွေမှာလည်း တစ်ထပ်တည်းကျင့်ကြံရမယ့် ကျင့်ဝတ်တစ်ခုပါပဲ။

ဒီနေရာမှာ မေးစရာတစ်ခု ရှိလာပါတယ်။ ဘယ်လို တားဆီးကာကွယ်မလဲဆိုတာပါ။ "ကျင့်ဝတ်၊ သိက္ခာ၊ ပညာ" နဲ့အညီ ကာကွယ်ပေးမှသာ မှန်ကန်သော ရပ်တည်ချက်ဖြစ်ပါလိမ့်မယ်။ လူနာတစ်ဦးချင်းကို ကုသပေးရာမှာ မေတ္တာ၊ စေတနာ အရင်းတည်ရပါတယ်။ မေတ္တာပါရမီ ဖြည့်ဆည်းခြင်းပါပဲ။ အများနဲ့သက်ဆိုင်တဲ့ လူထုကျန်းမာရေး၊ နိုင်ငံရဲ့ ကျန်းမာရေးကိစ္စတွေမှာတော့ မိမိတို့ရဲ့ စိတ်ခံစားမှုကို ထိန်းချုပ်နိုင်စွမ်း (EQ)ကိုသုံးပြီး "ခန္တီပါရမီ" ကို ဖြည့်ဆည်းဖို့ လိုလာပါမယ်။

"ကျင့်ဝတ်၊ သိက္ခာ၊ ပညာ"နဲ့ ရပ်တည်ရတဲ့ ဆရာဝန်တွေမှာ အတွေ့အကြုံရင့်ကျက်မှု နုနယ်သေးတဲ့အချိန်မှာတော့ **ထိန်းချုပ်နိုင်စွမ်းကို လှုပ်ခါယိမ်းယိုင်စေတဲ့ (Off guard) ဖြစ်စေနိုင်တဲ့ အဆိုးဆုံး ထိုးနှက်မှု၊ လွှမ်းမိုးမှုကတော့ "အာဏာနိုင်ငံရေး"** ပဲဖြစ်ပါတယ်။ ဆွဲဆောင်မှုတွေ၊ မက်လုံးတွေနဲ့ တစ်ပတ်ပြီးတစ်ပတ် ဆွဲခေါ်လာတဲ့ လမ်းကြောင်းတစ်ခုကိုလိုက်ရင်း အပျက်ပျက်နဲ့နှာခေါင်းသွေးထွက်ရမယ့် အခြေဆိုက်သွားနိုင်ပါတယ်။ အနာလိုပဲ ပုဒ်မ(၅၀၅-က)ဆိုတာကြီးကို ဘယ်လိုမှတွက်မထားဘဲနဲ့ ရင်ဆိုင်ကြရတော့မယ်။ **မခံနိုင်ရင်တော့ "ရှန်းထွက်ရာကနေ ပြေးထွက်" ကြရတော့မယ်။**

လူနာဆိုတာ ဆရာဝန်တို့ရဲ့ "အသက်ဝိညာဉ်" ပါပဲ။ "ဆေးရုံ၊ဆေးခန်း"ဆိုတာ ဆရာဝန်တွေရဲ့ ပိုင်နက်နယ်မြေ "ရဲတိုက်ကြီး" ပါ။ ဆရာဝန်တို့ရဲ့ "ပိုင်နက်နယ်မြေ"ထဲမှာ လူနာတွေရဲ့ "ဘဝနဲ့အသက်"ကို တန်ဖိုးထားလေးစားစွာ ကာကွယ်စောင့်ရှောက်ဖို့ ကတိပြုထားကြပြီပဲ။

ဒီဆောင်းပါးကို နိုင်ငံရေးဆရာကြီးတစ်ဦးရဲ့ စာပိုဒ်ကလေးတစ်ခုနဲ့ နိဂုံးချုပ်ပါရစေ။

**"ပညာအကြံအစည် လွန်လွန်း၍ အယူမှားမှုကား-**
**ဆေးကြောင့်ဖြစ်သော အနာကဲ့သို့ ကုစားရခက်၏"**

ဆိုတဲ့ အဆိုအမိန့်ကလေးပါ။ ။

# တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြိတ်ခရိုင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ

မြိတ် မေ ၂၇

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်သည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာ အစည်းအဝေးခန်းမ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံသည်။




တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြောကြားသည့် မိန့်ခွန်းကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ဒေသတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ကြစေလိုကြောင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အားလုံးတွင် တာဝန်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံကောင်းစေရန်အတွက် ဝန်ထမ်းကောင်းများဖြင့် တည်ဆောက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ချိုက အခက်အခဲကြားထဲမှ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြသော ဌာနဆိုင်ရာဝန်ထမ်းများအား ကျေးဇူးတင်ရှိကြောင်းနှင့် ဌာနအလိုက် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဒေသဆိုင်ရာ အချက်အလက်များနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် မြိတ်မြို့ရှိ နိုင်ငံတော်သြဝါဒါစရိယ လှည်းဘီးကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ကန်သာကျောင်းတိုက် ဆရာတော်တို့အား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထား၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

ဆက်လက်၍ ကန်ကြီးရပ်ကွက်နှင့် မြိတ်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ၌ ရပ်မိရပ်ဖများ၊ ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်)တွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

မော်လမြိုင် မေ ၂၇

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က မော်လမြိုင်မြို့ ဖားအောက်ကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရှည်သီးနှံဌာနခွဲ၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးဌာန (မော်လမြိုင်)သို့ သွားရောက်၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ရှေးဦးစွာ ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့အား အစည်းအဝေးခန်းမ၌ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်နိုင်နှင့် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးဌာန (မော်လမြိုင်) တာဝန်ခံ အရာရှိတို့က နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးဌာန (မော်လမြိုင်) တွင် ရော်ဘာနှင့် ဆီအုန်း မျိုးကောင်းမျိုးသန့် ထုတ်လုပ်မှု အခြေအနေ၊ သုတေသန လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်) သည် မော်လမြိုင်မြို့နယ်မှ ရှစ်မိုင်ငါးဖာလုံအကွာ မော်လမြိုင်–ကျိုက္ခမီ ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး ရော်ဘာ၊ ဆီအုန်းနှင့် အခြား နှစ်ရှည်သီးနှံများကို စိုက်ပျိုးထားကာ သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်) တွင် သုတေသန လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး နည်းပညာ တက္ကသိုလ် (မော်လမြိုင်) တွင် ရွှေဇီဝ၊ သဘာဝ ဇီဝမြေဩဇာ ထုတ်လုပ်နေမှုကို ကြည့်ရှုကြောင်း သိရသည်။

ခရိုင်

(ပြန်/ဆက်)






# ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်နယ်အရှေ့ပိုင်းအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေများ ပေးအပ်

ကျိုင်းတုံ မေ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ်အရှေ့ပိုင်း အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ထောက်ပံ့ကြေးငွေများ ပေးအပ်ပွဲကို ယမန်နေ့က ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းတို့က ကျိုင်းတုံခရိုင်အတွင်းရှိ ကျိုင်းတုံ ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၃၀ ဒသမ ၈၇ သိန်းနှင့် စိန်မေရီ မသန်စွမ်းဂေဟာအတွက် ငွေကျပ် ၁၆ ဒသမ ၂ သိန်းကိုလည်းကောင်း၊ တာချီလိတ်ခရိုင် အတွင်းရှိ ရွှေတောင်တန်း လူငယ်ပရဟိတ ဂေဟာအတွက် ငွေကျပ် ၁၉၄ ဒသမ ၀၄ သိန်း၊ အောင်မင်္ဂလာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၁၈၀ ဒသမ ၈၁ သိန်း၊ ပြည့်စုံသက်သာ ပရဟိတဂေဟာအတွက် ငွေကျပ် ၄၀ ဒသမ ၅ သိန်းနှင့် တာချီလိတ် ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၃၈ ဒသမ ၂၂ သိန်းကိုလည်းကောင်း စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၀၀ ဒသမ ၆၄ သိန်းကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြပြီး ဂေဟာအုပ်ချုပ်ရေးမှူးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ရဲထက်ဦး(ပြန်/ဆက်)

# ကျွန်းလှမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ခြင်းရက်သင်တန်း ဖွင့်လှစ်

ကျွန်းလှ မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းမှ ကျေးလက်ဒေသနေ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်လျက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ခြင်းရက်သင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဒုတိယအကြိမ်အဖြစ် ယမန်နေ့က စတင်ဖွင့်လှစ်ပို့ချသည်။

အဆိုပါသင်တန်းတွင် ခြင်းကြီး၊ ခြင်းလတ်၊ ခြင်းသေး၊ ဥပုသ်ခြင်း၊ သုံးဆင့်ချိုင့်ခြင်းနှင့် အလှခြင်းအမျိုးမျိုး ရက်လုပ်နည်းများကို စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသိဏ်းမောင်က ပြောသည်။ အဆိုပါ သင်တန်းသို့ သစ်ရာမြိုင်ရပ်ကွက်၊ ပျဉ်းမမြိုင်ရပ်ကွက်၊ သဖန်းဆိပ်၊ ကံပေါက်၊ ရွာသီနှင့် နန်းသတ်ကျေးရွာတို့မှ သင်တန်းသူ ၁၀ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ၁၀ ရက် ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# အနုပညာသည် .........

**စာချစ်သူ**

ရန်ကုန်နွေရဲ့ အပူဒဏ်က ပိုပြင်းလာပြီ။ အပူဒဏ်ကို ရှောင်တဲ့အနေနဲ့ ကျွန်တော်ကတော့ အားလပ်ရက်တွေမှာ အိမ်တွင်းအောင်းရင်း ကိုရီးယားဇာတ်လမ်းတွဲတွေ တစ်ဝကြီးထိုင်ကြည့်နေဖြစ်တယ်။

ကိုရီးယားဇာတ်လမ်းတွဲတွေရဲ့ ထုံးစံအတိုင်း ဇာတ်ကောင်အချင်းချင်း အားပြိုင်မှုတွေကို ကြည့်ရင်းကြည့်ရင်း ရှေ့ဘာများဆက်ဖြစ်မလဲဆိုတဲ့ သိချင်စိတ်တွေနဲ့အတူ အပူဒဏ်တွေကို မသိတော့ဘူး၊ ထမင်းစားချိန်၊ အိပ်ချိန် မသိတော့ဘူး။ တကယ့်ကို ထမင်းမေ့ဟင်းမေ့နဲ့ ကိုရီးယားဇာတ်လမ်းတွဲတွေထဲ နစ်ဝင်စီးမြောနေမိတယ်။

ကိုရီးယားဇာတ်လမ်းတွဲတွေရဲ့ ညို့ယူဖမ်းစားမှုဟာ ကျွန်တော်တို့ နိုင်ငံတွင်သာ မကဘူး၊ တရုတ်၊ ဂျပန်အပါအဝင် အာရှတစ်လွှားက ပရိသတ်တွေကြားမှာလည်း အတော်ကို ရေပန်းစားနေတယ်။

## ပိုမိုထိတွေ့ ရင်းနှီးလာခဲ့

ကိုရီးယားမင်းသား မင်းသမီးတွေရဲ့ အနုပညာစွမ်းပကားကြောင့်လည်း ကျွန်တော်တို့တစ်တွေဟာ ကိုရီးယားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ပိုမိုထိတွေ့ ရင်းနှီးလာခဲ့ရတယ်။ ပဲခေါက်ဆွဲ၊ ဂင်ချီအပါအဝင် ကိုရီးယားအစားအစာတွေကိုလည်း မြည်းစမ်းကြည့်လာမိတယ်။ အိုပါး၊ အိုမားတို့နဲ့လည်း ရင်းနှီးလာရတယ်။ သို့အတွက် ကိုရီးယားမင်းသား မင်းသမီးတွေကို သူတို့နိုင်ငံရဲ့ယဉ်ကျေးမှု သံတမန်များရယ်လို့တောင် တင်စားသတ်မှတ်လာကြရတယ်။

ပုဂ္ဂိုလ်ခင်မှ တရားမင်တဲ့ အာရှရဲ့ထုံးစံအတိုင်း မြန်မာနိုင်ငံမှာလည်း ရုပ်ရှင်အနုပညာရှင်တွေရဲ့ ဩဇာတိက္ကမဟာ အတော့်ကို ကြီးမားပါပေတယ်။

ဖဆပလ အစိုးရခေတ်မှာ ပုသိမ်မြို့ကို တိုင်းခန်းလှည့်လည်လာတဲ့ ဝန်ကြီးချုပ် သင်္ဘောနဲ့ ရုပ်ရှင်အနုပညာရှင်များ လိုက်ပါလာတဲ့ သင်္ဘောတို့ ဖောတံတားတစ်စင်းစီမှာ ပြိုင်တူဆိုက်ကပ်တဲ့အခါ သင်္ဘောဆိပ်မှာ စောင့်ကြိုနေကြတဲ့ အလွှာအသီးသီးက လူထုလူတန်းစား ၅၀၀ ခန့်ဟာ ရုပ်ရှင်အနုပညာရှင်တွေ လိုက်ပါလာတဲ့ သင်္ဘောဆိုက်ကပ်ရာ ဖောတံတားဆီကို အပြေးအလွှားစုပြုံတိုးဝှေ့ပြီး ကြိုဆိုကြတယ်လို့ ဆိုတယ်။

## အုန်းအုန်းကျွက်ကျွက် လာရောက်ကြိုဆိုခဲ့

အမှန်တော့ ဒီသင်္ဘောမှာ ရုပ်ရှင်ဒါရိုက်တာ စာရေးဆရာကြီးသာခုတစ်ဦးသာ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ပုသိမ်ကို လာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ သို့ပေမယ့် ရုပ်ရှင်မင်းသား မင်းသမီးတွေလည်း ပါတယ်ဆိုတဲ့ ကောလာဟလကြောင့် မြို့ခံပရိသတ်ထုကြီးဟာ ဆိပ်ခံဖောတံတားအထိ အုန်းအုန်းကျွက်ကျွက် လာရောက်ကြိုဆိုခဲ့ကြခြင်းဖြစ်ပါတယ်။

မှတ်မှတ်ရရ၊ သတင်းစာဆရာကြီး ဦးသိန်းဖေမြင့်သည်လည်း ဂန္ထဝင်အနုပညာရှင်တစ်ဦးဖြစ်တဲ့ တွံတေးသိန်းတန်အကြောင်းကို ၁၉၇၁ ခုနှစ်ထုတ် ဗိုလ်တထောင်သတင်းစာရဲ့ ပွင့်ပွင့်လင်းလင်း ပြောပါရစေကဏ္ဍမှာ “ကိုသိန်းတန်” ခေါင်းစဉ်နဲ့တခုတ်တရ ရေးသားခဲ့ဖူးတယ်။

ဆောင်းပါးမှာ **“ကျေးလက်တောရွာလူထုကြားမှာ အနေကြာတဲ့ ဗိုလ်မှူးကြီးတစ်ယောက်က ရန်ကုန်မြို့ရောက်လာတော့ ရုပ်ရှင်မင်းသားရွှေဘ အကြောင်းပြောရင် “ကိုရွှေဘ” “ကိုရွှေဘ”နှင့် ပြောတယ်။ ဒီတော့ ရန်ကုန်နေ သူ့မိတ်ဆွေများက သရော်ကြတယ်။ ဒီတော့ ဗိုလ်မှူးကြီးက “တောလက်ကျေးရွာက လူများဟာ ကိုရွှေဘကို ၊ ကိုရွှေဘလို့ပဲ ခေါ်ကြတယ်၊ ကျွန်တော်လည်း လျှာကျိုးနေပြီ”လို့ ရှင်းပြသဗျာ။**

**ရွှေဘဟာ သူတို့ရဲ့အသည်းစွဲပဲ။ ဒါကြောင့် ရိုရိုသေသေ လေးလေးစားစား ချစ်ချစ်ခင်ခင် “ကိုရွှေဘ”လို့ ခေါ်ကြခြင်း ဖြစ်ပါတယ်။**

**ယခုအချိန်မြို့ကြီးများမှအပ မြို့ကြီး၊ မြို့ကလေးများ၊ ရွာကြီးများနှင့် ရွာသိမ်ရွာငယ်များမှ လူထုဟာ တွံတေးသိန်းတန်ကို ကိုသိန်းတန်လို့ ခေါ်ကြတယ်။ ကိုသိန်းတန်ဟာ သူတို့ အသည်းစွဲပဲ”** စသဖြင့် ရေးသားခဲ့ပါတယ်။

သို့ကလို ရုပ်ရှင်အနုပညာရှင်တို့ရဲ့ ပုဂ္ဂိုလ်ရေးထင်ပေါ်ကျော်ကြားမှုများကြောင့် အချို့ အနုပညာရှင်များဟာ မိမိကျင်လည်ရာ အနုပညာဇာတ်ခုံပေါ်ကနေ ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံပေါ်သို့ ကူးပြောင်းသရုပ်ဆောင်ရင်း မင်းသားကနေ သမ္မတဖြစ်လာသူတွေလည်း ရှိခဲ့ကြတယ်။

သူတို့ကတော့ အမေရိကန်ပြည်ထောင်စုရဲ့ ၄၀ ဦးမြောက် သမ္မတဖြစ်တဲ့ ရော်နယ်ရီဂင်နဲ့ ဖိလစ်ပိုင်နိုင်ငံက သမ္မတအက်စ်ထရာဒါတို့ပဲ ဖြစ်ကြတယ်။ မင်းသားကြီး အာနိုးကတော့ ရော်နယ်ရီဂင် သမ္မတရာထူး မတက်လှမ်းမီက တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ကယ်လီဖိုးနီးယားပြည်နယ် ဂါဗနာ(အုပ်ချုပ်ရေးမှူး) ရာထူးအထိ ဖဝါးထပ်မျှ လိုက်ပါနိုင်ခဲ့ပေမယ့် ရီဂင်လို သမ္မတရာထူးအထိတော့ မတက်လှမ်းနိုင်ခဲ့ဘူး။

ထို့အတူ မြန်မာပရိသတ်နှင့် ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ ဘောလိဝုဒ်ရုပ်ရှင်မင်းသားကြီး အမိတာဘဂျမ်းသည်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် တက်လှမ်းနိုင်ခဲ့တယ်။

သို့ဆိုငြား ရုပ်ရှင်မင်းသားဘဝကနေ နိုင်ငံရေးသမားဘဝသို့ ခံယူကူးပြောင်းသွားခဲ့တဲ့ သူတို့ရဲ့ အသက်အရွယ်တွေကို လေ့လာသုတေသနပြုကြည့်ရင် ရုပ်ရှင်လောကရဲ့ ဘဝနေဝင်ဆည်းဆာအချိန်တွေမှာပဲ အများဆုံးတွေ့ရမှာ ဖြစ်ပါတယ်။

မြန်မာ့ရုပ်ရှင်နှင့် အနုပညာလောကမှာလည်း နိုင်ငံရေးနယ်ထဲသို့ ထဲထဲဝင်ဝင် ကူးပြောင်းပြီး နိုင်ငံရေးသမားဘဝကို ခံယူတည်ဆောက်သွားတဲ့ အနုပညာရှင်တွေရှိခဲ့ပါတယ်။ သို့ပေမယ့် ရုပ်ရှင်လောကထက် စာပေနှင့် သတင်းစာလောကက ပိုများနေသယောင်လို့ ဆိုရမယ်။

## ထင်ပေါ်ကျော်ကြားမှုအပေါ် ခုတုံးပြု

ဒီလိုအနုပညာရှင်ဘဝကို ထာဝရကျောခိုင်းပြီး နိုင်ငံရေးသမားဘဝကို ပီပီပြင်ပြင် ခံယူကူးပြောင်းသွားကြတဲ့ သူတွေကိုတော့ ကျွန်တော်တို့လေးစားရပါတယ်။ သို့သော်ငြား ပရိသတ်ရဲ့ အနုပညာအားပေးမှုအပေါ်၊ ကိုယ့်ရဲ့ပုဂ္ဂိုလ်ရေး ထင်ပေါ်ကျော်ကြားမှုအပေါ် ခုတုံးပြုပြီး ပြည်သူကို နိုင်ငံရေးအရောင်အသွေးတွေ ဆိုးနေကြတဲ့ လုပ်ရပ်များကိုတော့ ကျွန်တော်တို့ မနှစ်သက်ဘူး၊ ဘဝင်မကျဘူးလို့ ပြောရမယ်။

ပစ္စက္ခရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများအကြား နိုင်ငံရေး ဘေးပယောဂတွေ စွန်းထင်ခဲ့သလိုမျိုး တစ်ခေတ်တစ်ခါက စာပေလောကနယ်ပယ်ထဲမှာလည်း ကြုံခဲ့ကြဖူးတယ်။ လက်ဝဲသမားကလောင်နီများဟာ စာရေးဆရာအသင်းကြီးကို အပိုင်စီးခဲ့ကြဖူးတယ်။ စာရေးဆရာအသင်းကြီးကို နိုင်ငံရေးသမားတို့ရဲ့ ခုတုံးအဖြစ်၊ အစိုးရကိုပုတ်ခတ်တဲ့ စင်မြင့်အဖြစ် အသုံးချခဲ့ဖူးကြတယ်။

## ရာထူးလုကြတဲ့ဖြစ်စဉ်များ ရှိခဲ့ဖူး

လက်ဝဲအုပ်စု၊ လကျ်ာအုပ်စု၊ ကြားနေအုပ်စု၊ အလံနီအုပ်စု၊ အလံဖြူ အုပ်စုစသဖြင့် အုပ်စုအလိုက် လှုပ်ရှားခဲ့ကြပြီး ရာထူးလုကြတဲ့ဖြစ်စဉ်များလည်း ရှိခဲ့ဖူးတယ်။

လက်ဝဲစာရေးဆရာအုပ်စု၊ ကလောင်နီအများစု စာရေးဆရာအသင်းကြီးမှာ ခြေကုပ်ရသွားတဲ့ နှစ်တစ်နှစ်မှာ အသင်းတံဆိပ်ကို ချိုးရုပ်လုပ်ချင်လာသလို ဟိုထောက်ခံ၊ ဒီကန့်ကွက်အထိ လုပ်လာကြတဲ့အထိ ဖြစ်လာခဲ့တယ်။

ထိုသို့ စာရေးဆရာအသင်းကို နိုင်ငံရေးအရောင်ခြယ်ခဲ့မှုကြောင့် ...

**“ဒီမယ် သာခုတစ်ခုထဲ ပြောမယ်။ အဖွဲ့အစည်း၊ အသင်းအပင်းရဲ့ အသက်သွေးကြောဟာ စည်းမျဉ်းဥပဒေဖြစ်ပါတယ်။ သွေးကြောကိုတော့ မဖြတ်ကြပါနဲ့။ ခု ဒီစာရေးဆရာအသင်းရဲ့ စည်းမျဉ်းထဲမှာ “အသင်းအနေနဲ့ နိုင်ငံရေးမလုပ်ရ”လို့ အတိအလင်းတားမြစ်ထားပါတယ်။ တစ်ဦးချင်းအနေနဲ့ တောခိုချင် ခိုကြပါ၊ ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ်လုပ်တာကို သာခု ဘာမှ ဝင်ရှုပ်စရာမရှိပါဘူး။ စည်းမျဉ်းထဲမှာ ဓားပြမတိုက်ရလို့ ဆိုထားရင် မတိုက်ကြပါနဲ့၊ ကောင်းပြီ ဓားပြတိုက်ချင်သလား၊ အများသဘောတူ စည်းမျဉ်းကို ပြင်ပါ၊ “ဓားပြတိုက်လူသတ် ပြန်ပေးဆွဲခွင့်ရှိသည်” အဲ တိုက်ကြပါ၊ ကြိုက်သလို လုပ်ကြပါ”** ဟု စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာကြီး ဆရာကြီး သာခုက ထိုစဉ်က စာရေးဆရာအသင်းအမှုဆောင် ညီလာခံမှာ ထိုသို့ ကန့်ကွက်ပြောဆိုခဲ့ဖူးပါတယ်။

## အသင်းမှ နုတ်ထွက်သွားခဲ့

သို့ပေမယ့် ထိုစဉ်က ကလောင်နီများမှာ တစ်ယူသန်အစွန်းရောက်များဖြစ်နေသည့်အတိုင်း မည်သို့မျှပြော၍မရ၊ စည်းမျဉ်းပြင်ရန်လည်း မဲအပြည့်မရနိုင်မှန်း သိကြ၍ စည်းမျဉ်းကို ဘေးချိတ်ပြီး ဇွတ် အဓမ္မပင် စာရေးဆရာအသင်းကို အရောင်ခြယ်နေကြ၍ ဆရာကြီးသာခုသည်လည်း အသင်းမှ နုတ်ထွက်သွားခဲ့ပါတယ်။

ပစ္စက္ခအသင်းအဖွဲ့များဖြစ်ကြတဲ့ စာပေ၊ ရုပ်ရှင်၊ ဂီတတို့လည်း ကျန်းမာတော် မူပါစေခင်ဗျား။ ကျွန်တော်တို့ ချစ်ခင်လေးစားရပါသော ဂီတ၊ ရုပ်ရှင်၊ စာပေလောကသားတွေ ကျန်းမာပါစေရယ်လို့လည်း ဆုမွန်ကောင်း တောင်းလိုက်ရကြောင်းပါ။ ကျန်းမာဖို့ဆိုရင် မူလဘူတကိုယ်ခံအားတွေ ကောင်းမွန်ဖို့လည်း လိုသဗျ။ ကိုယ်ခံအားနည်းရင်တော့ အင်စတီကျူးရှင်းတွေဟာ ကစဉ့်ကလျားနဲ့ လုံးပါးပါးပျက်စီးပျောက်ကွယ်သွားနိုင်ပါတယ်။

တကယ်တော့ ပြည်သူချစ်သော အနုပညာရှင်များရဲ့ ပင်မတာဝန်ဝတ္တရားက ကိုယ်တတ်ကျွမ်းတဲ့ အနုသုခုမစွမ်းပကားဖြင့် ပြည်သူကို အလုပ်အကျွေးပြု ဖျော်ဖြေတင်ဆက်ခြင်း၊ ပြည်သူရဲ့ရှေ့ဆောင်လမ်းပြအဖြစ် ပညာပေးခြင်းစတဲ့ ကိစ္စတွေပါပဲ။ ဆိုရရင် အနုပညာဆိုတာ တစ်ပါတီ၊ တစ်သင်းတစ်ဖွဲ့၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် မဟုတ်ပါဘူး။ အနုပညာသည် ပြည်သူ့အတွက်သာဖြစ်ကြောင်း ပါဗျာ။

> ❐ **ဒီလိုအနုပညာရှင်ဘဝကို ထာဝရကျောခိုင်းပြီး နိုင်ငံရေးသမားဘဝကို ပီပီပြင်ပြင် ခံယူကူးပြောင်းသွားကြတဲ့ သူတွေကိုတော့ ကျွန်တော်တို့လေးစားရပါတယ်။ သို့သော်ငြား ပရိသတ်ရဲ့ အနုပညာအားပေးမှုအပေါ်၊ ကိုယ့်ရဲ့ပုဂ္ဂိုလ်ရေးထင်ပေါ်ကျော်ကြားမှုအပေါ် ခုတုံးပြုပြီး ပြည်သူကို နိုင်ငံရေးအရောင်အသွေးတွေ ဆိုးနေကြတဲ့ လုပ်ရပ်များကိုတော့ ကျွန်တော်တို့ မနှစ်သက်ဘူး၊ ဘဝင်မကျဘူးလို့ ပြောရမယ်**

❖ *ကျောဖုံးမှ*

(က) ယင်းဝန်ထမ်း၏ ယခင်တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် ကျေနပ်ဖွယ်ရှိကြောင်းနှင့် ဆက်လက်တာဝန်ပေးအပ်ရန် သင့်တော်ကြောင်း သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှ ထောက်ခံခြင်း၊

(ခ) လူမှုကွန်ရက်များတွင် ရေးသားဖော်ပြ ဆောင်ရွက်ခဲ့မှုများသည် ပညာပေး၊ သတိပေးခြင်းဖြင့် ဆက်လက်ထိန်းသိမ်းနိုင်မည့် အခြေအနေရှိ၊ မရှိ၊ ကိုယ်တိုင် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း ရှိ၊မရှိ တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားစွဲအဖွဲ့အစည်းများ၏ သဘောထား မှတ်ချက်၊ ထောက်ခံချက်၊

(ဂ) ကာယကံရှင်ဝန်ထမ်း၏ ကတိဝန်ခံချက်။

၄။ ဝန်ထမ်းများအပေါ် အရေးယူဆောင်ရွက်ထားမှုအား ပြန်လည်သုံးသပ်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရ ဌာနဆိုင်ရာ အရေးယူခံရသော ဝန်ထမ်းများသည် ၆ လအတွင်း အယူခံခွင့်ရှိသည်ဖြစ်ရာ ထပ်မံစိစစ်တွေ့ရှိချက်များအပေါ် မူတည်၍ နိုင်ငံတော်တည်ဆောက်ရေးတွင် ဆက်လက်အထောက်အကူဖြစ်စေနိုင်သဖြင့် ချမှတ်ထားသည့် ပြစ်ဒဏ်ကို လျှော့ပေါ့ပြောင်းလဲကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း၊

(ခ) ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) သို့မဟုတ် ၅၀၅-က ဖြင့် တရားစွဲဆိုခံထားရသူများကို အမှုပြန်လည်ရုပ်သိမ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရသာ လျှော့ပေါ့သည့် ပြစ်ဒဏ်ပြောင်းလဲချမှတ်ကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း။

၅။ သို့ပါ၍ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက် အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကိုစိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို စိုးရိမ်ပူပန်ခြင်းစသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသည့် နိုင်ငံဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ် နိုင်ငံတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေး စဉ်းစားသုံးသပ် ဆောင်ရွက်နိုင်ရန်အတွက် အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ် ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ (ယာပုံ)၊ ရွှေကျင်မြို့နယ် ဒုံဇရပ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နယ်စပ်ဒေသ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်၏ အင်အားနည်းစခန်းများကို KNLA တပ်မဟာ(၅) က NCA သဘောတူညီချက်များကို ချိုးဖောက်တိုက်ခိုက်လာခဲ့

**နေပြည်တော် မေ ၂၇**

KNLA တပ်မဟာ(၅)အနေဖြင့် KNU ဗဟိုဦးစီးကော်မတီ၏ အမိန့်ကိုနာခံမှုမရှိဘဲ NCA စာချုပ်ပါ အချက်များအား ချိုးဖောက်၍ မြန်မာနိုင်ငံ၏ နယ်စပ်လုံခြုံရေးစခန်းဖြစ်သည့် ထီးမူထစခန်းကို မတ် ၂၇ ရက်တွင် တိုက်ခိုက်လာခဲ့သည်။ ထိုသို့ တိုက်ခိုက်လာခဲ့သည့်အတွက် မတ် ၂၈ ရက်တွင် ဖြစ်စဉ်အကြောင်းအရာနှင့် လုံခြုံရေးအရ လိုအပ်သည့် အရေးယူမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ယနေ့နံနက် ၅ နာရီခန့်တွင်လည်း KNLA တပ်မဟာ(၅) အနေဖြင့် တပ်မတော်၏ သောင်ရင်းမြစ်ကြောင်း လုံခြုံရေးစခန်းဖြစ်သည့် သော်လဲထနှင့် ဥသုတစခန်းများအား သာလွန်အင်အားများဖြင့် တိုက်ခိုက်မီးရှို့လာခဲ့သည်။ KNLA တပ်မဟာ(၅) အနေဖြင့် KNU ဗဟိုဦးစီးကော်မတီ၏ အမိန့်ကိုနာခံမှုမရှိဘဲ NCA စာချုပ်ကို ချိုးဖောက်လျက် ငြိမ်းချမ်းရေးလမ်းစဉ်ပျက်စီးစေရန် ဆက်တိုက်လုပ်ဆောင်လျက်ရှိပြီး တပ်မတော်စစ်ကြောင်းများအား မိုင်းထောင်၊ မိုင်းဆွဲ တိုက်ခိုက်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် လမ်းကြောင်းများဖောက်လုပ်ရာတွင် နှောင့်ယှက်တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များသို့ လက်နက်ကြီးများဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခြင်း တို့ကို လုပ်ဆောင်လျက်ရှိသည်။

ထိုကဲ့သို့ KNLA တပ်မဟာ(၅)အနေဖြင့် KNU ဗဟိုဦးစီးကော်မတီ၏အမိန့်ကို နာခံမှုမရှိဘဲ NCA စာချုပ်ကို ချိုးဖောက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပျက်စီးရာ ပျက်စီးကြောင်းများကိုသာ ဆက်တိုက်လုပ်ဆောင်လျက်ရှိခြင်းကြောင့် တပ်မတော်အနေဖြင့် နယ်စပ်ဒေသလုံခြုံရေးနှင့် လိုအပ်သည့်သောင်းကျန်းမှု နှိမ်နင်းရေးစစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❋ *ကျောဖုံးမှ*

ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့်အသင်းလည်း ဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ်၌ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ရှစ်ပွဲတွင် နှစ်ပွဲရှုံး၊ တစ်ပွဲသရေနှင့် ငါးပွဲနိုင်ပွဲရရှိထားသည်ကို တွေ့ရသည်။ မန်စီးတီးအသင်းက ချန်ပီယံလိဂ်၌ ယှဉ်ပြိုင်ကစားခဲ့သည့် နောက်ဆုံးရှစ်ပွဲတွင် တစ်ပွဲသာ သရေကျထားပြီး ခုနစ်ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည့် အသင်းဖြစ်သည်။

ရလဒ်ကောင်းပိုင်ဆိုင်နိုင်ရေးကို အားစိုက်ကစားလာဖွယ်ရှိနေသည့်အတွက် ပီအက်စ်ဂျီအသင်းတွင် ဒီမာရီယာ၊ ကင်ပမ်းဘီ၊ မာကွင်ဟို၊ နေမာ၊ အမ်ဘတ်ပီစသည့် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာဖွယ်ရှိနေပြီး မန်စီးတီးအသင်းတွင် စတုန်း၊ ဂန်ဒိုဂန်၊ ဒီဘရိုင်း၊ မာရက်ဇ်၊ ဆီးလ်ဗား၊ ဖိုဒင်စသည့် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာဖွယ်ရှိနေသည်။ ထို့ကြောင့် ချန်ပီယံလိဂ်ဆီးမီးဖိုင်နယ် ပထမအကျော့ ပီအက်စ်ဂျီအိမ်ကွင်းတွင် မည်သည့်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားဆိုင်သွားမလဲ စောင့်ကြည့်ရမည် ဖြစ်သည်။

**အောင်ဇော်**




ပီအက်စ်ဂျီအသင်းသားများကို တွေ့ရစဉ်။

●*ကျောဖုံးမှ*

ယခင်က ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ထိုးသတ်ရန် စီစဉ်ထားသော်လည်း ပြီးခဲ့သည့်ရက်ပိုင်းက ဘစ်ဒက်ရှ်တွင် COVID-19 ရောဂါပိုးတွေ့ရှိသဖြင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဒီရစ်ဒါနှင့် ပြောင်းလဲစီစဉ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အောင်လအန်ဆန်နှင့် ဒီရစ်ဒါသည် ခြောက်လအတွင်း ဒုတိယအကြိမ် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၂၀ အောက်တိုဘာတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် ပထမဆုံးတွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ အောင်လအန်ဆန်သည် ဒီရစ်ဒါနှင့် ပထမအကြိမ်တွေ့ဆုံရာတွင် ချုပ်ကွက်ဖြင့် အရေးနိမ့်ကာ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု လက်လွှတ်ခဲ့ရသဖြင့် ယခုပွဲတွင် ရှုံးကြွေးပြန်ဆပ်နိုင်ရန် ကြိုးပမ်းရမည် ဖြစ်သည်။

အောင်လအန်ဆန်သည် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် ရယူနိုင်ခဲ့ပြီး ယခုထိုးသတ်မည့် ဒီရစ်ဒါနှင့်ပွဲမှာ ဒုတိယမြောက် ချန်ပီယံကာကွယ်ပွဲလည်း ဖြစ်သည်။ အောင်လအန်ဆန်သည် ပထမဆုံး ချန်ပီယံကာကွယ်ပွဲကို ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် ဖိလစ်ပိုင်နိုင်ငံသား ဘရန်ဒန်ဗီရာနှင့် ထိုးသတ်ခဲ့ရာ ဒုတိယအချီတွင် အနိုင်ယူပြီး ချန်ပီယံဆု ကာကွယ်နိုင်ခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-ONE Championship**

# ခေါင်းလောင်းသံတေး ချိုအေးကြည်မြ ကျောင်းတော်ဝသို့

**ပီတိရှင်**

**နံနက်ခင်းမှာ နေရောင်ဆမ်းတဲ့ ပန်းကလေးများ ပွင့်လန်းနေမှုက လောကအလှကို သဘာဝကျကျ တန်ဆာဆင်နေသည့်နှယ်။ မွေးပျံ့တဲ့ရနံ့လေအသော့မှာ ယိမ်းနွဲ့လှုပ်ရှား ပန်းကလေးများကို ကြည်နူးရွှင်ပျ လိုလိုချင်ချင်နဲ့ အမြတ်တနိုး အသုံးပြုတာ လူတွေရဲ့ အလေ့အထတစ်ခုပမာ။**

ပန်းလိုပျိုးလို့ ပွင့်လန်းဝေဆာ နုနယ်သော လူငယ်တို့ ကမ္ဘာကို လူကြီးတွေက ဖြည့်ဆည်းထောက်ပံ့အားပေးကြရမည်သာ။ လူငယ်လူရွယ်လေးတွေ ပညာသင်ချိန်မှာ ပညာသင်ပါမှ ပခုံးပြောင်း တာဝန်တွေအတွက် အခက်အခဲနည်းပါးစွာနဲ့ အဆင်သင့်ဖြစ်နေမှာ သေချာတာ။ ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုးလို့ ရှေးဆိုရိုးစကား ရှိပါတယ်။ ပညာသင်ချိန်မှာ ပညာရှာ အချိန်တွေကိုမဖြုန်းတီးပါမှ ကိုယ့်အကျိုး၊ အများအကျိုး တင့်တယ်အဆင့်ရှိစွာ တည်ဆောက် ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။



**ပုဗ္ဗာစရိယ မိနဲ့ဖ**

မိဘတွေရဲ့ မေတ္တာနဲ့ ဝတ္တရားတာဝန်တွေက သားသမီးများကို ငယ်စဉ်အခါ ပညာရည်နို့သောက်စို့ သင်ကြားစေကြရမှာ ဖြစ်ပါတယ်။ ကိုယ့်သားသမီးတွေ လိမ္မာရေးခြားရှိစေရေး၊ သူတို့ဘဝကို သူတို့ကိုယ်တိုင် ထိန်းကျောင်း လျှောက်လှမ်းနိုင်ရေးအတွက် ပညာသင်ကြားရေးကို မိဘတွေက အရေးကြီးသော အလုပ်အဖြစ်မှတ်ယူကြတာ မြန်မာတို့ရဲ့ ဓလေ့ထုံးတမ်းစဉ်လာလို ဖြစ်နေပြီးသားပါ။ ကောင်းမွန်ပြီးသား ရိုးရာစရိုက်လက္ခဏာကို မိဘတိုင်းအလေးထားကြပြီး သားသမီးများရဲ့ အနာဂတ်ကို ပညာသင်ကြားမှုဖြင့် ထုဆစ်ပုံဖော်စေတာဟာ မိဘတိုင်းရဲ့ ဘဝပေးအရေးကြီး တာဝန်ဖြစ်ပါတယ်။ ရှေးဦးအကျဆုံး သွန်သင်ဆုံးမသူ၊ လက်ဦးဆရာတွေဖြစ်တဲ့ မိခင်နဲ့ ဖခင်တို့ဟာ ကိုယ့်ရဲ့ ရင်နှစ်သည်းချာ သားသမီး ရတနာတွေ ယဉ်ကျေးလိမ္မာ အသိသုတပညာရပ်များ တတ်ကျွမ်းအောင် ပြုစုပျိုးထောင်ခြင်းဟာ အဖိုးမဖြတ်နိုင်တဲ့ နှလုံးသားအမွေတွေ ပေးနေခြင်းမျိုး ဖြစ်ပါတယ်။ ပညာသင်ကြားရမယ့် လူငယ်လူရွယ်များအတွက် အနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည်လည်း အများကြီး အရေးကြီးလှပါတယ်။

▼ မိဘတွေရဲ့ မေတ္တာနဲ့ ဝတ္တရားတာဝန်တွေက သားသမီးများကို ငယ်စဉ်အခါ ပညာရည်နို့သောက်စို့ သင်ကြားစေကြရမှာ ဖြစ်ပါတယ်။ ကိုယ့်သားသမီးတွေ လိမ္မာရေးခြားရှိစေရေး၊ သူတို့ဘဝကို သူတို့ ကိုယ်တိုင်ထိန်းကျောင်း လျှောက်လှမ်းနိုင်ရေးအတွက် ပညာသင်ကြားရေးကို မိဘတွေက အရေးကြီးသော အလုပ်အဖြစ် မှတ်ယူကြတာ မြန်မာတို့ရဲ့ဓလေ့ထုံးတမ်းစဉ်လာလို ဖြစ်နေပြီးသားပါ။ ကောင်းမွန်ပြီးသား ရိုးရာစရိုက်လက္ခဏာကို မိဘတိုင်း အလေးထားကြပြီး သားသမီးများရဲ့ အနာဂတ်ကို ပညာသင်ကြားမှုဖြင့် ထုဆစ်ပုံဖော်စေတာဟာ မိဘတိုင်းရဲ့ ဘဝပေးအရေးကြီးတာဝန်ဖြစ်

**အနန္တဂိုဏ်းဝင် ဆရာ**

ဆရာစိတ်၊ ဆရာ ကျင့်ဝတ်၊ ဆရာတို့၏ မေတ္တာတွေဟာ မြန်မာ့လူနေမှုဓလေ့သမိုင်းမှာ အစဉ်အလာကောင်းတွေနဲ့ ကြည်နူးကျေနပ်ဖွယ်ရာရှိထားပြီး ဖြစ်ပါတယ်။ ဝါသနာ၊ အကြင်နာ၊ စေတနာ၊ ကရုဏာ၊ အနစ်နာဆိုတဲ့ နာ (၅) နာနဲ့ ပြည့်စုံတဲ့ ဆရာ၊ ဆရာမတွေရဲ့ လုပ်အားဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်ကို ပုံဖော်သူတွေလို့ဆိုရမှာ ဖြစ်ပါတယ်။ ဆရာ၊ ဆရာမတစ်ဦးချင်းစီရဲ့ ဆရာစိတ်အပြည့်နဲ့ ကိုယ့်ပညာရေးမဏ္ဍိုင် တိုးတက်အောင် စွမ်းဆောင်ကြရင်း နိုင်ငံ့အကျိုး ပြည်သူ့အကျိုး သယ်ပိုးစွမ်းဆောင်တဲ့ သားကောင်းသမီးမွန်များလို့ မှတ်ယူဂုဏ်ပြုလိုပါတယ်။ ဆရာ၊ ဆရာမတွေ၏ စိတ်စေတနာနဲ့ လုပ်အားကို ကျောင်းသူ၊ ကျောင်းသားတွေ မိဘတွေက အပြည့်အဝနားလည်ဖို့ လိုပါတယ်။ လူငယ်တွေ ပညာတတ်ပါမှ တိုင်းပြည်အမြန်ဆုံးတိုးတက်မှာ ဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေ တီးမယ့် ကျောင်းတက်ခေါင်းလောင်းသံကို ကျောင်းသား၊ ကျောင်းသူတွေ ကြည်နူးလက်ခံသင်ကြားသင်ယူရေးဟာ တစ်ဦးချင်းဘဝဖြစ်သလို နိုင်ငံ့အနာဂတ်လည်း ဖြစ်ပါတယ်။ သားငယ်သမီးရွယ် ကျောင်းသားလူငယ်တွေကို ကျောင်းတော်ဝသို့ ခေါ်ဆောင်မယ့် ကျောင်းတွေ ဖွင့်လှစ်ပါတော့မယ်။

**ကျောင်းနေပျော်ပြီး စာတော်ကြပါစေ**

လူငယ်လူရွယ် ကျောင်းသူ၊ ကျောင်းသားတွေ တိုးတက်လိုစိတ်၊ သင်ယူလိုစိတ်၊ တတ်မြောက်လိုစိတ်တွေ မွေးမြူပြီး အရည်အချင်းရှိတဲ့ လူတော်လူကောင်းတွေဖြစ်ရေးဟာ လူငယ်လေးတွေရဲ့ မူရင်းစိတ်သာ ပဓာနကျပါတယ်။ မိဘကလည်း ကြည်ဖြူ၊ ဆရာတွေကလည်းဖေးမ၊ ကျောင်းသူကျောင်းသားများကလည်း ပူးပေါင်းသင်ယူတဲ့ ကြည်နူးဖြူစင်တဲ့ မြန်မာ့ပညာရေး အဝန်းအဝိုင်းကြီး တည်ဆောက်ရေးဟာ နိုင်ငံတော်ရဲ့ အခြေခံတည်ဆောက်ရေးတစ်ခုဖြစ်ပါတယ်။ အနာဂတ်နိုင်ငံ့တာဝန်တွေ ပခုံးပြောင်းယူကြမယ့် ကျောင်းသူ၊ ကျောင်းသားတွေ ခေါင်းလောင်းသံတေး ချိုအေးကြည်မြကျောင်းတော်ဝသို့ မြူးတူးကျေနပ်စွာ တက်လှမ်းနိုင်ဖို့ ကျောင်းသား၊ ဆရာ၊ မိဘတွေ စုပေါင်းကာ ဘက်စုံကြိုးပမ်းကြပါစို့လို့ တိုက်တွန်းတင်ပြလိုက်ရပါတယ်။

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၂၇**

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက် ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက် ညနေ ၅ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စန္ဒကူး (၄) ရပ်ကွက် အိမ်အမှတ် (၄၄) မှ သံဒိုင်း ၂၀၊ ကျည်ကာအင်္ကျီ နှစ်ထည်၊ မီးစာ တပ်ဆင်ထားသည့် မီးပုလင်း ရှစ်လုံး၊ လက်လုပ်သေနတ် အပိုင်းအစတစ်ခုတို့ကို လည်းကောင်း၊ ည ၇ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ထန်းတောကျေးရွာနေ သက်ထွေး (၁၈) နှစ် (ဘ) ဦးလှသန်း၏ နေအိမ်မှ လက်လုပ်သေနတ် တစ်လက်၊ စတီးပြောင်း တစ်ခု၊ ဖန်ဂေါ်လီ အလုံး ၃၀ တို့ကိုလည်းကောင်း၊ ည ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက်နေ ဖြူဖြူသိန်း (၅၃) နှစ် (ဘ) ဦးစံသိန်း၏ နေအိမ်မှ ဖြူဖြူသိန်းပါ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦးတို့နှင့်အတူ နေအိမ်အတွင်းမှ မီးစာတပ်ဆင်ထားသည့် ဒီဇယ်ပုလင်း ငါးလုံး၊ ယမ်းနှစ်ပိဿာခွဲ၊ လက်လုပ်ဗုံး ၁၈ လုံး၊ သံမူလီ လေးထုပ်၊ သံမှို ၅၀ ကျပ်သား၊ လောက်စာလုံး ၅၀ နှင့် အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ မေ ၂၇ ရက် နံနက် ၂ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၅) ရပ်ကွက် မြင်သာ (၆) လမ်းဘေးရှိ ချုံများအတွင်းမှ မီးခိုးဗုံး ၅၅ လုံး၊ ဖိုက်ဘာဦးထုပ် ၅၀၊ မီးခိုးကာမျက်မှန် ၃၄ လက်၊ ဒူးလေး တစ်လက်၊ လေးကိုင်း နှစ်ခု၊ မြားတံ ၁၈ ချောင်း၊ ကျည်ကာအင်္ကျီ ၁၃ ထည်နှင့် အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်း ထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း ဆက်လက် သတင်းရရှိသည်။





တောင်ဥက္ကလာပမြို့နယ်၌ အမျိုးသား နှစ်ဦးနှင့်အတူ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်သူလူစု အုပ်စုများက အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် ဧပြီ ၂၇**

ဆူပူအကြမ်းဖက်သူလူစု အုပ်စုများက နိုင်ငံတော်ပိုင် အဆောက်အအုံများနှင့် အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များကို မီးပုလင်း၊ လက်လုပ်ဗုံး၊ မီးတုတ်များဖြင့် ပစ်ပေါက်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းခဲ့**

ထိုသို့လုပ်ဆောင်ရာတွင် ဧပြီ ၂၆ ရက် ညနေ ၅ နာရီခွဲတွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ထိုပူးကျေးရွာအနီး မြစ်ကြီးနား-မိုးညှင်းကားလမ်း၌လည်းကောင်း၊ ည ၁၂ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် တောင်မြို့ရပ်ကွက် မန္တလေး-လားရှိုးကားလမ်းဘေးရှိ မြို့နယ်ပညာရေးမှူးရုံး၌လည်းကောင်း၊ ဧပြီ ၂၇ ရက်နံနက် ၇ နာရီ ၂၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးအနီး၌လည်းကောင်း လက်လုပ်မိုင်းများ ပေါက်ကွဲခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပေါက်ကွဲမှုမရှိသေးသော မိုင်းအချို့ကို သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

ထို့ပြင် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အင်းတကော်မြို့ အမှတ် (၂) ရပ်ကွက် တောကြီးကွဲကျေးရွာ ရန်ကုန်-ပဲခူးကားလမ်းဘေးရှိ နယ်မြေခံတပ်ရင်း၏ အုတ်တံတိုင်းဘေးသို့ ရန်ကုန်ဘက်မှ ပဲခူးဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ အနက်ရောင် ပလတ်စတစ်အထုပ် တစ်ထုပ် ပစ်ချခဲ့ကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရေသန့်ဘူးအတွင်း ယမ်းမှုန့်နှင့် သံဘောစေ့ ၁၀၀ ခန့်ကို ရောစပ်ပြုလုပ်ထားသော လက်လုပ်မိုင်းကို Keypad ဖုန်းဖြင့် ဆက်သွယ်ပြုလုပ်ထားသည့် ချိန်ကိုက် လက်လုပ်မိုင်းတစ်ခုကို တွေ့ရှိခဲ့သဖြင့် သက်မဲ့ပြုလုပ်၍ သိမ်းဆည်းခဲ့သည်။

**ပေါက်ကွဲမှုများဖြစ်ပွား**

ထို့ပြင် ည ၆ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက် ၄ လမ်းရှိ ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးကို လည်းကောင်း၊ ည ၇ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ မြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက် ၇၃ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးနှင့် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်ရှိ အမှတ် (၂၄) အခြေခံပညာအထက်တန်းကျောင်း တို့ကို လည်းကောင်း၊ ည ၈ နာရီ ၁၀ မိနစ်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဗဟင်းကျေးရွာ ရွာလယ်လမ်းရှိ CB ဘဏ် ကိုလည်းကောင်း၊ ဧပြီ ၂၇ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် ၃၂ လမ်း၊ ၆၉ လမ်းနှင့် ၇၀ လမ်းထောင့်ရှိ မန္တလေးမြို့တော်ဝန်၏ နေအိမ်ကိုလည်းကောင်း၊ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁) ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကိုလည်းကောင်း၊ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်ကွက်ရှိ အမှတ်(၂) နယ်မြေရဲစခန်းကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက်ရှိ ခရိုင်ပညာရေးမှူးရုံးကိုလည်းကောင်း အကြမ်းဖက်သူများက လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာများကို သွားရောက်စစ်ဆေးခဲ့ကာ ပေါက်ကွဲမှုမရှိသော လက်လုပ်ဗုံးအချို့အား သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထို့ပြင် ဧပြီ ၂၆ ရက် ည ၆ နာရီ ၄၅ မိနစ်တွင် ထားဝယ်မြို့ ဒေါင်းငူရပ်ကွက် ရုံးကြီးလမ်းဆုံ မြန်မာ့စီးပွားရေးဘဏ်၌ လုံခြုံရေးဆောင်ရွက်နေသော




မိုးကောင်းမြို့နယ်၌ မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားစဉ်။

တပ်ဖွဲ့ဝင်များအား ကရပ်ပြင်မီးပွိုင့်ဘက်မှ ရုံးကြီးလမ်းဆုံဘက်သို့ ဆိုင်ကယ်စီးနင်းလာသော အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက လက်လုပ်ဗုံးနှင့် လက်နက်ငယ်တို့ဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ် ထွက်ပြေးသွားခဲ့ပြီး ပစ်ခတ်မှုကြောင့် ဘဏ်၏ ပြတင်းတံခါးမှန်တစ်ချပ် ကွဲကြေပျက်စီးခဲ့ပြီး၊ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးတွင် ထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အလားတူ ည ၇ နာရီ မိနစ် ၅၀ တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ရပ်ကွက် အေးရိပ်ချောင်းလမ်းနှင့် စပါးရွှေဝါလမ်းဆုံ၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးဆန်းမွေး (၃၉ နှစ်) (ဘ) ဦးလှရွှေပါ မိသားစုဝင် သုံးဦးသည် တက္ကသိုလ်ရပ်ကွက်အတွင်းမှ ကောက်ယူရရှိခဲ့သည့် အမှိုက်အိတ် တစ်လုံးကို ဖွင့်ဖောက်သွန်ချခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားကာ ဦးဆန်းမွေးပါ မိသားစုဝင် သုံးဦးတွင် ပါး၊ လည်ပင်း၊ လက်နှင့် ခြေထောက်များတွင် ပေါက်ပြဲဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

**ဖယ်ရှားရှင်းလင်းပေးခဲ့**

ထို့ပြင် ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်ရှိ မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ အုတ်တံတိုင်းနှင့် မီးရထားသံလမ်းအကြား၌လည်းကောင်း လက်လုပ်မိုင်းများ တွေ့ရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး ဖယ်ရှားရှင်းလင်းပေးခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အများပြည်သူပိုင် အဆောက်အအုံများကို မီးရှို့ဖျက်ဆီး

**နေပြည်တော် ဧပြီ ၂၇**

ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အများပြည်သူပိုင် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်ရာ ဧပြီ ၂၆ ရက် ည ၆ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၆) ရပ်ကွက် အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့် မီးပွိုင့်ရှိ အချက်ပြမီးထိန်းချုပ်ရေး အခန်းနှင့် (၁၂) ရပ်ကွက် ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ အချက်ပြမီး ထိန်းချုပ်ရေးအခန်း တို့ကို အကြမ်းဖက်သူက မီးတုတ်ဖြင့် ပစ်ပေါက်ခဲ့ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါ အချက်ပြမီးထိန်းချုပ်ရေး အခန်းများအနီး၌ မီးလောင်နေသည့် မီးတုတ်တစ်ချောင်းစီကို တွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ကြောင်း နှင့် အချက်ပြ မီးထိန်းချုပ်ရေး အခန်းများ မီးကူးစက်လောင်မှု မရှိကြောင်း သိရသည်။

အလားတူ ယနေ့ နံနက် ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥသမြို့သစ် (၉) ရပ်ကွက်ရှိ "ကျွန်ဖူး" ဝိုင်ထုတ်လုပ်ရေး ကုမ္ပဏီခြံဝင်းအတွင်းရှိ ဂိုဒေါင်ကို အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက ဝင်ရောက်မီးရှို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဂိုဒေါင်အတွင်းရှိ TV တစ်လုံး၊ မီးစက်တစ်လုံးနှင့် ဘိလပ်မြေအိတ် ၃၀ တို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အထက်ပါ ဖြစ်စဉ်များမှ ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြို့နယ်အချို့၌ နိုင်ငံတော်ဆန့်ကျင်ရေးစာသား ရေးသားသူများနှင့် ဆန့်ကျင်ရေးစာသားပါ ဗီနိုင်း၊ ပိုစတာ ကိုင်ဆောင်ဆန္ဒပြသူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၇**

နိုင်ငံတော်အတွင်း ဆူပူအုံကြွမှုများ ဖြစ်ပေါ်စေရေးအတွက် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အဖျက်အမှောင့် ဆောင်ရွက်လိုသူအချို့ကလည်း နိုင်ငံတော်ဆန့်ကျင်ရေးစာသားများကို အများပြည်သူသုံးလမ်းမကြီးများ၊ နိုင်ငံတော်ပိုင်နှင့် အများပြည်သူပိုင် အဆောက်အအုံများပေါ်တွင် ရေးသားခြင်း၊ ဆန့်ကျင်ရေး စာသားပါ ဗီနိုင်းစများ၊ ပိုစတာများ၊ စာရွက်များကို ချိတ်ဆွဲခြင်း၊ လမ်းများပေါ်တွင် ဖြန့်ကြဲခြင်းတို့ဖြင့် နိုင်ငံတော်အတွင်း မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ဖြိုခွဲထိန်းသိမ်း**

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှု ဖြစ်စဉ်များကို ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းလျက်ရှိသကဲ့သို့ ဆန့်ကျင်စာ၊ လှုံ့ဆော်စာ၊ ရေးသားလှုံ့ဆော်ဖြန့်ဝေသူများကိုလည်း နိုင်ငံတော်တည်ငြိမ်ရေးအတွက် ရေးရှုကာ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီး ထိန်းသိမ်း**

ထိုသို့ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၆ ရက် ည ၆ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ် (၃) ရပ်ကွက် လှည်းတန်းလမ်းရှိ အမှတ် (၅) အခြေခံပညာအထက်တန်း ကျောင်းရှေ့၌ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ စာရွက်များ၊ ဗီနိုင်းစများ ဖြန့်ကြဲထားကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ၎င်းလမ်းပေါ်ရှိ "အောင်ကောင်းစံ" လက်ဖက်ရည်ဆိုင်အတွင်း အမှတ် (၈)ရပ်ကွက်နေ ကျိုန်မွန်ကိမ် (ခ) ချယ်ရီ (၂၃ နှစ်) (ဘ) ဦးဂင့်ဇထန်းအား နိုင်ငံတော်ဆန့်ကျင်ရေး စာသားများပါ A4 စာရွက် ၁၆၀၊ ဆေးပင်နှစ်ချောင်း၊ သဘော်ဆေးပုံး တစ်ပုံး တို့နှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အလားတူ ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သန်လျင်မြို့နယ် ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ပဲခူးစုရပ်ကွက် မာဃလမ်းမပေါ်ရှိ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှေ့အရောက်၌ အောင်သိန်းဦး (၁၉ နှစ်) (ဘ) ဦးတင်ရွှေက လမ်းမပေါ်တွင် အဖြူရောင် မှုတ်ဆေးဘူးဖြင့် နိုင်ငံတော်ဆန့်ကျင်ရေးစာသားများ ရေးသားနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

**ဥပဒေနှင့် အညီ အရေးယူ**

အထက်ပါ ဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့ ပုဂ္ဂလိကဘဏ်များ ပြန်လည်အသက်ဝင်လာ၊ မူလပုံမှန်အတိုင်း လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေ

**ရန်ကုန် မေ ၂၇**

လူဦးရေထူထပ်များပြားပြီး စီးပွားရေးအချက်အချာကျသော ရန်ကုန်မြို့ကြီးတွင် ယခုအခါ အချို့ပုဂ္ဂလိကဘဏ်များ ပြန်လည်သက်ဝင်လှုပ်ရှားဖွင့်လှစ်နိုင်ခဲ့ပြီး ယခင်မူလကဲ့သို့ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေး အချိန်ယူကြိုးပမ်းလျက်ရှိကြောင်း ပုဂ္ဂလိကဘဏ်အသိုင်းအဝိုင်းမှ သိရသည်။

" ကျွန်တော်တို့ဘဏ်အနေနဲ့က ဖွင့်တာ နှစ်ပတ်ထဲရောက်ပါပြီ။ အခုလိုပြန်ဖွင့်တဲ့အခါမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်နဲ့အညီ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်တွေ လိုက်နာဖွင့်လှစ်နေရပါတယ်။ ဘဏ်ဖွင့်တာကလည်း သိပ်မကြာသေးတော့ ဝန်ထမ်းတွေလည်း မစုံသေးဘူးပေါ့။ အခုလို ဘဏ်တွေပြန်ဖွင့်တာကလည်း ပြည်သူတွေရဲ့ လိုလားတောင့်တမှုကြောင့်ပါ။ တစ်ခုတော့ရှိတာပေါ့။ အခုလိုပြန်လည်ဖွင့်လှစ်ပေမယ့်လည်း အရင်မူလပုံမှန်အတိုင်းလိုတော့ ငွေကို လိုသလောက်ထုတ်ယူတာတော့ မရသေးပါဘူး။ ငွေလွှဲတာနဲ့ အခြားဘဏ်လုပ်ငန်းဆိုင်ရာတွေတော့ လုပ်ဆောင်ပေးနေပါတယ်" ဟု ပုဂ္ဂလိကဘဏ်ဝန်ထမ်းတစ်ဦးက မြန်မာ့အလင်းသို့ ပြောသည်။

ရန်ကုန်မြို့၌ လတ်တလော ဖွင့်လှစ်ပေးသော ပုဂ္ဂလိကဘဏ်အချို့၌ ရရှိသော ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများမှာ ငွေသွင်းခြင်းလုပ်ငန်း၊ ဘဏ်အကောင့်လွှဲခြင်းလုပ်ငန်း၊ Phone no change for Kpay၊ Mobile Banking လုပ်ငန်း၊ Account Opening လုပ်ငန်း စသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်း ဆောင်တာများကို အစိုးရရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၂ နာရီအထိ ဝန်ဆောင်မှုပေးလျက်ရှိသည်။ အချို့ဖွင့်လှစ်သော ပုဂ္ဂလိကဘဏ်များ၌ ငွေထုတ်ပေးခြင်းများကို ဝန်ဆောင်မှုပေးလျက်ရှိသော်လည်း ပုဂ္ဂလိကဘဏ်အများစုမှာ ငွေထုတ်ပေးခြင်းလုပ်ငန်းများကို လတ်တလော ဝန် ဆောင်မှုပေးနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသော ပုဂ္ဂလိကဘဏ်အမျိုးအစားအုပ်စုများမှာ ၂၇ မျိုးရှိပြီး ယင်းဘဏ်များ၏ ဘဏ်ခွဲစုစုပေါင်းမှာ ၇၀၀ ဝန်းကျင်ရှိကာ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း အားအကောင်းဆုံးဖြစ်သော ကမ္ဘောဇဘဏ်လီမိတက်မှာ ဘဏ်ခွဲပေါင်း ၁၅၆ ခုရှိသည်။ CB ဘဏ်အုပ်စုမှာ ဘဏ်ခွဲပေါင်း ၇၉ ခုရှိကာ ကမ္ဘာ့ရတနာဘဏ်လီမိတက်မှာ ဘဏ်ခွဲပေါင်း ၇၇ ခု ရှိကြောင်း ဗဟိုဘဏ် ထုတ်ပြန်ထားသော စာရင်းဇယားများအရ သိရသည်။ မြန်မာနိုင်ငံအတွင်းရှိ ပုဂ္ဂလိကဘဏ်များမှာ ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ယာယီရပ်နားထားခဲ့ပြီး ယခုအခါ ပုဂ္ဂလိကဘဏ်အများစုမှာ ပြန်လည်လည်ပတ်သက်ဝင်ရှားလာပြီဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်**

## နမ့်ခမ်းမြို့၌ ထိန်းချုပ်ဓာတုပစ္စည်းများဖျက်ဆီး

**နမ့်ခမ်း မေ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် နမ့်ခမ်းမြို့မ ရဲစခန်းက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၈ အမှုမှ သက်သေခံပစ္စည်းများ ဖျက်ဆီးခြင်းကို မေ ၂၃ ရက်က နမ့်ခမ်းမြို့မ ရဲစခန်း၏ အနောက်ဘက် (၃) မိုင်ခန့် မန့်ပုံကျေးရွာ အပြင်ဘက်တွင် ပြုလုပ်သည်။




ထိန်းချုပ် ဓာတုပစ္စည်းများ ဖျက်ဆီးသည့် အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးကြည်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်လင်းသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု (၂၂)မှ ဒုရဲမှူး ဟန်မျိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် တရားသူကြီး ဦးစိုင်းရဲမင်းသူ၊ မြို့နယ် ဥပဒေအရာရှိ ဒေါ်နန်းမိုးသူဇာကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။ တက်ရောက်လာသူများက ဖျက်ဆီးမည့် ဓာတုပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး မြေကျင်းများအတွင်း သွန်းချ ဖျက်ဆီးခဲ့သည်။ (ဓါတ်ပုံ) ဖျက်ဆီးခဲ့သည့် ဓာတုပစ္စည်းများမှာ Sodium Ethoxide အဖြူမှုန့် တစ်အိတ်လျှင် အလေးချိန် ၂၀ ကီလိုခန့်စီပါ အိတ် ၃၀၀ စုစုပေါင်း အလေးချိန် ၆၀၀၀ ကီလိုခန့် ဖြစ်ကြောင်း သိရသည်။ **ဝေမွန်**

## မီးသတ်တပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ပြည် မေ ၂၇**

(၇၅) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကျော်နှင့် တပ်ဖွဲ့ဝင်များက ပြည်ခရိုင်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ မေ ၂၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)




ထိုသို့ ဆောင်ရွက်ရာတွင် ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီးနှင့် တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ကြီးဘုရားကြီး၊ ခေတ္တရာဘိုးဘွားရိပ်သာ၊ ပြည်မြို့ ခုတင် ၅၀၀ အထွေထွေရောဂါကုဆေးရုံကြီး၌ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် သွေးလှူဌာနတွင် သွေးပုလင်း ၃၀ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ပြည်ခရိုင်အတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ဘုန်းကြီးကျောင်းများနှင့် ကျေးရွာအချို့တို့တွင်လည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ သောက်သုံးရေ ဂါလန် ၁၃၆၀၀ လှူဒါန်းခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သီပေါကြက်ခြေနီအသင်းနှင့် အလှူရှင်များက ဆန်၊ ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်

**သီပေါ မေ ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ဒေသ မန်လီ ဘုန်းတော်ကြီးကျောင်း ခိုလှုံရေးစခန်းရှိ တိုက်ပွဲရှောင် ပလောင်တိုင်းရင်းသား ၂၅၀ တို့အား သီပေါမြို့မှ စေတနာရှင်မိဘပြည်သူများနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့က မေ ၂၆ ရက် နံနက်ပိုင်းက ကူညီထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့ ကူညီပံ့ပိုးပစ္စည်းများ သွားရောက်လှူဒါန်းရာတွင် သီပေါမြို့နယ် ကြက်ခြေနီအသင်း ဥက္ကဋ္ဌ စိုင်းဇော်ဝင်း၊ မြို့နယ် ကြက်ခြေနီ တပ်ဖွဲ့မှူး ဒေါ်နန်း ခင်ညွှန့်လူနှင့် သူနာပြု တပ်ဖွဲ့ဝင်များက ဆန်ခြောက် အိတ်၊ ပဲဆီသန့် ၁၀ ပိဿာ၊ တီရှပ်အင်္ကျီများ၊ မုန့်နှင့် ခေါက်ဆွဲခြောက် သေတ္တာများ၊ ကြာဆံ၊ ကြက်ဥ၊ ခရမ်းချဉ်သီးနှင့် ဟင်းချက်စရာများ၊ အမျိုးသမီးသုံး အသုံးအဆောင်ပစ္စည်းများကို ဒုတိယအကြိမ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



**အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်မိတ်ဆွေကြီး မဖြိုးဖြိုးအောင် (ဘ) ဦးသန်းရွှေ ၁၂/အစန(နိုင်)၁၉၆၄၅၀သည် ကိုအောင်ကိုကို (ဘ)ဦးဇော်မင်းရှိန် ၁၂/မရက(နိုင်)၁၃၉၃၃၉နှင့် ၂၆-၂-၂၀၂၂ ရက်တွင် အင်းစိန်မြို့နယ်တရားရုံး၌ ဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါ။ သို့ဖြစ်၍ နောက်နောင် မဖြိုးဖြိုးအောင်၏ လူမှုရေး၊စီးပွားရေးနှင့် အမည်ဂုဏ်သတင်း သိက္ခာကျဆင်းအောင် ထိပါးနှောင့်ယှက်ခြင်း၊ လူမှုကွန်ရက်(social media)များမှ တစ်ဆင့် နှောင့်ယှက်ခြင်းများပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ပါကြောင်း ကိုအောင်ကိုကိုနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**မဖြိုးဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၅/၈-၂-၂၀၀၅)**
**တိုက်အမှတ် ၅၇၉၊ အခန်းအမှတ် ၁၀၂(မြေညီထပ်)**
**ဒဂုံလွင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၁၂၀၂၂၇၈၊၀၉-၇၇၃၁၁၆၈၅၄**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ဦးဝင်းထွေး ၁၀/သဖရ(နိုင်) ၀၈၁၃၃၁၏ ပွဲနင်းမှူးလက်မှတ်အမှတ် REV-0037/19 မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၆၅၀၀၅၇၀

**မြေငှားဂရန်လျှောက်ထားခြင်း၊ မြေစာရင်းပုံစံ (၁၀၅/၁၀၆)များ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း**

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ အကွက်အမှတ် (၁၂၀၊ ညောင်ပင်သာရပ်) ဒေါ်မိဗွာအမည်ဖြင့် မြေစာရင်းပုံစံ (၁၀၅/၁၀၆)ရရှိထားသော ဦးပိုင်အမှတ် (F.47)၊ ဧရိယာ ၀ဒသမ၀၅၂ဧကရှိ မြေကွက်အား ကျွန်တော် ဦးမောင်ဖွေ ၁၃/ဆဆန(နိုင်)၀၄၅၁၀၀ မှ ၁၀-၃-၂၀၀၃ရက်တွင် ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ၈-၃-၂၀၀၃ရက်တွင် ထုတ်ယူထားသော ဂရန်လျှောက်ထားမြေစာရင်းပုံစံ (၁၀၅/၁၀၆) မူရင်းများမှာ ပျောက်ဆုံးနေပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက် ၍ ယခုအခါမြေငှားဂရန်လျှောက်ထားခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက်မြေစာရင်းပုံစံ (၁၀၅/၁၀၆)လျှောက်ထားထုတ်ယူခြင်းလုပ်ငန်းများ ဂရန်အမည်ပြောင်းလုပ်ငန်းများ ဆောင်ရွက်တော့မည်ဖြစ်ပါသည်။ ထိုသို့ မြေစာရင်းပုံစံ (၁၀၅/၁၀၆)များ၊ မြေငှားဂရန်များ လျှောက်ထားထုတ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း တရားရုံးမှ တရားဝင် တားဝရမ်းနှင့်အတူ အထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာဌာနများနှင့် ကျွန်တော်၊ ကျွန်မတို့ထံသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်ဖွေ ၁၃/ဆဆန(နိုင်)၀၄၅၁၀၀**
**တောင်ကြီးမြို့နယ်၊ ညောင်ဖြူစခန်းရပ်ကွက်၊ နှင်းဆီလမ်း၊**
**အိမ်အမှတ် ည/၅၈**
**ဖုန်း-၀၉-၅၂၁၆၆၁၃၊ ၀၉-၈၈၇၆၀၃၇၄၈**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားစနစ်ဌာနရှိ ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးအတွက် ဓာတ်အားလိုင်းပစ္စည်းများအား ပစ္စည်းစီမံရေးဌာနခွဲ(ရန်ကုန်)မှ မဟာဓာတ်အားလိုင်းမှူးရုံးများသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)သို့ တင်ဒါပိတ်ရက် ၁၀-၅-၂၀၂၂ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။
၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Covid-19ရောဂါဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်၍ ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www. moee.gov. mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချ မည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|
| | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| အမှတ်(၅)ဓာတ်မြေသြဇာ စက်ရုံ(ကန်ကြီးထောင့်) | ၃၀၀၀ | ၂၇-၅-၂၀၂၂ | ၁၂:၀၀ | ၂၇-၅-၂၀၂၂ | ၁၄:၀၀ |
| ယူရီးယားအောက်ကျုံး မြောင်းတကာ+ကန်ကြီးထောင့် | ၁၀၈.၈၂ | ၂၇-၅-၂၀၂၂ | ၁၂:၀၀ | ၂၇-၅-၂၀၂၂ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား တစ်လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါ သည်။
၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ဖခင်အမည်မှန်**

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ မိုးဘုံ အထက(ခွဲ) အဌမတန်းမှ မောင်မျိုးလင်းဦး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းနောင့် ၁၃/မမတ(နိုင်)၀၃၅၆၂၉ ဖြစ်ပါကြောင်း။

**ဦးစိုင်းနောင့်**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဦးဇော်မျိုးလင်း၏သား မောင်ကောင်းစည်သူအား မောင်ဇင်လင်းစိုးဟု လည်းကောင်း၊ သမီး မဖြူသန့်ခြယ်အား မအေးချမ်းမြအိမ်ဟု လည်းကောင်း ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျောက်ပန်းတောင်းမြို့၊ ဘူတာရပ်ကွက်၊ ရန်ပြည်မန်းလမ်းနေ ဦးမြင့်ကြိုင်နှင့် ဒေါ်ထွေးထွေးနိုင်တို့၏သား မောင်ဇော်ဖြိုးသူ ၉/ကပတ(နိုင်)၂၁၃၉၇၄သည် မိဘများ၏ ဆိုဆုံးမှုမကိုမနာခံသည့်အပြင် မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စများကိုမဆို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)**

**ဦးမြင့်ကြိုင်-ဒေါ်ထွေးထွေးနိုင်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း


ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း


ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း


မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း


ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၀ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ဝ၃၄၃ဝ၂ဝ၁၇ဝဝ၂၈၇ဝဝ၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နေပြည်တော်
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ သင်ကြားရေးဌာနများရှိ အောက်ပါဘာသာရပ်များတွင် နည်းပြ၊ သရုပ်ပြ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) များခန့်ထားမည်ဖြစ်ပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အခမဲ့ရယူ၍ဖြစ်စေ သတင်းစာပါပုံစံကို ကွန်ပျူတာစာစီ၍ဖြစ်စေ အသုံးပြုလျက် တင်သွင်းလျှောက်ထားနိုင်ကြပါသည် -

| စဉ် | တက္ကသိုလ်၊ဒီဂရီကောလိပ်၊ ကောလိပ်များ | လျှောက်ထားနိုင်သည့်ဘာသာရပ်များ |
|---|---|---|
| ၁ | ရန်ကုန်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ မနုဿဗေဒ ၉။ ရှေးဟောင်းသုတေသနပညာ ၁၀။ ဓာတုဗေဒ ၁၁။ ရူပဗေဒ ၁၂။ သင်္ချာ ၁၃။ သတ္တဗေဒ ၁၄။ ရုက္ခဗေဒ ၁၅။ ဘူမိဗေဒ ၁၆။ ကုန်ထုတ်ဓာတုဗေဒ ၁၇။ ကွန်ပျူတာသိပ္ပံ ၁၈။ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံ ၁၉။ စာကြည့်တိုက်နှင့်သတင်းအချက်အလက်ပညာ ၂၀။ ဥပဒေပညာ |
| ၂ | မန္တလေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ မနုဿဗေဒ ၉။ ရှေးဟောင်းသုတေသနပညာ ၁၀။ ဓာတုဗေဒ ၁၁။ ရူပဗေဒ ၁၂။ သင်္ချာ ၁၃။ သတ္တဗေဒ ၁၄။ ရုက္ခဗေဒ ၁၅။ ဘူမိဗေဒ ၁၆။ ကုန်ထုတ်ဓာတုဗေဒ ၁၇။ ကွန်ပျူတာသိပ္ပံ ၁၈။ ဥပဒေပညာ ၁၉။ စီးပွားရေးပညာ |
| ၃ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သင်္ချာ ၅။ ဘောဂဗေဒ ၆။ အသုံးချဘောဂဗေဒ ၇။ ဝါဏိဇ္ဇဗေဒ ၈။ စာရင်းအင်းပညာ ၉။ စီမံခန့်ခွဲမှုပညာ ၁၀။ အသုံးချစာရင်းအင်းပညာ |
| ၄ | ရန်ကုန်ပညာရေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဓာတုဗေဒ ၆။ ရူပဗေဒ ၇။ သင်္ချာ ၈။ သတ္တဗေဒ ၉။ ရုက္ခဗေဒ ၁၀။ စီးပွားရေးပညာ ၁၁။ ပညာရေးသဘောတရားနှင့်ပညာရေးစီမံခန့်ခွဲမှု ၁၂။ သင်ပြနည်း ၁၃။ ပညာရေးစိတ်ပညာ ၁၄။ ကာယကျောင်းကျန်းမာ |
| ၅ | မော်လမြိုင်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။အဏ္ဏဝါသိပ္ပံ ၁၅။ ဥပဒေပညာ ၁၆။ စီးပွားရေးပညာ |
| ၆ | ရန်ကုန်အဝေးသင်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၇ | တောင်ကြီးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ ဥပဒေပညာ ၁၅။ စီးပွားရေးပညာ |
| ၈ | စစ်ကိုင်းပညာရေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဓာတုဗေဒ ၆။ ရူပဗေဒ ၇။ သင်္ချာ ၈။ သတ္တဗေဒ ၉။ ရုက္ခဗေဒ ၁၀။ စီးပွားရေးပညာ ၁၁။ ပညာရေး သဘောတရားနှင့်ပညာရေးစီမံခန့်ခွဲမှု ၁၂။ သင်ပြနည်း ၁၃။ ပညာရေးစိတ်ပညာ ၁၄။ ကာယကျောင်းကျန်းမာ |
| ၉ | ဒဂုံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ နိုင်ငံတကာဆက်ဆံရေးပညာ ၉။ မနုဿဗေဒ ၁၀။ ရှေးဟောင်းသုတေသနပညာ ၁၁။ ဓာတုဗေဒ ၁၂။ ရူပဗေဒ ၁၃။ သင်္ချာ ၁၄။ သတ္တဗေဒ ၁၅။ ရုက္ခဗေဒ ၁၆။ဘူမိဗေဒ ၁၇။ ကုန်ထုတ် ဓာတုဗေဒ ၁၈။ ဥပဒေပညာ ၁၉။ စီးပွားရေးပညာ |
| ၁၀ | မကွေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ ဥပဒေပညာ ၁၅။ စီးပွားရေးပညာ |
| ၁၁ | ပုသိမ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ အဏ္ဏဝါသိပ္ပံ ၁၅။ ဥပဒေပညာ ၁၆။ စီးပွားရေးပညာ |
| ၁၂ | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ နိုင်ငံတကာဆက်ဆံရေးပညာ ၇။ ဂျပန်ဘာသာ ၈။ ဂျာမန်ဘာသာ ၉။ ရုရှားဘာသာ ၁၀။ တရုတ်ဘာသာ ၁၁။ ပြင်သစ်ဘာသာ ၁၂။ထိုင်းဘာသာ ၁၃။ကိုရီးယားဘာသာ ၁၄။ဘာသာဗေဒ ၁၅။ စပိန်ဘာသာ ၁၆။ အီတာလျံဘာသာ ၁၇။ လူမှုမနုဿဗေဒ |
| ၁၃ | စစ်တွေတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ အဏ္ဏဝါသိပ္ပံ ၁၅။ ဥပဒေပညာ ၁၆။ စီးပွားရေးပညာ |
| ၁၄ | မုံရွာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ နိုင်ငံတကာဆက်ဆံရေးပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ ၁၅။ ဥပဒေပညာ ၁၆။ စီးပွားရေးပညာ |
| ၁၅ | မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ ၆။ နိုင်ငံတကာဆက်ဆံရေးပညာ ၇။ ဂျပန်ဘာသာ ၈။ ဂျာမန်ဘာသာ ၉။ ရုရှားဘာသာ ၁၀။ တရုတ်ဘာသာ ၁၁။ ပြင်သစ်ဘာသာ ၁၂။ထိုင်းဘာသာ ၁၃။ကိုရီးယားဘာသာ ၁၄။ဘာသာဗေဒ ၁၅။ စပိန်ဘာသာ ၁၆။ အီတာလျံဘာသာ |
| ၁၆ | မြစ်ကြီးနားတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ ဥပဒေပညာ ၁၅။ စီးပွားရေးပညာ |
| ၁၇ | မုံရွာစီးပွားရေးတက္ကသိုလ် | ၁။ သင်္ချာ ၂။ ဘောဂဗေဒ ၃။ အသုံးချဘောဂဗေဒ ၄။ ဝါဏိဇ္ဇဗေဒ ၅။ စာရင်းအင်းပညာ ၆။ စီမံခန့်ခွဲမှုပညာ |
| ၁၈ | မန္တလေးအဝေးသင်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၁၉ | တောင်ငူတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ ဥပဒေပညာ ၁၅။ စီးပွားရေးပညာ |
| ၂၀ | ပြည်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ ဥပဒေပညာ ၁၅။ စီးပွားရေးပညာ |
| ၂၁ | ထားဝယ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ ဥပဒေပညာ ၁၅။ စီးပွားရေးပညာ |
| ၂၂ | ရတနာပုံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ နိုင်ငံတကာဆက်ဆံရေးပညာ ၉။ မနုဿဗေဒ ၁၀။ ရှေးဟောင်းသုတေသနပညာ ၁၁။ ဓာတုဗေဒ ၁၂။ ရူပဗေဒ ၁၃။ သင်္ချာ ၁၄။ သတ္တဗေဒ ၁၅။ ရုက္ခဗေဒ ၁၆။ ဘူမိဗေဒ ၁၇။ ကုန်ထုတ်ဓာတုဗေဒ ၁၈။ စာကြည့်တိုက်နှင့်သုတပညာ ၁၉။ဥပဒေပညာ ၂၀။စီးပွားရေးပညာ |
| ၂၃ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ နိုင်ငံတကာဆက်ဆံရေးပညာ ၉။ မနုဿဗေဒ ၁၀။ ဓာတုဗေဒ ၁၁။ ရူပဗေဒ ၁၂။ သင်္ချာ ၁၃။ သတ္တဗေဒ ၁၄။ ရုက္ခဗေဒ ၁၅။ ဘူမိဗေဒ ၁၆။ ကုန်ထုတ်ဓာတုဗေဒ ၁၇။ စာကြည့်တိုက်နှင့်သုတပညာ ၁၈။ ဥပဒေပညာ ၁၉။ စီးပွားရေးပညာ |
| ၂၄ | မိတ္ထီလာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၂၅ | ပခုက္ကူတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၂၆ | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | ၁။ သင်္ချာ ၂။ ဘောဂဗေဒ ၃။ အသုံးချဘောဂဗေဒ ၄။ ဝါဏိဇ္ဇဗေဒ ၅။ စာရင်းအင်းပညာ ၆။ စီမံခန့်ခွဲမှုပညာ |
| ၂၇ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ကုန်ထုတ်ဓာတုဗေဒ ၁၄။ ဥပဒေပညာ ၁၅။ စီးပွားရေးပညာ |
| ၂၈ | ကျောက်ဆည်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၂၉ | ဟသ်ာတတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၃၀ | ပင်လုံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၃၁ | မအူပင်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၃၂ | ဘားအံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၃၃ | ကလေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၃၄ | မြိတ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ အဏ္ဏဝါသိပ္ပံ ၁၄။ ဥပဒေပညာ ၁၅။ စီးပွားရေးပညာ |
| ၃၅ | လှိုင်ကော်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၃၆ | လားရှိုးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၃၇ | ကျိုင်းတုံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၃၈ | ဖန်းမော်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၃၉ | ပဲခူးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၄၀ | ရွှေဘိုတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၄၁ | စစ်ကိုင်းတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ဥပဒေပညာ ၁၄။ စီးပွားရေးပညာ |
| ၄၂ | ရေနံချောင်းတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ စီးပွားရေးပညာ |
| ၄၃ | မြင်းခြံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ စီးပွားရေးပညာ |
| ၄၄ | မိုးညှင်းတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ စီးပွားရေးပညာ |
| ၄၅ | အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ကွန်ပျူတာသိပ္ပံ ၅။ ဘောဂဗေဒ ၆။ စာရင်းအင်းပညာ ၇။ သတင်းအတတ်ပညာ ၈။ ခရီးသွားလုပ်ငန်းပညာ ၉။ စီမံခန့်ခွဲမှုနှင့်ဝါဏိဇ္ဇဗေဒ |
| ၄၆ | တောင်ကုတ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။မြို့ပြအင်ဂျင်နီယာ ၁၃။အီလက်ထရွန်နစ်အင်ဂျင်နီယာ ၁၄။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၁၅။ စက်မှုအင်ဂျင်နီယာ ၁၆။ ကွန်ပျူတာသိပ္ပံ ၁၇။ ကွန်ပျူတာနည်းပညာ |
| ၄၇ | မန္တလာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ဘူမိဗေဒ ၁၃။ ကွန်ပျူတာသိပ္ပံ ၁၄။ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုပညာ ၁၅။ စီးပွားရေးပညာ |
| ၄၈ | ဟားခါးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ရုက္ခဗေဒ ၁၃။စီးပွားရေးပညာ ၁၄။မြို့ပြအင်ဂျင်နီယာ ၁၅။အီလက်ထရွန်နစ်အင်ဂျင်နီယာ ၁၆။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၁၇။ စက်မှုအင်ဂျင်နီယာ ၁၈။ ကွန်ပျူတာသိပ္ပံ ၁၉။ ကွန်ပျူတာနည်းပညာ |
| ၄၉ | ဟုမ္မလင်းကောလိပ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ |
| ၅၀ | ကသာပညာရေးဒီဂရီကောလိပ် | ၁။မြန်မာစာ ၂။အင်္ဂလိပ်စာ ၃။သင်္ချာ ၄။ လူမှုရေးဘာသာရပ်များ (၁။ သမိုင်း ၂။ ပထဝီဝင် ၃။ ဘောဂဗေဒ) ၅။ ဖွံ့ဖြိုးရေးဘာသာရပ်များ (၁။ စက်မှု ၂။ ပန်းချီ ၃။ ဂီတ ၄။ ကာယ ၅။ စိုက်ပျိုးရေး) |
| ၅၁ | ကျိုင်းတုံပညာရေးဒီဂရီကောလိပ် | ၁။မြန်မာစာ ၂။အင်္ဂလိပ်စာ ၃။သင်္ချာ ၄။ လူမှုရေးဘာသာရပ်များ (၁။ သမိုင်း၂။ ပထဝီဝင် ၃။ ဘောဂဗေဒ) ၅။ ဖွံ့ဖြိုးရေးဘာသာရပ်များ (၁။ စက်မှု ၂။ ပန်းချီ ၃။ ဂီတ ၄။ ကာယ ၅။ စိုက်ပျိုးရေး) |
| ၅၂ | ကျောက်ဖြူပညာရေးဒီဂရီကောလိပ် | ၁။မြန်မာစာ ၂။အင်္ဂလိပ်စာ ၃။သင်္ချာ ၄။ လူမှုရေးဘာသာရပ်များ (၁။ သမိုင်း၂။ ပထဝီဝင် ၃။ ဘောဂဗေဒ) ၅။ ဖွံ့ဖြိုးရေးဘာသာရပ်များ (၁။ စက်မှု ၂။ ပန်းချီ ၃။ ဂီတ ၄။ ကာယ ၅။ စိုက်ပျိုးရေး) |
| ၅၃ | စစ်ကိုင်းပညာရေးဒီဂရီကောလိပ် | ၁။မြန်မာစာ ၂။အင်္ဂလိပ်စာ ၃။သင်္ချာ ၄။ လူမှုရေးဘာသာရပ်များ(၁။ သမိုင်း၂။ ပထဝီဝင် ၃။ ဘောဂဗေဒ) ၅။ ဖွံ့ဖြိုးရေးဘာသာရပ်များ(၁။ စက်မှု ၂။ ပန်းချီ ၃။ ဂီတ ၄။ ကာယ ၅။ စိုက်ပျိုးရေး) |
| ၅၄ | တောင်ကြီးပညာရေးဒီဂရီကောလိပ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ လူမှုရေး ဘာသာရပ်များ(၁။ သမိုင်း၂။ ပထဝီဝင် ၃။ ဘောဂဗေဒ) ၅။ ဖွံ့ဖြိုးရေးဘာသာရပ်များ(၁။ စက်မှု ၂။ ပန်းချီ ၃။ဂီတ ၄။ ကာယ ၅။ စိုက်ပျိုးရေး) |
| ၅၅ | တောင်ငူပညာရေးဒီဂရီကောလိပ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ လူမှုရေး ဘာသာရပ်များ(၁။ သမိုင်း ၂။ ပထဝီဝင် ၃။ ဘောဂဗေဒ) ၅။ ဖွံ့ဖြိုးရေးဘာသာရပ်များ(၁။ စက်မှု ၂။ ပန်းချီ ၃။ဂီတ ၄။ ကာယ ၅။ စိုက်ပျိုးရေး) |
| ၅၆ | ထားဝယ်ပညာရေးဒီဂရီကောလိပ် | ၁။မြန်မာစာ ၂။အင်္ဂလိပ်စာ ၃။သင်္ချာ ၄။ လူမှုရေးဘာသာရပ်များ(၁။ သမိုင်း ၂။ ပထဝီဝင် ၃။ ဘောဂဗေဒ) ၅။ ဖွံ့ဖြိုးရေးဘာသာရပ်များ(၁။ စက်မှု ၂။ ပန်းချီ ၃။ဂီတ ၄။ ကာယ ၅။ စိုက်ပျိုးရေး) |
| ၅၇ | ပခုက္ကူပညာရေးဒီဂရီကောလိပ် | ၁။မြန်မာစာ ၂။အင်္ဂလိပ်စာ ၃။သင်္ချာ ၄။ လူမှုရေးဘာသာရပ်များ(၁။ သမိုင်း ၂။ ပထဝီဝင် ၃။ ဘောဂဗေဒ) ၅။ ဖွံ့ဖြိုးရေးဘာသာရပ်များ(၁။ စက်မှု ၂။ ပန်းချီ ၃။ ဂီတ ၄။ ကာယ ၅။ စိုက်ပျိုးရေး) |
| ၅၈ | ပုသိမ်ပညာရေးဒီဂရီကောလိပ် | ၁။မြန်မာစာ ၂။အင်္ဂလိပ်စာ ၃။သင်္ချာ ၄။ လူမှုရေးဘာသာရပ်များ(၁။ သမိုင်း ၂။ ပထဝီဝင် ၃။ ဘောဂဗေဒ) ၅။ ဖွံ့ဖြိုးရေးဘာသာရပ်များ(၁။ စက်မှု ၂။ ပန်းချီ ၃။ ဂီတ ၄။ ကာယ ၅။ စိုက်ပျိုးရေး) |
| ၅၉ | ပြည်ပညာရေးဒီဂရီကောလိပ် | ၁။မြန်မာစာ ၂။အင်္ဂလိပ်စာ ၃။သင်္ချာ ၄။ လူမှုရေးဘာသာရပ်များ(၁။ သမိုင်း ၂။ ပထဝီဝင် ၃။ ဘောဂဗေဒ) ၅။ ဖွံ့ဖြိုးရေးဘာသာရပ်များ(၁။ စက်မှု ၂။ ပန်းချီ ၃။ ဂီတ ၄။ ကာယ ၅။ စိုက်ပျိုးရေး) |
| ၆၀ | ဘားအံပညာရေးဒီဂရီကောလိပ် | ၁။မြန်မာစာ ၂။အင်္ဂလိပ်စာ ၃။သင်္ချာ ၄။ လူမှုရေးဘာသာရပ်များ(၁။ သမိုင်း ၂။ ပထဝီဝင် ၃။ ဘောဂဗေဒ) ၅။ ဖွံ့ဖြိုးရေးဘာသာရပ်များ(၁။ စက်မှု ၂။ ပန်းချီ ၃။ ဂီတ ၄။ ကာယ ၅။ စိုက်ပျိုးရေး) |
| ၆၁ | ဘိုကလေးပညာရေးဒီဂရီကောလိပ် | ၁။မြန်မာစာ ၂။အင်္ဂလိပ်စာ ၃။သင်္ချာ ၄။ လူမှုရေးဘာသာရပ်များ(၁။ သမိုင်း ၂။ ပထဝီဝင် ၃။ ဘောဂဗေဒ) ၅။ ဖွံ့ဖြိုးရေးဘာသာရပ်များ(၁။ စက်မှု ၂။ ပန်းချီ ၃။ ဂီတ ၄။ ကာယ ၅။ စိုက်ပျိုးရေး) |

စာမျက်နှာ (၂၉) သို့




## ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဟားခါးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁-၂၀၂၂ ခုဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေကျပ် သန်း ၁၀၀ အထက် လုပ်ငန်းဖြစ်သော ဟားခါးမြို့၊ မြို့တော်ခန်းမ RC နှစ်ထပ်တည်ဆောက်ခြင်း လုပ်ငန်းအတိုင်းအတာ ပေ(၁၀၀ x ၆၀)ကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - ၁-၅-၂၀၂၂ရက် နံနက် ၉:၃၀နာရီမှ ၃၁-၅-၂၀၂၂ရက် ညနေ ၄:၃၀နာရီအထိ |
| တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် | - ၃၁-၅-၂၀၂၂ရက် ညနေ ၄:၃၀နာရီအထိ |
| တင်ဒါရွေးချယ်မည့်ရက်/အချိန် | - ထပ်မံကြေညာပါမည်။ |
| လျှောက်လွှာတင်သွင်းမည့်နေရာ | - ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဟားခါးမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်နှင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၇၀-၂၁၃၂၁၊ ၀၇၀-၂၁၃၂၄၊ ၀၉-၆၈၇၃၇၅၅၄၁၊ ၀၉-၂၆၂၆၉၉၅၉၁

**တင်ဒါကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၉၉-၁၁)၊ ဦးပိုင်အမှတ်(၅၉)၊ ၄၉လမ်းနှင့် ၅၀လမ်းကြား၊ အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်မြင့် ၁၂/ကမရ(နိုင်)၀၁၃၀၃၀က ဂရန်စာချုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တောင်းပန်ဖြေရှင်းအပ်ပါသည်

ဧပြီ ၂ ရက်တွင် အင်းစိန်မြို့နယ်(က+ခ) ရပ်ကွက်တွင် မီတာဖတ်ရန်လာသော တာဝန်ကျဝန်ထမ်းအား အမှတ် - ၇၇၄ အိမ်ရှင်အမျိုးသမီးမှ အထင်အမြင်မှားယွင်းပြောဆိုမိသည်ကို တောင်းပန်အပ်ပါသည်။ ထို့အတွက် သက်ဆိုင်ရာမှ ဧပြီ ၅ရက်တွင် ခေါ်ယူစုံစမ်း မေးမြန်းခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါဖြစ်စဉ်ကို လူမှုကွန်ရက်ပေါ်တွင် တာဝန်ကျဝန်ထမ်းအား ဒလန်ဟု စွပ်စွဲရေးသားမှုအချို့ ပေါ်ထွက်လာခဲ့ပါသည်။ တာဝန်ကျဝန်ထမ်းမှာ လူမှုဘဝ၊ ဝန်ထမ်းဘဝများစွာ ထိခိုက်ရပါသည်။ အိမ်ရှင်မှာလည်း SP လုပ်သည်ဟုထင်မြင်ယူဆခံရကာ လူမှုဘဝ များစွာထိခိုက်ရပါသည်။

သို့ဖြစ်ပါ၍ ဖြစ်စဉ်မှန်ကို အများသိရှိနိုင်ရန် ရှင်းလင်းတင်ပြအပ်ပါသည်။ ထိခိုက်နစ်နာခဲ့ရသော ဝန်ထမ်းနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအားလည်း ထပ်ဆင့်တောင်းပန်အပ်ပါကြောင်း၊ လူမှုကွန်ရက်ပေါ်ရှိ Account ပိုင်ရှင်များအားလည်း ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **အမှတ် ၇၇၄ အိမ်ရှင်မိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## စေတုတ္တရာမြို့နယ်တရားရုံး
## ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် - ၁၉

ဒုအရာခံဗိုလ် တင်စန်း **တရားလို** နှင့် ဒေါ်ချိုသွယ်မောင် **တရားပြိုင်**

သရက်မြို့၊ အနောက်ရပ်(တောင်ပိုင်း)နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဒုအရာခံဗိုလ်တင်စန်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် မေ ၁၀ ရက် (၁၃၈၃ ခုနှစ် တန်ခူးလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဧပြီ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲရင့်ဝင်း)**
**မြို့နယ်တရားသူကြီး**
**စေတုတ္တရာမြို့နယ်တရားရုံး**

## ဦးဇင်ငြိမ်းထွန်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သဲမိစံ ၉/ပမန(နိုင်)၁၅၇၄၈၀ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဇင်ငြိမ်းထွန်းနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သဲမိစံ ၉/ပမန(နိုင်)၁၅၇၄၈၀ ကိုင်ဆောင်သူနှင့် ဦးဇင်ငြိမ်းထွန်း ၈/ခမန(နိုင်)၁၈၈၉၉၀ ကိုင်ဆောင်သူတို့သည် ၁၂-၄-၂၀၂၂ ရက်တွင် အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီး ဖြစ်ပါ၍ ဦးဇင်ငြိမ်းထွန်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို ကျွန်ုပ်၏ မိတ်ဆွေမှ လုံးဝတာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း၊ ဦးဇင်ငြိမ်းထွန်းအနေဖြင့်လည်း ကွာရှင်းပြတ်စဲပြီးဖြစ်သော ကျွန်ုပ်၏ မိတ်ဆွေအပေါ် အနှောင့်အယှက် အဟန့်အတားတစ်စုံတစ်ရာ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်သဲမိစံ၏လွှဲအပ်ညွှန်ကြားချက်အရ ဦးဇင်ငြိမ်းထွန်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားခြင်းခံရသူ-** |
|---|---|
| **ဒေါ်သဲမိစံ** | **ဒေါ်ဖူးဖူးရတနာပြုံး** |
| **၉/ပမန(နိုင်)၁၅၇၄၈၀** | **(အထက်တန်းရှေ့နေ-စဉ်/၅၁၃၉၇)** |
| | **ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်** |
| | **ဖုန်း-၀၉-၇၉၀၄၃၄၃၄၁** |

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ (၂၆၃/က)နေ ဦးမျိုးမြင့်အောင် ၁၂/အစန(နိုင်)၀၄၇၉၃၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေသည် ဦးအောင်ခင်နှင့် ဒေါ်အေးကြွေတို့၏ သားသမီး (၅)ဦးအနက် ဩရသ သားကြီး တစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေမှ သားသမီး ဝတ္တရားမပျက် မိဘအပေါ် စောင့်ရှောက်ခဲ့သော်လည်း ၂၁-၄-၂၀၂၂ ခုနှစ်တွင် မိခင်သည် ''သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းစာချုပ်''ချုပ်ဆိုကာ မောင်နှမများ ရှေ့မှောက်၌ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခဲ့ပါသည်။ ထို့ကြောင့် မိခင်ဖြစ်သူ ဒေါ်အေးကြွေ၊ (ညီ) ဦးအောင်လွင်ဦး၊ (ညီမ)ဒေါ်ယဉ်ယဉ်စိုး၊ ဒေါ်ယဉ်ယဉ်အေးနှင့် ကျွန်ုပ်မိတ်ဆွေ ဆွေမျိုးအသိုင်းအဝိုင်းတို့သည် ကျွန်ုပ်မိတ်ဆွေနှင့် နောက်နောင်တွင် မည်သည့်ကိစ္စမဆို မည်သို့မျှ ပတ်သက်ဆက်သွယ်ခြင်း၊ စွက်ဖက်ခြင်း၊ စပ်ဆိုင်ခြင်းမရှိတော့သည့်အပြင် ကျွန်ုပ်မိတ်ဆွေလွတ်လပ်ခွင့်ကို မိခင်ဖြစ်သူနှင့် မောင်နှမများမှ နှောင့်ယှက်ဟန့်တားခြင်း မပြုကြပါစေကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီတာကြိုင် (LL.B,D.B.L)** | **ဒေါ်ဖြိုးဝေကြိုင် (LL.B,D.B.L,D.M.L, D.I.L, B.D.S)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၇၈)** |
| **ဖုန်း-၀၉-၇၉၇၅၄၉၄၁၂** | **ဖုန်း-၀၉-၂၆၀၀၁၀၇၅၅** |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ဃ/၇၈၆၁၀ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာဝင်း ၁၀/မလမ(နိုင်)၂၆၀၁၈၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာလမ်း၊ အမှတ်-၂၄၉၈(B)နေ ဦးစောအောင်ကြီး ၁၂/မရက(နိုင်)၁၄၈၈၅၉ ၏ သားမောင်ဇော်ဇော်လင်း ၁၂/ရပသ(နိုင်)၀၇၆၆၅၄ သည် ဖခင်နှင့် အဘွားဖြစ်သူအား ရိုင်းပျစော်ကားပြောဆိုမှုများ အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောအောင်ကြီး**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများနှင့် ကုန်စည်ပွဲရုံများ စီမံခန့်ခွဲရေးဌာန ကွပ်ကဲမှုအောက်ရှိ အောက်ဖော်ပြပါ ဈေးများမှ သန့်စင်ခန်းဝင်ခ ကောက်ခံခြင်းလုပ်ငန်းများအား အငှားချထားရန်အတွက် အိတ်ပိတ်တင်ဒါ အဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| နန္ဒဝန်ဈေး | မင်္ဂလာဈေးသစ်ဈေး |
| ရတနာသိင်္ဂီဈေး | သာကေတအမှတ်(၁)ဈေး |
| မြောက်ဥက္ကလာ အမှတ်(၂)ဈေး | မင်္ဂလာမွန်ဈေး |
| ဗဟိုစံပြငါးဈေး | ပုဇွန်တောင်ဈေးသန့်စင်ခန်းအမှတ်(၁) |
| သိမ်ကြီးဈေး(က+ခ)ရုံ | ပုဇွန်တောင်ဈေးသန့်စင်ခန်းအမှတ်(၂) |
| ကြည့်မြင်တိုင်ညဈေး | ဘိုကလေးဈေး |
| သိမ်ကြီးဈေး(ဂ)ရုံ | ရန်ကင်းမြို့မဈေး |
| သံဈေး | ကမာကဆစ်ဈေး |
| ညောင်ပင်လေးပလာဇာ | သီရိမင်္ဂလာဈေးသန့်စင်ခန်းအမှတ်(၁၊၂၊၃) |
| ဗိုလ်ချုပ်အောင်ဆန်းဈေး | သီရိမင်္ဂလာဈေးသန့်စင်ခန်းအမှတ်(၄၊၅) |
| သိမ်ကြီးဈေး(ဃ)ရုံ | ဘုရင့်နောင်ဈေး |
| စံပြဥယျာဉ်ဈေး | ပိတောက်မြိုင်ဈေး |
| ရွှေမင်္ဂလာဈေးသစ် | လှည်းတန်းဈေး |
| တာမွေယာယီဈေး | ထောက်ကြန့်-ရတနာသီရိဈေး |
| မင်္ဂလာတောင်ညွန့်ကြက်/ဘဲဈေး | အင်းစိန်ဈေးသန့်စင်ခန်းအမှတ်(၂) |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၄-၂၀၂၂ ရက်မှ ၂၁-၅-၂၀၂၂ ရက်ထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေး(ဂ)ရုံ၊ တတိယထပ်၊(အနောက်ပိုင်းခရိုင် စည်ပင်သာယာဈေးများရုံး) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၆-၅-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီ

၅။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့် ကုန်စည်ပွဲရုံများ စီမံခန့်ခွဲရေးဌာန၏ တယ်လီဖုန်းအမှတ်-၃၇၆၇၀၈နှင့် အနောက်ပိုင်းခရိုင် စည်ပင်သာယာဈေးများရုံး၏ တယ်လီဖုန်းအမှတ် -၀၉-၉၈၆၄၄၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အမည်နှင့် မွေးသက္ကရာဇ် အမှန်

ဖျာပုံမြို့နယ်၊ လက်ပန်ကျေးရွာနေ ဦးသန်းစိုး၏ သမီးဖြစ်သူ မခက်ခက်လှိုင်၁၄/ဖပန(နိုင်)၂၀၄၃၃၂၏ အမည်နှင့် မွေးသက္ကရာဇ်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ မခက်ခက်နိုင် ၈-၂-၁၉၉၈ အမှန် ဖြစ်ပါကြောင်း။ **မခက်ခက်နိုင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-၁)၊ ဦးပိုင်အမှတ်(၁၅၅)၊ ၇၃လမ်းပေါ်၊ မြဝတီမင်းကြီးလမ်းနှင့် ဆင်ဖြူရှင်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုဗိုလ်မှူးကြီးမောင်မောင်(ငြိမ်း) ၁၃/နခတ(နိုင်)၀၀၃၁၆၂က ဂရန်စာချုပ်၊ မြေချထားမိန့်၊ ငွေသွင်းပြေစာမူရင်းများပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်ပျောက်၊သက်တမ်းတိုးလျှောက်ထားစေပြီး ပျောက်ဆုံးသွားသော ဂရန်စာချုပ်အား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1C/6585 Toyota Hilux Surf S/W(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ထွန်း ၁၂/သဃက(နိုင်)၀၁၂၇၀၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## စလုံးပုံစံပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် X/9531 ၏ စလုံးပုံစံပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် စလုံးပုံစံ ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အမည်ပြောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် အထက မိုင်းဆတ်၊ တက္ကသိုလ်ဝင်တန်း(A)မှ (ဘ)ဦးသိန်းဇော် ၁၃/မဘန(နိုင်)၀၁၉၁၁၆၏သား မောင်ဂျိုးဆက်အား မောင်ဂျိုးဇက်စည်သူဟန် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဂျိုးဇက်စည်သူဟန်**

## မိဘအမည်မှန်

ကော့ကရိတ်မြို့၊ အထက(၁) Grade(6) အောင်မြင်ခဲ့သော မောင်သျှင်သန်လင်း၏ မိဘအမည်မှန်မှာ ဦးစောရွှေမော်နှင့် ဒေါ်အေးနီလာမင်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ကံဘဲ့၊ မြေကွက်အမှတ် ၆၄/က၊ ဧရိယာ ၀ဒသမ၀၅၉၈ဧက၊ မြေအမျိုးအစား-Bl၊ အမည်ပေါက် ဦးစိန် မြေကွက်တည်နေရာအမှတ်-၁၄၊ အောင်ဇေယျလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ် မြေကွက်အား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် ၆၅၁ အရ တရားလို ဒေါ်ကေသီလေးနိုင်က တရားပြိုင် ဦးစိန်အပေါ် ဝယ်ယူထားသည့် အိမ်နှင့်မြေအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုကြောင်း စွဲဆိုသောအမှုတွင် ချမှတ်သောစီရင်ချက်အနိုင်ဒီကရီနှင့် အမိန့်၊ ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်၁၆၂/၂၀၂၀(၃-၇-၂၀၂၀)ရက်စွဲပါ အမိန့်ဘိလစ်ခန့်စာများတင်ပြ၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ဘိလစ် ဒေါ်နီနီဝင်းကို ၇/ညလပ(နိုင်)၁၃၇၃၆၄က တရားရှုံး ဦးစိန်ကိုယ်စား အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ် အနောက်မြောက်ရပ်ကွက်၊ ရုံပွဲလမ်း၊ ကွင်းအမှတ် ၂N ကွင်းအမည်-အနောက် လမ်းမတော်ရပ်-ဦးပိုင်အမှတ်-၉၁ ဧရိယာ ၀ဒသမ၀၉၃ ဧကရှိ မိခင်ဒေါ်အေးပိုင်ဆိုင်သောမြေနှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်မ ဒေါ်ပေါက်စမှ ရရှိခဲ့ပြီးဖြစ်သဖြင့် ကျွန်မ ဒေါ်ပေါက်စ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး လျှောက်ထားမှုပြုလုပ်မည်ဖြစ်ရာ မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် ယခုမြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး လျှောက်ထားမှုနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက အထောက်အထား ပြည့်စုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မ ဒေါ်ပေါက်စထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပေါက်စ(ဘ)ဦးကျော်ရှိန် ၇/ကပက(နိုင်)၀၀၉၈၄၂**
**ရုံပွဲလမ်း၊ အနောက်မြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ညောင်ဦးမြို့၊ အမှတ်(၆)၊ အောင်မြေသာရပ်၊ အောင်မြေသာ(၄)လမ်းနေ ဦးညွှန့်ဝေ ၉/ညဥန(နိုင်)၀၀၁၉၄၉နှင့် ဒေါ်နွဲ့နွဲ့ဝင်း ၉/ညဥန(နိုင်)၀၀၁၉၆၂တို့၏သမီးကြီး မခိုင်ခိုင်စိုးသည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ- ဦးညွှန့်ဝေ -ဒေါ်နွဲ့နွဲ့ဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ် -၂၅၂၊ မြေကွက်တည်နေရာအမှတ် (၂၅၂)၊ မြတ်မွန်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစံအေး (WKA-၀၆၈၆၉၉) အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးစံအေး (ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်ကျင်တီ (ကိုယ်စား General Power-၁၂၇၀၉/၂၀၁၅) (၁၁-၁၂-၂၀၁၅)ရရှိသူ ဒေါ်တိုးတိုးလွင် ၁၂/ဥကတ(နိုင်)၁၁၂၇၃၁မှ ဂရန်မူရင်း၊ ဦးစံအေး သေဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံစာ၊ သေစာရင်းရှာဖွေမတွေ့ရှိကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ ပြန်ကြားစာ၊ GP မူရင်း၊ ဒေါ်ကျင်တီသက် ထင်ရှားရှိပြီး GP မရုပ်သိမ်းသေးကြောင်း ဒေါ်တိုးတိုးလွင်၏ ကျမ်းကျိန်လွှာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးစံအေး၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပြီး တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဒေါ်ကျင်တီ ၏ကျမ်းကျိန်လွှာ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မြေပုံမြို့နယ်၊ မောင်ရှင်ကျေးရွာနေ မသဇင်မိုး ၁၁/မပတ(နိုင်)၀၈၂၅၆၃ ၏ ဖခင်အမည်မှန်မှာ ဦးလောရင်း ဖြစ်ပြီး၊ ကျွန်မ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၉-၃-၂၀၀၁ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/4567 Toyota Wish ANE 10 (S/W) (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၂/မဘန(နိုင်)၀၇၉၂၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/6225 Toyota Corolla Fielder. S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နီဦး ၁၂/ဒဂရ(နိုင်)၀၀၂၉၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သစ်စက်လမ်း၊ အမှတ်(   )နေ ဦးမြင့်ရွှေ (TGA - ၀၀၀၄၈၇) နှင့် ဒေါ်စန်း ၁၂/သခန(နိုင်)၀၀၅၂၆၀ တို့၏သမီး မခိုင်စံပယ်ဦး ၁၂/သခန(နိုင်)၁၀၈၈၇၇သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ နေ့စဉ်နှင့်အမျှ မိခင်ဖြစ်သူ ကိုယ်စိတ်နှစ်ပါး စိတ်ဆင်းရဲစေရန် ကိုယ်နှုတ်အမူအရာတို့ဖြင့် ရိုင်းစိုင်းစွာပြောဆိုရန်ပြုမူများ ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်း**
**၁၂/သခန(နိုင်)၀၀၅၂၆၀**

## ဦးလှဖေ (မော်လမြိုင်ကျွန်း)
## မော်ကွန်းဝင်ပထမအဆင့် နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်
## အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ၁၅၁ လမ်း၊ အမှတ် (၂၁)နေ (ဦးမောင်ဆိုင်-ဒေါ်အုန်းသင်)တို့၏သား၊ (ဒေါ်ပိုက်ပိုက်)၏ ခင်ပွန်း၊ ဦးနေမျိုးအောင်-ဒေါ်ခင်စန်းမြင့်၊ ဦးဘိုနီ-ဒေါ်ညိုညို၊ ဦးသိန်းစိုး-(ဒေါ်ချိုချို)၊ ဦးနေမင်း အောင်၊ (ဦးဇော်နိုင်)၊ (ဦးမော်နိုင်)-ဒေါ်စန်းစန်းဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၁ယောက်၊ မြစ် ၁၁ ယောက်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၇-၄-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းနု (စစ်တွေမြို့)
## အ.ထ.ပြ(ငြိမ်း)
## အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးသာနို့အောင်-ဒေါ်ဦးစိန်ဖြူ)တို့၏ သမီး၊ [ဦးကျော်စိန် (တိုင်းရင်းဆေးရုံအုပ်)]၏ ချစ်လှစွာသော ဇနီး၊ ဒေါ်ခင်မြတ်ကျော်(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းရင်းဆေးရုံကြီး)၊ ဦးတင့်လွင်(တိုင်းဒေသကြီးဦးစီးမှူး၊ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန)-ဒေါ်ခင်မေကျော်(အာကာစိုးတိုင်းရင်းဆေး)၊ ဦးမြင့်သန်း(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ခင်အေးကျော်(အလပြ၊ အထက-၂၊ ဒဂုံ)၊ ဒေါ်နုသန္တာအောင်(ဦးစီးအရာရှိအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး)တို့၏ မိခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်သိန်းနုသည် ၂၇-၄-၂၀၂၁ (အင်္ဂါနေ့) နံနက် ၅:၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးရဲမင်းထွဋ် (ငြိမ်း)
## ကြည်း-၁၂၇၇၉
## ဗိုလ်သင်တန်းအမှတ်စဉ် (၄၇)
## အသက် (၇၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ ကန်ရိုးကျေးရွာ၊ နယ်မြေ (၁)နေ (ဒေါ်ခင်မေသက်)၏ခင်ပွန်း၊ ဒေါ်မေသန္တာထွဋ်၊ ဒေါ်မေသဇင်ထွဋ်၊ ဒေါ်မေစိုးစန္ဒာထွဋ်၊ ဦးအောင်ဟိန်း၊ ဒေါ်အိသိင်္ဂီအောင်တို့၏ ချစ်လှစွာသောဖခင်သည် ၂၇-၄-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၁ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကန်ရိုးကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၇) မှ သူငယ်ချင်းများ

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/2136 Toyota Probox Ncp51 Station Wegon(4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ခိုင် ၉/မနမ(နိုင်)၀၈၃၉၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဓယ/၉၃၄၃၄ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွန်း ၁၀/မလမ(နိုင်)၁၈၁၉၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး
(မော်လမြိုင်မြို့)

---

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၀ပြည့်နှစ် တရားမပြင်ဆင်မှုအမှတ် ၃၇၇

| | | |
|---|---|---|
| ဦးဆန်းမောင် | နှင့် | ၁။ ဦးသိန်းဇံ |
| | | ၂။ ဒေါ်မေဇာသွင် |
| | | ၃။ ဦးမောင်မောင်(ခ)ဦးလှဝင်း |
| လျှောက်ထားသူ | | လျှောက်ထားခံရသူများ |

၂၀၂၀ပြည့်နှစ် ဇူလိုင် ၉ရက်စွဲပါ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၆၃/၂၀၁၇ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၈၇)၊ ပထမထပ်(ခေါင်းရင်းခန်း)နေ လျှောက်ထားခံရသူအမှတ်(၁) ဦးသိန်းဇံ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ယခုအမှုတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင် စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၁ ခုနှစ်၊ မေ ၂၄ရက် (၁၃၈၃ခုနှစ် ကဆုန်လဆန်း ၁၄ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ခုနှစ် ဧပြီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမြင့်ဦး)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ဗလ္လိက(၁၃)လမ်း၊ မြေကွက်အမှတ်(၂၈၃/က) နှင့် (၂၈၃/ခ)၊ အကျယ်အဝန်း တစ်ကွက်လျှင် (၂၀ပေ× ၆၀ပေ) စီရှိ ဒေါ်ဆွေဆွေစိုး(၁၂/လမန(နိုင်)၀၂၇၃၇၁) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ဆွေဆွေစိုး (၁၂/လမန(နိုင်) ၀၂၇၃၇၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးဇော်မျိုးနိုင် |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |
| Hein Htet San Law Firm | ၀၉၅၅၀၆၁၄၆၊ ၀၉၂၅၀၂၉၀၇၈၁ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊(၁/ ၁၀) ရပ်ကွက်၊ ပိတောက်လမ်းမ၊ အမှတ် ၁၈၅/က၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ ဒေါ်ကြည်ကြည်မြင့် အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်တင်တင်ခိုင် ၁၂/လမတ(နိုင်) ၀၂၆၄၁၈ ထံမှ ၂၅-၄-၂၀၂၁ရက်စွဲဖြင့် နှစ်ဦးသဘောတူ အိမ်ခြံမြေ အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆို၍ ဒေါ်ခိုင်ခိုင်သင်း ၁၂/အစန(နိုင်)၀၆၆၈၈၅၊ ဒေါ်နှင်းယုဝေ ၁၂/ အစန(နိုင်) ၁၉၉၄၁၁၊ ဒေါ်ယုယုကို ၁၂/ အစန(နိုင်)၂၁၅ ၆၃၁ တို့မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သွယ်သွယ်ထွေး (LL.B,D.B.L)တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၂၃၇)
စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း- ၀၉- ၄၂၀၀၄၁၁၃၇

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ အမှတ်(၁၉၀)နေ မအင်ခွမ်ဆိုင်းမိုင်နှင့် မအင်ခွန်ဆိုင်းမိုင် ၁/ကမန(နိုင်)၀၅၂၉၁၁ မှာတစ်ဦးတည်းဖြစ်ပြီး ၎င်း၏ဖခင် ဦးနော်အောင် (ခ) ဦးအင်ခွန်နော် ၁/ကမန(နိုင်) ၀၄၁၆၂၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/7624 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုးမြို့)

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/3225 Toyota Corolla S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဥမ္မာ ၁၂/ဥကမ(နိုင်)၀၄၅၇၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

---

## လုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ ပဒေသာပင်မြို့တော်(FMI City) ဂိတ်ပေါက်များတွင် ခေတ်နှင့်အညီ ကားအဝင်အထွက်များကို Smart Card (သို့မဟုတ်) Sensor စနစ်များပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါသည်။ ပထမဦးစွာ စမ်းသပ်သည့်အနေဖြင့် Main Gate အားစတင်စမ်းသပ်ဆောင်ရွက်မည်ဖြစ်ပြီး အဆင်ပြေပါက ဝင်/ထွက် ဂိတ်ပေါက် (၅)ခုစလုံး တပ်ဆင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီများမှ အောက်ပါလိပ်စာတွင် ၁၀-၅-၂၀၂၁ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း အောက်ပါအချက်များပေါ်အခြေခံ၍ ဈေးနှုန်းတင်သွင်းလွှာ (Quotation) များကို ကုမ္ပဏီ Profile နှင့်အတူ လူကိုယ်တိုင်လာရောက်တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အသုံးပြုမည့်စနစ်
(ခ) မော်တော်ယာဉ်အရေအတွက်ပေါ်မူတည်၍ ကုန်ကျစရိတ်
(ဂ) အာမခံစနစ်
(ဃ) ပြုပြင်ထိန်းသိမ်းမှုစနစ်
(င) အခြားလိုအပ်သည်ဟု ယူဆရသော အချက်များ

ပဒေသာပင်မြို့တော်၊ အိမ်ပိုင်ရှင်များအသင်း(လှိုင်သာယာ)
ဖုန်း-၀၉-၇၆၅၀၀၂၆၀၄၊ ၀၉-၄၀၅၈၀၀၁၂၀

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/4996 AR MAHN Thi7 L/T (1) p/u (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မင်း ၇/ပခန(နိုင်)၀၃၇၃၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ အမှတ်(၁၅၇၅) နေ မသီတာသိန်း ၁/မကန(နိုင်)၁၈၂၆၀၁၁၏ ဖခင် ဦးဆန်နီ (ခ)ဦးဆန်နီရမ်း ၁/မကန(နိုင်)၀၈၅၄၂၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မောင်တောမြို့နယ်၊ မြို့မအရှေ့ရပ်ကွက်နေ ဦးဘသိန်း၏သမီး ဒေါ်မိဖြူဖြူသိန်း(ခ)ဒေါ်မိဖြူ ၁၁/မတန(နိုင်) ၀၀၇၀၆၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## တိုက်ခန်းအပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၀)ရပ်ကွက်၊ နဝရတ်လမ်းမကြီးပေါ်တွင်တည်ရှိသည့် အလင်းတန်း၊ အိုးဘိုသစ်ဆိပ်၊ စားသုံးသူသမဝါယမအသင်း မြေနေရာတွင် ဆောက်လုပ်ထားသော အလင်းတန်းအဆောက်အအုံတွင် ပါဝင်သော (၄)ခန်းတွဲ (၆)ထပ်တိုက်၏ အခန်းအမှတ်(၅၀၁)၊ ပဉ္စမထပ်၊ အကျယ်အဝန်း ပေ(၁၅x၄၀)ရှိ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါက်တာသန်းလွင်ဦး ၁၂/သကတ(နိုင်)၁၁၉၄၀၉ ထံမှ (၂၅-၁၁-၂၀၂၀)ရက်စွဲပါ နှစ်ဦးသဘောတူအလင်းတန်းတိုက်ခန်း အရောင်းအဝယ်စာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသူဖြိုး ၁၂/သကတ(နိုင်)၁၅၇၅၅၆က တိုက်ခန်းအရောင်း တန်ဖိုးငွေအား အပြည့်အဝအပြေအကျေပေးချေ၍ အပြီးအပိုင် ဝယ်ယူထားပြီး လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိကြောင်းနှင့် အဆိုပါတိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူ ဒေါ်မေသူဖြိုး၏သဘောတူညီမှုမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၈၂)
အမှတ်(၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၉၂၈၆၇

---

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အသိပေးကြေညာခြင်း

ချောက်မြို့၊ ကွက်သစ်အရှေ့ရပ်၊ အမှတ်(၅၉၉)နေ ဦးမြင့်၏ သမီး ကျွန်မ ဒေါ်မော်မော် ၈/ခမန(နိုင်)၀၄၇၇၃၈မှ ချောက်မြို့နေ ဦးအောင်ခင်၏သား ဦးဇော်မင်း ၈/ခမန(နိုင်)၀၄၇၇၃၉ အား ချောက်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁-၉-၂၀၀၀)ရက်စွဲပါ စာချုပ်စာတမ်းအမှတ် (၁၂/၂၀၀၀)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ခြင်းအား ကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မော်မော်(ချောက်မြို့)

---

## အများသိစေရန် ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ (၁)တွင် နေထိုင်သော ဒေါက်တာ နန်းဆိုင်အေး ၁၃/လရန(နိုင်) ၀၇၈၄၂၈ နှင့် ဒေါ်အေးနွံ ၁၃/ တယန(နိုင်)၀၀၄၂၁၇ ၊ ဦးအောင်ဝင်း ၁၃/ လရန(နိုင်) ၀၇၈၆၃၀၊ ဒေါ်ချိုချိုနွယ် ၁၃/လရန(နိုင်) ၀၇၈၆၂၉၊ ဦးကျော်ကျော် ၁၃/ လရန(နိုင်)၀၇၈၆၂၆ ၊ ဒေါ်သီတာဦး ၁၃/လရန(နိုင်)၀၇၈၆၃၁ တို့သည် (ဘ)ဦးဟာရှင်နှင့် (မိခင်)ဒေါ်နန်းရွက်တို့မှ မွေးဖွားသော မောင်နှမအရင်းများ ဖြစ်ကြပါသည်။ ၉-၄-၂၀၂၁ရက်တွင် ကွယ်လွန်ပြီးဖြစ်သော ဒေါက်တာနန်းဆိုင်အေးသည် အိမ် ထောင်မရှိသူ အပျိုကြီးဖြစ်ပါသောကြောင့် အစ်မကြီး၏ အမည်ပေါက်ပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် ရန်ကုန်မြို့အတွင်းရှိ ကွန်ဒိုတိုက်ခန်းများအားလုံးသည် ကျွန်တော် ကျွန်မတို့၏မောင်နှမအရင်းများနှင့်သာ သက်ဆိုင်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်ကျွန်မတို့၏ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ဒေါက်တာနန်းဆိုင်အေး အမည်ပေါက် ပိုင်ဆိုင်မှုများအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ ဂရန်သက်တမ်းတိုးခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အေးနွံ၊ ဦးအောင်ဝင်း၊ ဦးကျော်ကျော်၊ ဒေါ်ချိုချိုနွယ်၊ ဒေါ်သီတာဦး

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/6253 Toyota Probox S/W ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူရ ၉/လဝန(နိုင်)၁၉၂၉၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၂၀) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၃၅၈/ခ)၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ဦးအောင်ဝင်းအမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နွယ်နီလှိုင် ၁၂/လသယ(နိုင်)၂၁၅၀၅၀ထံမှ ၂၇-၄-၂၀၂၁ရက်စွဲဖြင့် နှစ်ဦးသဘောတူမြေ ကွက်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဒေါ်တင်မေထွန်း ၁၂/လသယ(နိုင်)၀၄၁၈၉၂ မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သွယ်သွယ်ထွေး (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၃၇)
စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၀၀၄၁၁၃၇

---

## အများသိစေရန် ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ (၈)၊ အကွက်အမှတ် (၆၃)၊ ဦးပိုင်အမှတ် (၄၈) မြေကွက်ကို ဦးကျော်ညွှန့် (AT- ၀၁၃၃၄၁) နှင့်ဇနီး ဒေါ်ရီ (CZ-၀၀၀၀၃၅)တို့က ပိုင်ဆိုင်ပြီး ၎င်းတို့နှစ်ဦး ကွယ်လွန်ပြီးဖြစ်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသည့် ဒေါ်ချိုချိုလွင် ၁၃/ လရန(နိုင်)၀၅၁၅၅၅၊ ဦးကျော်စိုးမိုး ၁၃/နခန(နိုင်)၀၀၆၉၉၂ ၊ ဦးအောင်အောင် ၈/စတရ(နိုင်)၀၃၉၄၇၇ ၊ ဒေါ်နီနီ ကျော် ၁၃/လရန(နိုင်)၀၀၀၅၇၅ နှင့် ဒေါ်ရီရီကျော် ၁၃/လရန(နိုင်)၀၀၀၅၇၆ မောင်နှမ (၅)ဦးက အမွေစားအမွေခံအဖြစ် ၉-၄-၂၀၂၁ ရက်စွဲပါ ကျမ်းကျိန်လွှာ ၂၁၃/၂၀၂၁ ဖြင့် လားရှိုးမြို့နယ် တရားရုံး၌ ကျမ်းကျိန်လွှာ ပြုလုပ်ပြီးဖြစ်ပါ၍ ယင်းမြေကွက်ပေါ်ရှိ မြေ ၀ဒသမ ၄၂ ဧကမှ အပကျန်မြေများအားဖော်ပြပါ သားသမီး(၅)ဦး ပူးတွဲပိုင်ဆိုင်မှုကို ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉- ၂၅၈၀၄၀၄၁၅

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/6751 TOYOTA HIACE KZH100 MICRO BUS ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုနွဲ့ ၇/အတန(နိုင်)၀၈၇၈၁၈ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

---

## အများသိစေရန်ကြေညာခြင်း

အမှတ် (မ/၄၂၉)၊ စန္ဒာလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့တွင် နေထိုင်သော ကျွန်မ ဒေါ်ခင်မာဆွေ၏သားကြီး ကိုသန်းနိုင်ဦး(ခ)ကိုစောထွေး ၁၃/တကန(နိုင်)၁၉၀၀၇၆ ကိုင်ဆောင်သူသည် ယခုလက်ရှိအချိန်အထိ အိမ်ထောင်နှင့် သား၊ သမီးမရှိသောသူတစ်ဦး ဖြစ်ပါသည်။ ယခုကဲ့သို့ အများသိစေရန် ၂၇-၄-၂၀၂၁ရက် အတိအလင်းကြော်ငြာပြီးသည့်အချိန်မှစ၍ နောင်တစ်ချိန်တွင် ပြင်ပလောက၌သော်လည်းကောင်း၊ Social Media များပေါ်၌ သော်လည်းကောင်း ကျွန်မ၏သားဖြစ်သူအား ကိုယ်ကျင့်သိက္ခာကျဆင်းစေရန် ရည်ရွယ်သော အသရေဖျက်စွပ်စွဲနေမှုများ ထပ်မံဖြစ်ပေါ်လာပါက မည်သူ့ကိုမဆို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မာဆွေ
၁၃/တကန(နိုင်)၀၇၉၉၈၆

---

## ကြော်ငြာစာ

ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာ အလယ်ပိုင်း ရွှေတောင်သူ စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းလီမိတက် ပိုင်ဆိုင်သော ကွင်း အမှတ်(၄၂) မြေရေိယာ /ဧက ၀ဒသမ ၃၀ ၊ အမှတ်(၂၁၀)၊ အလျား (၁၄၄)ပေ၊ အနံ (၁၀၀)ပေ၊ မြေမျိုးနှင့် အတန်း (ရွာမြေ)၊ အိမ်ခြံမြေ (အုတ်တပ် နှစ်ထပ်) ကို ရောင်းချမည်ဖြစ်ပါကြောင်း အများပြည်သူ သိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

ဆက်သွယ်စုံစမ်းရန်- ဦးလင်းထိုက်(ဥက္ကဋ္ဌ)
ရွှေတောင်သူ စိုက်ပျိုးရေးနှင့် အထွေထွေ
သမဝါယမအသင်းလီမိတက်
ဖုန်း- ၀၉- ၇၉၃၀၇၈၀၄၇

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/9383 Toyota Probox SW(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း၁၂/အစန(နိုင်)၁၁၈၅၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

# အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာသက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများ ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းများအနက် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံခဲ့ရသူများ ရှိသကဲ့သို့ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ဥပဒေကြောင်းအရ အရေးယူခံခဲ့ရသူများလည်းရှိပါသည်။

၂။ အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအနက်မှ အချို့သည် CDM လှုပ်ရှားမှုများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သူများ ရှိသကဲ့သို့ အချို့သောဝန်ထမ်းများမှာ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကိုစိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသူများလည်း ရှိကြပါသည်။

၃။ CDM လှုပ်ရှားမှုတွင် ပါဝင်မှုကြောင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့မှု မရှိခဲ့သည့်အပြင် အထက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့်သာ ပါဝင်ခဲ့ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက အောက်ဖော်ပြပါအချက်များကို အခြေခံ၍ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုထားမှုများအား ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ပါသည်-

စာမျက်နှာ ၂၃ ကော်လံ ၁ ❖



# ONE လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် အောင်လအန်ဆန်နှင့် ဒီရစ်ဒါ ယှဉ်ပြိုင်ထိုးသတ်မည်

ONE Championship က စီစဉ်သည့် ONE ON TNT IV အမည်ရပြိုင်ပွဲကို ဧပြီ ၂၉ ရက် မြန်မာစံတော်ချိန်နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး အဓိက တွဲဆိုင်းအဖြစ် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲဖြစ်သော လက်ရှိချန်ပီယံ မြန်မာ MMA ကစားသမား အောင်လအန်ဆန်နှင့် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါတို့ ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် တွဲဆိုင်းခြောက်ပွဲ ပါဝင်မည်ဖြစ်ပြီး အမေရိကန်ပရိသတ်များအတွက် ရည်ရွယ်ကာ ဧပြီ ၂၈ ရက် ညပိုင်းတွင် ကြည့်ရှုနိုင်ရန် စီစဉ်ထားသဖြင့် စင်ကာပူနိုင်ငံ၌ ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အဓိက တွဲဆိုင်းအဖြစ် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲဖြစ်သော အောင်လအန်ဆန်နှင့် ဒီရစ်ဒါတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အခြားစိန်ခေါ်ပွဲများအဖြစ် အဒီးအယ်လ် ဗာရက် (အမေရိကန်)နှင့် အော့ရေးယွန်း (တောင်ကိုရီးယား)၊ အခြားစိန်ခေါ်ပွဲများအဖြစ် အူမာကာနီ (ဆီနီဂေါ)နှင့် ဂျီရီချင်ကို (ဘီလာရုစ်)၊ ဖိုလာရန် (ဖိလစ်ပိုင်) နှင့် ရှင်ရာ အေအိုကီ (ဂျပန်)၊ အမျိုးသမီး တွဲဆိုင်းများအဖြစ် ဂျက်ကီဘူတန် (အမေရိကန်) နှင့် ဗန်ဒါယီဗာ (ဘီလာရုစ်)၊ နေ့သ်ကတ် (အမေရိကန်) နှင့် မာတင် (ဩစတြေးလျ)တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ အောင်လအန်ဆန်သည် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲအဖြစ်

စာမျက်နှာ ၂၃ ကော်လံ ၁ ●

## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ဝန်ကြီးဟောင်း ဒေါ်နီလာကျော်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

စာ » ၁၇

................

## ဆူပူအကြမ်းဖက်သူလူစုအုပ်စုများက အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များလုပ်ဆောင်

စာ » ၂၅

# ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပီအက်စ်ဂျီအိမ်ကွင်းတွင် မန်စီးတီးအသင်း အသာစီးရယူထားနိုင်မလား

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် ပြင်သစ်နာမည်ကြီး ပီအက်စ်ဂျီအသင်းနှင့် ပရီမီယာလိဂ်အသင်းကြီး မန်စီးတီးအသင်းတို့ပွဲစဉ်ကို ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ပီအက်စ်ဂျီအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် တစ်ဖက်သုံးဂိုးစီတူညီနေသော်လည်း အဝေးဂိုးစည်းမျဉ်းအရ ပီအက်စ်ဂျီအသင်း နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းကလည်း အဆိုပါအဆင့်တွင် ဘွန်ဒက်စ်လီဂါကလပ် ဒေ့ါမွန်နှင့် ဆုံတွေ့ခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် သုံးပွဲတွင် သုံးပွဲစလုံးနိုင်ပွဲရရှိထားသည့်အတွက် ခြေစွမ်းတည်ငြိမ်မှုရှိနေသည်ကို တွေ့ရသည်။ လီဂူးဝမ်းတွင်လည်း ဦးဆောင်သူ လိုင်လီအသင်းနှင့် ရမှတ်ကွာဟမှု တစ်မှတ်သာ ရှိသောကြောင့် အမှတ်ပေးဖလား ဆွတ်ခူးရန် အားကောင်းနေသည့် အသင်းဖြစ်သည်။ ပြိုင်ဘက်မန်စီးတီးအသင်းသည် ဧပြီ ၂၅ ရက် နံနက်ပိုင်းက ကာရာဘောင်ဖလား ဗိုလ်လုပွဲအဖြစ် စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲကစားချိန် ၈၂ မိနစ်တွင် ရရှိခဲ့သော လာပေါ်တေး၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိကာ လေးနှစ်ဆက် ကာရာဘောင်ဖလားကို ဆွတ်ခူးထားသည့် အသင်းဖြစ်သည်။ သို့သော်လည်း မန်စီးတီးအသင်းသည် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဖြစ် ဧပြီ ၁၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချယ်ဆီးအသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့်

စာမျက်နှာ ၂၃ ကော်လံ ၅ ❈